www.dhammaransi.com

အမျှဝေသောစုခေါ်ခြင်းဖြင့်
ဒုဂ္ဂတိဘဝမှ သုဂတိဘုံ သို့ရောက်ရှိသွားကြပုံ
ဖြစ်ရပ်မှန် အတွေ့အကြုံများ

# ရကြပါစေ အမျှဝေ၏

တက္ကသိုလ်
ချစ်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)



www.dhammaransi.com

အမျှဝေ သာဓုခေါ်ခြင်းဖြင့်

ဒုဂ္ဂတိဘဝမှ သုဂတိဘုံသို့ရောက်ရှိသွားကြပုံ

ဖြစ်ရပ်မှန်အတွေ့အကြုံများ

# ရကြပါစေ အမျှဝေဓော်

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဖြန့်ချိရေး ✠ မြဝတ်ပန်းရဂုံ့စာပေ

အမှတ် ၉၁၉၊ ဈ-ရပ်ကွက်၊ ရော(၆)လမ်း၊

မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

www.dhammaransi.com

စာမူခွင့်ပြုချက် ● ၂၅/၉၇ (၂)
မျက်နှာဖုံးခွင့်ပြုချက် ● ၁/၉၇ (၅)
ထုတ်ဝေသည့်လ ● ၁၉၉၇၊ ဇွန်လ
အကြိမ် ● ပထမအကြိမ်
အုပ်ရေ ● ၅၀၀
မျက်နှာဖုံးပန်းချီ ● ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ ● *SUNN SCANGRAPHIC*
ကွန်ပျူတာစာစီ ● ကောင်းမွန် (☎- ၂၈၇၇၁၅)

**ထုတ်ဝေသူ**

မောင်ရဲမြင့် (မြဲ-၀၁၀၄၉)၊ တက်လမ်းစာပေ
အမှတ် ၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း၊
အင်းစိန်မြို့နယ်။

**ပုံနှိပ်သူ**

ဦးကျော်ငွေး (မြဲ-၀၂၇၇၃)၊ ရွှေဇင်ကျော်ပုံနှိပ်တိုက်
အမှတ် ၂၅၁၊ ၃၉-လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

**တန်ဖိုး - ကျပ်ခြောက်ဆယ့်ငါးတိတိ**

www.dhammaransi.com

# မာတိကာ

*****

## အမှာစာ

## အခန်း(၁)

## ရကြပါစေ အမျှဝေ၏


အမျှဝေခြင်းဟူသည် ---------------------------- ၁

ပတ္တိဒါန (အမျှဝေမှု) ----------------------------- ၂

ပတ္တာနုမောဒန (သာဓုခေါ်မှု) ------------------- ၃

တစ္ဆေ၊ သရဲ၊ သဘက်ဖြစ်ရသည့်အကြောင်းရင်းများ--- ၁၀

ဥပမာသာဓက ---------------------------------- ၁၇

ပြိတ္တာ တစ္ဆေစသည်တို့၏ သဘောသဘာဝများ ------ ၁၉

ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့သွားလာကျက်စားချိန် --------- ၂၂

တစ္ဆေခြောက်ခြင်း ------------------------------ ၂၃

တစ္ဆေသူရဲပူးကပ်ခြင်း ---------------------------- ၂၅

မှင်စာ၊ ဥစ္စာစောင့်နှင့်ကျတ် --------------------- ၂၆

လူဘက်က ကံဇာတာနိမ့်လျှင်၊ အနံ့ပေးမှု ----------- ၂၈

တစ္ဆေကျွေးအခေါ်အဝေါ်များ -------------------- ၂၉

စုန်း ------------------------------------------ ၃၀

စုန်းတို့ ပူးခြင်းကပ်ခြင်းသဘော ------------------ ၃၁

www.dhammaransi.com

စတုမဟာရာဇ်အောက်နတ်များ -------------------- ၃၃
နတ်ပူးခြင်းကပ်ခြင်းသဘော ------------------------ ၃၅
တစ္ဆေသရဲတို့သေဆုံးပုံ ---------------------------- ၃၆
ပြိတ္တာအမျှဝေမှုအစ ဘုရင်ဗိမ္ဗိသာရ --------------- ၃၇
ရည်ညွှန်းအလှူပြိတ္တာတို့မရသော် ------------------- ၆၁
ပြိတ္တာတို့၏ အကုသိုလ်အပြစ်နှင့်ခံစားရပုံ ----------- ၆၈
မရေတွက်နိုင်များစွာအပါယ်သတ္တဝါ ---------------- ၇၃
သေသူအတွက်ဆောင်ရွက်ရန်နည်းလမ်း ------------ ၇၆

## အခန်း(၂)
## အမျှရ၍ချမ်းသာကြသည် (၁)

အမျှရ၍ချမ်းသာခြင်း (၂)မျိုး---------------------- ၈၁
ရှင်သာရိပုတ္တရာကယ်တင်ခဲ့ရသောပြိတ္တာတစ္ဆေ ------- ၈၃
မိဘတစ္ဆေတို့ကိုကယ်တင်ခဲ့သောမထေရ် ------------ ၈၈
လင်တူမယားပေါ်မနာလိုဝန်တိုမိခဲ့သောတစ္ဆေပြိတ္တာမ-- ၉၆
ကျိန်စာအကုသိုလ်ကံခံပြိတ္တာတစ္ဆေမ ---------------- ၁၀၃
ရဟန်းနှင့်ရက္ခစိုးနတ်ကယ်ခဲ့ရသောပြိတ္တာတစ္ဆေမ---- ၁၀၈
မင်းအဇာတသတ်ကယ်မလိုက်ရသောပြိတ္တာတစ္ဆေ--- ၁၁၃

www.dhammaransi.com

## အမျှရ၍ချမ်းသာကြသည် (၂)

လယ်တီဆရာတော်နှင့်ရဟန်းတစ္ဆေပြိတ္တာ --------- ၁၁၈
အမေ့ကိုအမျှဝေပေးပါသမီးရယ် ---------------- ၁၂၂
မြတ်သက်န်းကိုလှူဒါန်းလိုပါလျက် ---------------- ၁၃၃
စောဝေလျှံထူးလေးနှင့်ဝေမာနိကပြိတ္တာများ -------- ၁၄၇
ဂျပန်ဘုန်းကြီးတစ္ဆေအမျှဝေခဲ့ရ ------------------ ၁၅၅
ဗိုလ်တဲပေါ်မှတစ္ဆေမနှင့်ကျောင်းသားလေးမောင်မြဝေ ၁၆၃

## အခန်း(၃)

## ပြိတ္တာ တစ္ဆေ သရဲဘဝကင်းဝေးစေရန်နည်းလမ်းမှန်

အခြေခံဒါနသီလပြုကြပါ --------------------- ၁၇၂
ကုသိုလ်ပြုတိုင်း ပုညကြိယာ(၁၀)ပါးဖြစ်ပါစေ---- ၁၇၄
အလှူပြုရာပါရမီမြောက်ပါစေ ---------------- ၁၇၆
သူတော်ကောင်းတို့နှစ်သက်အောင်လှူပါ ------- ၁၇၇
အလှူ၏ပဓာန ---------------------------- ၁၇၈
ဘယ်နေ့သေမည်ကိုမည်သူသိပါသလဲ --------- ၁၇၉
ဘယ်သူမပြုမိမိမှုကိုသတိရပါ ----------------- ၁၈၀
အမိုက်နှင့်ပြင်ရှိသေးလိမ့်လား ---------------- ၁၈၅

www.dhammaransi.com

# အမှာစာ

❀❀❀❀❀

စာရေးသူသည် ၁၉၈၉ ခုနှစ်က ဆန်းညွှန့်ဦးစာပေ တိုက်မှ ခုဒ္ဒကနိကာယ်လာ ဘုရားရှင်လက်ထက် ပြိတ္တာတစ္ဆေများ အကြောင်း စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါသည်။

ထိုစာအုပ်နှင့် ပတ်သက်၍ စာဖတ်သူများသည် အလွန် စိတ်ဝင်စားကြပြီး သူတို့ထပ်မံ သိလိုသော မေးခွန်းများကို မေးကြပါသည်။ စာရေးသူသည် သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ပြည်တွင်း သာသနာပြု တာဝန်အရ အနယ်နယ်အရပ်ရပ်သို့ ဗုဒ္ဓသာသနာပြု သင်တန်းများ လိုက်လံပို့ချရပါသည်။ ထိုသင်တန်းများတွင်လည်း စိတ်ဝင်စားဆုံး မေးခွန်းသည် ထိုပြိတ္တာတစ္ဆေမေးခွန်းများပင် ဖြစ်ပါသည်။ သို့အတွက် စာရေးသူသည် ထိုစာအုပ်အဆက် "သနားစရာကောင်းသော ပြိတ္တာလောက" စာအုပ်ကို ဆက်လက်ရေးသား ထုတ်ဝေခဲ့ပါသည်။

ထိုစာအုပ်ကိုလည်း ဗုဒ္ဓဘာသာစာဖတ်သူ အများအပြား စိတ်ဝင်စားပြီး ပထမစာအုပ်ကဲ့သို့ပင် အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ယခုချိန်ထိ ရိုက်နှိပ်နေရဆဲ ဖြစ်ပါသည်။

www.dhammaransi.com

တစ်ဖန် စာရေးသူသည် နီပေါနိုင်ငံ ဗုဒ္ဓမွေးဖွားရာ လုမ္ဗိနီဥယျာဉ်၌ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့၏ စုပေါင်းကုသိုလ်ဖြင့် တည်ထားသော လောကမနိစုဋ္ဌာ ထီးတင်ပွဲသို့ တာဝန်အရ သွားရောက်ခဲ့ရာ (၁၀)ရက်ကြာခဲ့ပါသည်။ ထိုထီးတော်တင်ပွဲ (၁၀)ရက်တွင် နီပေါနိုင်ငံ လုမ္ဗိနီဒေသ ဖွံ့ဖြိုးရေးနှင့် လုမ္ဗိနီရှိ ဘုရားရှင် မွေးဖွားရာ ဒေသကို ပြန်လည်တူးဖော်ရေး သုတေသနဌာနမှ သုတေသနအရာရှိ မစ္စတာကုမာရယာန်နှင့် ကပိလဝတ္ထုနေပြည်တော်ဟောင်းသို့ သွားရောက်လေ့လာရင်း ကပိလဝတ္ထုမြို့တော်ရှိ ပဇာပတိ ဂေါတမီတိုက်ပျက်တွင် ပုဂ္ဂိုလ်တစ်စုသည် ဗလိနတ်စာပေးပြီး ဆုတောင်းနေသည်ကိုတွေ့သည်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်တို့၏ ဆုတောင်းခြင်း၊ အမျှဝေခြင်း၊ သာဓုခေါ်ခြင်းနှင့် ပတ်သက်၍ စကားစပ်ဆွေးနွေးမိကြပါသည်။

ဤကပိလဝတ္ထုမြို့ဟောင်းတွင် မကျွတ်မလွတ်သောသူများရှိနိုင်ပါသည်။ ထိုပုဂ္ဂိုလ်များ ကျွတ်လွတ်အောင် ဗုဒ္ဓဘာသာတရားတော်က ဘယ်လိုလုပ်ပေးပါသလဲ ဟုမေးရာ စာရေးသူက -

"သူတို့အတွက် ကုသိုလ်တစ်ခုခုပြုပြီး အမျှဝေပေးပါ၊ သူတို့ သာဓုခေါ်နိုင်ရင် ကျွတ်လွတ်ပါတယ်" ဟု သာမန်ဖြေဆိုခဲ့ကြပါသည်။ လုမ္ဗိနီသို့ ပြန်ရောက်သောအခါ သူကသုတေသနပြုလုပ်ဆောင်ရွက်နေသော ဘုရားရှင် မွေးဖွားရာ

www.dhammaransi.com

လုမ္ဗိနီအဆောက်အဦး၌ ညနေပိုင်းအလုပ်သိမ်းချိန် အေးအေး ဆေးဆေး သာမုခေါ်ခြင်းကိစ္စကို ထပ်မံဆွေးနွေးရပြန်ပါ သည်။ ညနေ နေဝင်ရီတရောအချိန် မယ်တော်မာယာ ရေချိုး ကန် ကန်ဘောင်ဝယ်သူနှင့် ကျွန်တော်သည် ဝေမာနိက ပြိတ္တာများအကြောင်း အမျှဝေပုံအကြောင်း သာမုခေါ်ပုံ အကြောင်းတို့ကို အလေးအနက်ထား၍ ဆွေးနွေးခဲ့ရပါသည်။ နောက်ဆုံးတွင် စာရေးသူက-" တကယ်တော့ဗျာ ဒီဘုရား ဆိုတာက ခင်ဗျားတို့ နိုင်ငံသားဗျ- ဒီတရားကိုလဲ သူဘဲဟော သွားတယ်၊ ပြီးတော့ ဒီမကျွတ်မလွတ်သူတွေကို အမျှဝေ မှုကို စတင်ဆောင်ရွက်သွားသူကလဲ ခင်ဗျားတို့ နိုင်ငံသား ဗိမ္ဗိသာရမင်းဗျ၊ အဲဒီတော့ ခင်ဗျားတို့ နိုင်ငံသား ဘုရားက ဟောတယ်။ ခင်ဗျားတို့ နိုင်ငံသားဘုရင်က ဆောင်ရွက်တယ်။ အဲဒီ အစဉ်အလာကို ကျွန်တော်တို့ မြန်မာတွေက ယုံကြည် လက်ခံပြီး ဆောင်ရွက်တာပါဗျာ။ ခင်ဗျားအနေနဲ့ ဒီကိစ္စကို ပြန်လည်လေ့လာဆန်းစစ်ပြီး ကိုယ်အမျိုးဘာသာ သာသနာ ကို သက်ဝင်ယုံကြည်ပြီး ဒီနိုင်ငံမှာ ပြန်လည်ထွန်းကားလာ အောင် ဆောင်ရွက်သင့်ပါတယ်ဗျာ" ဟု ပြောပြီး လုမ္ဗိနီ ဆည်းဆာအလှကို ငေးမောရှုစားရင်း ထိုလုမ္ဗိနီရှိ ဝေမာနိက ပြိတ္တာတို့ကို မေတ္တာပို့ အမျှဝေခဲ့ရပါသည်။

စာရေးသူ မြန်မာပြည် ပြန်ရောက်သောအခါ မြတ်ပန်းရဂုံစာပေတိုက်မှ ထုတ်ဝေသူ ဦးအောင်ကျော်ထူးက

www.dhammaransi.com

လည်း တစ်နေ့ အိမ်သို့ရောက်လာရင်း -

" ဆရာရေ- ကျွန်တော်တို့ စာစောင်မှာ ရကြပါစေ အမျှဝေအခန်းထည့်တယ်ဆရာ၊ အဲဒီအကြောင်းတွေရေး ပေးပါလားဆရာ"

ဟု လာရောက်ပြောဆိုပါသည်။ သူလာပြောစဉ် တိုက်တိုက် ဆိုင်ဆိုင်ပင် စာရေးသူကလည်း ကြံတောသချိုင်း အကျွတ် အလွတ်အဖွဲ့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီး ဦးသောဘိတ အပါအဝင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များပင့်ဖိတ်ပြီး အကျွတ် အလွတ်ပွဲပြုလုပ်ပုံ ရေးသားထားသောဆောင်ပါးကို ဖတ်နေ မိပါလျက်သားဖြစ်နေပါသည်။

ထိုမကျွတ်မလွတ်များအား အမျှပေးဝေမှုအဖွဲ့သည် နှစ်စဉ်ဆောင်ရွက်နေသည်ဟု ထင်ပါသည်။ လွန်ခဲ့သော (၈) နှစ်လောက်က စာရေးသူ၏ ဌာနခွဲမှူးဆရာတော်ခဲ့ဘူးသော ဒေါက်တာအေးလွင်သည် ထိုအကျွတ်အလွတ်ပွဲတွင်ပါဝင်ခဲ့ပြီး စာရေးသူကို ဖိတ်ကြားခဲ့ဖူးပါသည်။ စာရေးသူ မရောက်ခဲ့ရပါ။ ယခု မြစ်မခ ဓမ္မစာသဝဏ်စာစောင်တွင်ထည့်ရန် ဆောင်းပါး ရေးပို့လိုက်သော သတင်းဆောင်းပါးအရ ၁၉၉၄ ခုနှစ်တွင် ပြုလုပ်ခဲ့သောအကြောင်းကို ရေးသားထား၍ ယခုထက် ဆက်လက်လုပ်နေသည်ဟု စာရေးသူကထင်မြင်မိပါသည်။

www.dhammaransi.com

ဤသို့သော အကြောင်းများကြောင့် စာရေးသူသည် မကျွတ်မလွတ်သူများ သားစွဲ သမီးစွဲ မယားစွဲ သေသူများ မကျွတ်မလွတ်ဖြစ်ရသည်ကို ကျွတ်လွတ်စေရန် နည်းလမ်းမှန်ကို ပေးလိုသော စိတ်ဆန္ဒ ပေါ်လာမိပါသည်။ သို့အတွက် **"ဤရကြွပါစေအမျှဝေ၏"** ဟူသော တတိယစာအုပ်ကို ဆက်လက်ရေးသားရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးခဲ့သော နီပေါနိုင်ငံ လုမ္ဗိနီ တူးဖော်ရေးအဖွဲ့မှ သူတေသီမစ္စတာ ကုမာရယာန်၊ မြတ်ပန်းရဂုံ စာပေတိုက်မှ ဦးအောင်ကျော်ထူးနှင့် စာမူကို ဝိုင်းဝန်းကူညီပေးသော သမီးငယ် မစန္ဒာမြင့်တို့ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**တက္ကသိုလ်-သျှင်သီရိ (မမ္မာစရိယ၊ ဘီအေ)**

www.dhammaransi.com

# အခန်း(၁)

## ၁။ ရဟန်းပါမေအမျှဝေ

### အမျှဝေခြင်းဟူသည်

ကုသိုလ်တရားတို့ဖြစ်ရာကို " ပုညကြိယာ" ဟုခေါ် သည်။ ထိုကုသိုလ်တရားဖြစ်ရန် တရားသည် (၁၀)ပါး ရှိပါသည်။

၁။ ဒါန - ပေးကမ်းစွန့်ကြဲမှု

၂။ သီလ - ကာယကံ ဝစီကံတို့ကိုစောင့်ရှောက်မှု

၃။ ဘာဝနာ - သမထ ဝိပဿနာပွားများမှု

၄။ အပစာယန - ကြီးသူကို ရိုသေလေးစားမှု

၅။ ဝေယျာဝစ္စ - အမှုကောင်းကို ဆောင်ရွက်မှု

၆။ ပတ္တိဒါန - ကုသိုလ်အဖို့ကို အမျှပေးဝေမှု

၇။ ပတ္တာနုမောဒန - အမျှပေးသည်ကို သာဓုခေါ်မှု

www.dhammaransi.com

## ၂ * တဏ္ဍသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

၈။ ဓမ္မ သာဝနာ - တရားနာကြားမှု

၉။ ဓမ္မဒေသနာ - တရားဟောမှု

၁၀။ ဒိဋ္ဌုဇုကမ္မ - အယူဖြောင့်မှန်မှု

## ပတ္တိဒါန (အမျှဝေမှု)

ယင်းကုသိုလ်ဖြစ်ရာ (၁၀) ပါးတွင် ကုသိုလ်အဖို့ကို အမျှပေးဝေမှုဟူသော "ပတ္တိဒါန" ကုသိုလ်ပါဝင်သည်။ ပတ္တိဒါနဟူသည် မိမိရအပ်ပြီးသောကုသိုလ်အဖို့ကို သူတစ်ပါးတို့နှင့်အညီ အမျှဝေခြမ်း၍ ဆက်ဆံအောင်ပြုမှုဟူ၍ အဘိဓမ္မာ၌ ဖွင့်ဆိုထားပါသည်။

ပတ္တိဒါနကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် (၂) မျိုးတွေ့ရပါသည်။

(၁) ဥဒ္ဒိဿက ပတ္တိ = ရည်ညွှန်းကွက်ခြား၍ ပေးပို့အပ်သောကုသိုလ်အဖို့၊ သေသူကို ရည်ညွှန်း၍ ပေးလှူပြီးနောက် ကုသိုလ်အဖို့ကို အမျှပေးဝေခြင်းမျိုးဖြစ်သည်။

www.dhammaransi.com



(၂) အနုဒ္ဒိဿ ပတ္တိ = မည်သူ့ကိုမျှ မရည်ညွှန်းဘဲ ကုသိုလ်အဖို့ကို ပေးဝေခြင်း။

ထိုကုသိုလ် အဖို့ဘာဂကို အမျှပေးဝေခြင်းသည် မိမိအတွက် ကုန်ခမ်းသွားသည်ဟူ၍ မရှိပေ၊ ဆီမီးတိုင်မှ ဆီမီးကို အခြားဆီမီးတိုင်သို့ ကူးသောအခါ မူလဆီမီးလည်း မကုန်ခမ်း၊ အလင်းရောင်သည်သာ ပိုမိုများပြားပြီး လင်းဝေဖြာသကဲ့သို့ ကုသိုလ်အဖို့ဘာဂ အမျှပေးဝေသူသည် မိမိကုသိုလ်လည်း မကုန်ခမ်းသည့်ပြင် ကုသိုလ်အဖို့ကို သူတကာအား အမျှပေးဝေသဖြင့် ကုသိုလ်တွေသာ များများလာရပါသည်။

သို့အတွက် ကုသိုလ်ပြုသူတို့သည် မိမိ၏ ကုသိုလ်ကို အခြားသူများအား အမျှပေးဝေခြင်းကို ဝန်မလေးသင့်ကြပါ။

## ပတ္တာနုမောဒန (သာဓုခေါ်မှု)

သူတစ်ပါးတို့ ပေးဝေကမ်းလှမ်းအပ်သော ကုသိုလ်အဖို့ကို ဝမ်းမြောက်မှုသည် ပတ္တာနုမောဒန (သာဓုခေါ်သည်) ဟုခေါ်ပါသည်။

မိမိကို ရည်ညွှန်း၍ ပေးဝေပို့သော ကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်သူအား

www.dhammaransi.com

၄ * တဏှာသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )
ဒိဋ္ဌဓမ္မပင် အကျိုးခံစားရပါသည်။

ရည်ညွှန်းပိုင်းခြား၍ နတ်တို့အားလည်းကောင်း၊ သူ တစ်ပါးတို့၏ ပေးကမ်းမှုကို မှီ၍ အသက်မွေးကြရသော (ပရ ဒတ္တူပဇီဝိတ) ပြိတ္တာတို့အားလည်းကောင်း၊ ဝေမာနိက ပြိတ္တာ တို့အား လည်းကောင်း၊ ဝိနိပါတိက အသုရကာယ်တို့အား လည်းကောင်း၊ ပတ္တိဒါန ကိစ္စဖြင့် အမျှပေးဝေသည့်အခါ ထိုသူတို့ကလည်း ပတ္တာနုမောဒနာကိစ္စဖြင့် သာဓု အနုမော ဒနာ ပြုကြကုန်သည်ရှိသော် ထိုသူယုတ်တို့၌ ရုတ် တရက်ပင် အစားအစာ, အဝတ်အဆင်, အနေအထိုင် ဘုံဗိမာန်တို့၌ ဒိဋ္ဌဓမ္မ လက်တွေ့ခံစားကြရသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့အဖို့ ကုသိုလ်ကောင်း မှုသည် အမြဲဒွန်တွဲလျက် ရှိနေသည့်အားလျော်စွာ ကုသိုလ် ကောင်းမှု ပြုရာတွင် မိမိကုသိုလ်ရသကဲ့သို့ အခြားသူတို့ လည်း မိမိနှင့်အညီအမျှ ကုသိုလ်အဖို့ရစေရန် (အမျှယူတော် မူကြပါ) ဟု မြွက်ကြား၍ ဝေငှ ပေးကမ်းခြင်းသည် အမျှဝေ ခြင်း (ပတ္တိဒါန) ဖြစ်ပါသည်ဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

အမျှဝေသံကြားရသူတို့က "တော်ပါပေသည် ကုသိုလ် ပြုနိုင်ပါပေသည်၊ စွန့်နိုင်ခဲသောပစ္စည်းကို စွန့်ကြလှူဒါန်း နိုင်ကြပေသည်" ဟု သဘောထား၍ ဝမ်းမြောက်ဝမ်းသာ သာဓု, သာဓု, သာဓု, ဟူ၍ သုံးကြိမ်မြွက်ဆိုခေါ်လျှင် ပတ္တာ

www.dhammaransi.com



နုမောဒနာကုသိုလ်ဖြစ်၍ ကောင်းမှုရှင်နှင့် အလားတူစွာ ကုသိုလ်ရပါသည်။

ပြိတ္တာတစ္ဆေသရဲ စသည့်ဖြစ် နေသူတို့သည် သာဓု ခေါ်နိုင်လျှင် ချက်ချင်းပင် အစားအစာ အဝတ်အဆင် အနေ အထိုင် ချက်ချင်းရပြီး ချင်ချင်းချမ်းသာခွင့် အကျိုးထူး ခံစားကြ ရပါသည်။

သာဓုကို ဝမ်းမြောက်ဝမ်းသာ မဟုတ်ဘဲ ဝတ်ကျေ တမ်း ကျေခေါ်လျှင် တော်ရုံတန်ရုံသာ အကျိုးရပါသည်။ သူတစ်ပါးလှူဒါန်းသည်ကို မနာလိုစိတ်ဖြစ်လာလျှင် အကုသိုလ်ပင် ဖြစ်ရသည်ကို သတိပြုရပါသည်။

အလှူဒါနပြု၍ အမျှပေးဝေမှု၊ သီလဆောက်တည်၍ ကုသိုလ်အမျှပေးဝေမှု၊ ဝိပဿနာပွားများ၍ ကုသိုလ်အမျှ ပေးဝေမှုတို့တွင် ကုသိုလ်ကောင်းမှုရှင်မှ အမျှပေးဝေမှုပြု သော်လည်း ကြားရသူတိုင်းမှာ သာဓုမခေါ်ဆိုကြပါ။ တစ်ချို့ ပါးစပ်လှုပ်ရုံသာလှုပ်၍ အသံမထွက်ကြပါ။ တစ်ချို့က အသံ ထွက်ရုံမျှ ထွက်ကြပါသည်။ အားရပါးရ သာဓုခေါ်ဆိုမှု နည်းလှသည်ကို တွေ့ရတတ်ပါသည်။

အမှန်အားဖြင့် မိမိအနေဖြင့် အရင်းမစိုက်ရဘဲ ကုသိုလ်ပြုသူနှင့်ထပ်တူအကျိုးရရှိခံစားရသော သာဓုခေါ်ဆိုမှု

www.dhammaransi.com

၆ * **တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )**
ကို ဝမ်းမြောက်ဝမ်းသာ အားပါးတရခေါ်ဆိုသင့်ပါသည်။

ဝိသာခါကျောင်းအမကြီးသည် မိမိ၏ တန်ဖိုးကိုးကုဋေထိုက်တန်သော မဟာလ္လကာတန်ဆာကိုထုခွဲရောင်းချ၍ ဘုရားရှင်အား ပုပ္ဖါရုံကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

ကျောင်းကြီးဆောက်လုပ်ပြီး၍ ကိုးကုဋေသောငွေတို့ဖြင့် ကျောင်းရေစက်ချပွဲကို ပြုလုပ်သည်။ ငါးရာသောမိတ်ဆွေအဖေါ်မတို့နှင့်အတူ ကျောင်းပြာသဒ်ပေါ်သို့တက်၍ထိုကျောင်းပြာသဒ်၏ တင့်တယ် ခမ်းနား လှပ ပြည့်စုံပုံကိုတွေ့မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ ခံစားရသည်ဖြစ်၍-

" ဤကောင်းမွန်ကြီးကျယ်လှစွာသော ဆည်းပူးအားထုတ်ဆောက်လုပ်အပ်သော ကျောင်းပြာသဒ် အလှူတော်ကြီးကို သင်တို့ ဝမ်းမြောက်နှုမော်သာခု ခေါ်ကြကုန်လော၊ ငါသည် သင်တို့အား ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေပါ၏"

ဟုပြောဆိုရာ မိတ်ဆွေမအားလုံးတို့သည် -

" သြော် - ကောင်းလေစွ. . . ကောင်းလေစွ"

ဟု ကြည်လင်သော စိတ်ထားရှိကြကုန်လျက် နှစ်သက်ဝမ်းမြောက်စွာ သာခုခေါ်ခဲ့ကြလေသည်။

ထိုအဖော်မတို့တွင် တစ်ယောက်သောအမျိုးသမီး

www.dhammaransi.com



သည် မကြာခင်ကွယ်လွန်ခဲ့ရာ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်ရလေသည်။

တစ်နေ့တွင် အရှင်အနုရုဒ္ဓါမထေရ်သည် နတ်ပြည်သို့ ခရီးလှည့်လည်ကြွသည်ရှိသော် ထိုနတ်သမီးကို တွေ့မြင်ရ၍ နတ်သမီးကို မေးလေသည်။ ထိုအခါ နတ်သမီးက ပြန်ဖြေသည်မှာ -

"အရှင်ဘုရားအနုရုဒ္ဓါ၊ နာမည်သတင်း ကျော်စော ခြင်းရှိသော ဝိသာခါအမည်ရှိသော တပည့်တော်မ၏ အဆွေ ခင်ပွန်းမသည် သာဝတ္ထိပြည်၌ သံဃာတော်တို့ သီတင်းသုံးရန် အကျိုးငှါ ပုပ္ဖါရုံ ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ ပါသည်ဘုရား၊ ထိုကျောင်းပူဇော်ပွဲ ကျင်းပသောအခါ၌ တပည့်တော်မသည် ကြည်ညိုသောစိတ်ဖြင့် တိုက်ခန်းတစ် ထောင်ရှိသော ပြာသဒ်ကျောင်းတော်ကြီးကိုလည်းကောင်း၊ နှစ်သက်အပ်သော ပူဇော်ပွဲကြီးကိုလည်းကောင်း မြင်ရ၍ ကြည်ညိုသဒ္ဓါပေါက်ရောက်ကာ ဝမ်းမြောက်စွာ သာဓုခေါ်ခဲ့ ပါသည်ဘုရား၊ တပည့်တော်မ၏ လှူဖွယ်ပစ္စည်း အနည်း ငယ်မျှမပါ၊ ဝမ်းမြောက်ဝမ်းသာသာဓု ခေါ်ရုံသက်သက်သာ ဖြစ်သော ထိုကုသိုလ်ကြောင့်သာလျှင် မဖြစ်စဖူး ထူးကဲစွာ ရှုချင်စဖွယ်ဖြစ်သော ထက်ဝန်းကျင် (၁၆) ယူဇနာရှိသော ဘုံဗိမာန်ကြီးကိုရရှိခဲ့ပါသည်ဘုရား။

www.dhammaransi.com

၈ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

သာဓုခေါ်ခဲ့ရသော ထိုကုသိုလ်၏တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် ကောင်းကင်၌ တပည့်တော်မအလိုရှိရာသို့ သွားနိုင်ပါသည်ဘုရား။

တပည့်တော်မ၏ ဤဘုံဗိမာန်သည် နတ်များ အပေါင်းတို့ ပျော်အောင်းမှီခိုရာဖြစ်ပါ၏။

- နောက်ကျိကင်း၍ သန့်ရှင်းသော ရေရှိပါ၏။

- ဝန်းကျင်လှည့်ပတ်ရွှေအဆင်းရှိသော သဲကို့ဖြင့် ခင်း အပ်ပါ၏။

- အထူးထူးအဖြာဖြာပဒုမ္မာကြာနီပုဏ္ဏရိက် ကြာဖြူတို့ ဖြင့် ဝန်းကျင်ဖုံးလွှမ်းနေပါသည်။

ရှုချင်စဖွယ် တင့်တယ်လှစွာ လေးထောင့်ရေကန်တို့ သည် ကြည်နူးနှစ်သိမ့်စဖွယ် လေချိုလေညှင်း တိုက် ခတ်သွင်းသဖြင့် ကိုင်းချင်းနွဲ့လျက် လှုပ်ယှက်ကုန် သည်ဖြစ်၍ မွှေးကြိုင် သင်းပျံ့ ကောင်းသောရနံ့ တို့ သည် တသုန်သုန်ပြိုင် ကောင်းစွာကြိုင်လှိုင်ကာ နေပါ ကုန်၏။

(၁၆)ယူဇနာကျယ်ဝန်းသော ဘုံဗိမာန်အနီး၌ သပြေပင်တို့သည်လည်းကောင်း၊ ပိန္နဲပင်တို့သည်

www.dhammaransi.com



လည်းကောင်း၊ အုန်းတောတို့သည်လည်းကောင်း၊ အထူးထူးသော သစ်ပင်စုံတို့သည်လည်းကောင်း၊ တမင်သက်သက်ပျိုးချ၍ စိုက်ပျိုးခြင်းမရှိဘဲ ကုသိုလ်ကံအလျောက် ပေါ်ပေါက်ဖြစ်လာပါကုန်၏။

အထူးထူးသောတူရိယာသံတို့ဖြင့် တခြိမ့်ခြိမ့်ညံအောင် တီးမှုတ်လျက် တစ်ထောင်သော နတ်သမီးအပေါင်းတို့၏ ငြိမ့်ငြောင်းသာယာ သီဆိုသော သီချင်းသံသာ ရှိပါ၏။

\- တပည့်တော်မကို အိပ်မက်အတွင်း၌ တွေ့မြင်ငြားအံ့၊ အိပ်မက်မြင်မက်သော ထိုလူသားသည် စိတ်ကမှန်၍ တန်းတန်းစွဲမျှ စွဲလန်းနှစ်သက်ခြင်း ဖြစ်ရာပါ၏ ဘုရား"

ဟူ၍ သာဓုခေါ်ရုံမျှဖြင့် ရရှိခံစားရသော အကျိုးတို့ကို လျှောက်ထားခဲ့ပါသည်။ ထို့ကြောင့် သာဓုခေါ်မှုကို ယုံယုံကြည်ကြည် လှိုက်လှိုက်လှဲလှဲခေါ်ယူသင့်ပါသည်။

ပတ္တာနုမောဒနာတွင် သူတစ်ပါးက အလှူလုပ်ပြီး အမျှမပေးဝေဘဲ တစ်ပါးသူက မိမိအလို ဝမ်းမြောက်မှုသည် ပတ္တာနုမောဒနာ မဟုတ်ပါ။

www.dhammaransi.com

### ၁၀ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို (ကွယ်လွန်သူ အတွက် မရည်စူးဘဲ) ပြုလုပ်က အမျှပေးဝေမှုမျိုးကို ပတ္တာနုမောဒနာ (သာဓုခေါ်သူတိုင်း) ရပိုင်ခွင့်ရှိပါသည်။ သေသူ အတွက် ရည်ညွှန်းပြုလုပ်သော ကုသိုလ်အဖို့ကား -

- အလှူခံ ပုဂ္ဂိုလ် ပြည့်စုံမှု
- အလှူပေးသူက သေသူပြိတ္တာအတွက် ရည်စူး ပြုလုပ်မှု
- ပြိတ္တာတို့ကလည်း သာဓုအနုမောဒနာ ခေါ်ဆိုနိုင်မှု

ဟူသော အင်္ဂါ (၃)ချက် (အကြောင်းသုံးရပ်) ညီညွတ်စုံညီမှသာလျှင် အလှူထမြောက်နိုင်စွမ်းရှိပါသည်။

## တစ္ဆေ၊ သရဲ၊ သဘက် ဖြစ်ရသည့် အကြောင်းရင်းများ

"များသော အားဖြင့် သတ္တဝါတို့သည် တဏှာလောဘကြောင့် ပြိတ္တာဘုံသို့ ကပ်ရောက်ကြရကုန်၏"

(အဋ္ဌသာလိနီ)

www.dhammaransi.com



လောဘကြောင့် တဏှာသရဲ ပြိတ္တာ ဖြစ်ရသည်ဟု ကျမ်း၌ ဆိုထားပါသည်။ **လောဘဟူသည်ကား** - စားလိုမှု၊ သောက်လိုမှု၊ ဝတ်လိုမှု၊ ဂုဏ်တု ဂုဏ်ပြိုင် ပြုလိုမှု၊ လိုချင်မှု၊ ကပ်ငြိမှု၊ စွဲလမ်းမှု၊ နှစ်သက်မှု၊ စုံမက်မှု စသည့် မျိုးစုံရှိပါသည်။

တစ်စုံတစ်ခုသော အရာဝတ္ထု အာရုံကို စွဲလမ်းငြိတွယ်မိသောအခါ ထိုဝတ္ထုကို ရလိုမှု၊ ပိုင်ဆိုင်လိုမှု၊ သုံးစွဲလိုမှု တို့သည် များစွာဖြစ်ပေါ်လာပါသည်၊ စိတ်ဆန္ဒ ဇောက အားကြီးပြင်းထန်နေပါသည်။

ထိုဝတ္ထုအတွက် စွဲလမ်းတပ်မက်ပြီး အိပ်စက်မပျော်၊ အနေအထိုင် လွဲချော်ဖြစ်ပြီးလျှင် မရ-ရကြောင်း နည်းလမ်းပေါင်းများစွာဖြင့် အားထုတ်ကြိုးပမ်းရာဝယ် ဒုစရိုက်မှုကိုလည်း ပမာမထားတော့၊ ကြောက်စိတ်လည်း ကုန်ခမ်းသွားသည်။ ရှက်ရမည်ကိုလည်း မသိတော့၊ လူကဲ့ရဲ့မည်ကိုလည်း မစိုးရိမ်၊ မင်းပြစ် မင်းဒါဏ်ကိုလည်း သတိမရ။

**"လောဘ ဖုံးလွှမ်း မမြင်ကန်း"** ဆိုသည့်အတိုင်း လောဘဇော အားကြီးသောအခါ ပြုချင်ရာ ပြုတတ်ကြသောကြောင့် ဒုက္ခအမျိုးမျိုးတွေ့ရသည်။

လိုသော အရာဝတ္ထုရပြီးသော်လည်း ထိုပစ္စည်း၌ နှမြောမှု၊ ကပ်စေးနဲမှု၊ စွဲလမ်းမှုတို့ကြောင့် သေသည်

www.dhammaransi.com



အခြားမဲ့ဝယ် တစ္ဆေ၊ သရဲ၊ ပြိတ္တာ ဖြစ်ကြရသည်။

ထိုတစ္ဆေ သရဲ ပြိတ္တာ ဖြစ်ကြရာ၌လည်း အစား၊ အဝတ်မရှိ ဆင်းရဲသောကိုယ်နှင့်ဖြစ်ရသည်။ အပါယ်ငရဲ၌လည်း ကြီးစွာခံစားကြရသည်။

ထိုမှ လွတ်၍ လူဘဝ ပြန်ရသော်လည်း မျိုးကောင်း ဆွေကောင်း အခြေအနေကောင်းသော လူချမ်းသာဘဝမျိုး မရကြ၊ မြို့စွန် မြို့ဖျား၊ တောအုံ တောကြား အစား အဝတ် ရှားပါးသော ဆင်းရဲသား၊ သားသမီးဘဝမျိုးသို့ ရောက်ရလေသည်။

ဒေါသဟူသည် ကာယကံအားဖြင့် ကြမ်းကြမ်းတမ်းတမ်းလုပ်မှု၊ ကိုင်မှု၊ စော်ကားမှု၊ သတ်ဖြတ်မှု၊ ညှင်းဆဲမှု များပင် ဖြစ်ပါသည်။

ဝစီကံအားဖြင့် ကြမ်းတမ်းစွာ ဆဲဆိုမှု၊ နားမခံသာ၊ ယုတ်ယုတ်မာမာ ပြောဆိုမှု အော်လား၊ ငေါက်လား၊ ကြိမ်းလား၊ မောင်းလား၊ ပြုလုပ်မှုများပင် ဖြစ်ပါသည်။

မနောကံအားဖြင့် သူတစ်ပါး ချမ်းသာသည်၊ လှသည်၊ ကျန်းမာသည်၊ ရာထူးဂုဏ် ကြီးမားသည်၊ လိမ္မာသည်၊ ပညာတတ်သည် တို့ကို မနာလို ဝန်တို မိစ္ဆာဖြစ်မှု၊ ချုပ်ချယ် စောင်းမြောင်းမှု၊ ငြူစူမှု၊ အသက်တိုအောင်၊ ဒုက္ခဖြစ်အောင် တောင့်

www.dhammaransi.com



တမှု များပင် ဖြစ်ပါသည်။

ဤကဲ့သို့ ဒေါသကြီးသော သူတို့သည် သူ့အသက်ကို အသက်မမှတ် သတ်ဖြတ်ညှင်းဆဲတတ်သော အလေ့ဆိုး ကြောင့် လောကပစ္စုပ္ပန်ဝယ် ထောင်ဒဏ်၊ ကျွန်းဒဏ်၊ ကြိုး ဒဏ် ခံစားကြရကုန်သည်။

ဒေါသကြီးသောသူသည် မမြင်မကန်း အရမ်းပြော၊ အရမ်းလုပ် ကြမ်းကြုတ်လှသောကြောင့် လူကောင်း သူ ကောင်းများက ထိုသူ့အနီးသို့ မကပ်ချင် မပေါင်းချင်ကြပါ၊ ဆွေမျိုးများကပင် ရှောင်ကွင်းဖဲခွါ၍ နေကြသည်။ မေတ္တာ ကင်းကြသည် အကူအညီမပေးကြပါ။

ဒေါသကိန်းအောင်းသော သူတို့သည် သူတစ်ပါးအား ပျက်စီးရာ ပျက်စီးကြောင်း သဘောထားတတ်ကုန်သည်။ မိမိ ၏ ခတ်ခံ မကောင်းခြင်းကြောင့် မိမိဒေါသမီးသည် မိမိ ကိုယ်ကိုသာ လောင်မြိုက်၍ ကျွမ်းစေပါသည်။ ဝင်လာသော လာဘ်လာဘ နည်းပြီး တစ်နေ့တစ်ခြား မိမိရှိရင်း ဥစ္စာပင် ဆုတ်လျော့ရသည်။

သေသည် အခြားမဲ့ဝယ် မီးခဲပူ၊ ပြာပူ၊ သံပြားပူ၊ ဆီ ပူ စသည်တို့၌ ကယ်ပါ၊ ယူပါ၊ တစာစာအော်ညည်းကာ နေ ရသော ငရဲဘုံ၌ ခံစားရတတ်ပါသည်။

www.dhammaransi.com



ဒေါသဖြင့် သူတစ်ပါးဂုဏ်ပျက်အောင် ရာထူးကျအောင်၊ စီးပွားလျော့အောင်၊ ကျိုးအောင်၊ ကန်းအောင်၊ အပြစ်ရှာဖို့၊ အမှုရောက်ဖို့ ရန်ငြိုးဖွဲ့လိုသော စိတ်ဆိုးစိတ်မိုက် တို့သည် တစ်ပါးသူထံ မရောက်မီ မိမိကိုယ်ထံသို့ ရောက်ပြီး မိမိကိုယ်ကို ပူဆွေးလောင်ကျွမ်းစေပါသည်။ ဒုက္ခရောက်စေပါသည်။ အသက်တိုစေပါသည်။ ရုပ်ဆင်းအင်္ဂါ ပျက်စီးစေပါသည်။

မောဟ ဟူသည် မသိမမြင်မှု မလိမ္မာမှု တွေဝေမှု မိန်းမောမှု မေ့လျော့မှု စသည်တို့ ဖြစ်ပါသည်။

မောဟ ပြောထူသော သူတို့သည် အကောင်းအဆိုးကို ခွဲခြား၍ မသိခြင်း၊ မှားမှားယွင်းယွင်း ပြုလုပ်တတ်ခြင်း၊ အဆင်အခြင် ပညာအမြော်အမြင်နည်းခြင်းကြောင့် ပြုလုပ်သမျှ ကြံစည်သမျှ ပျက်စီးရသည်ကများသည်။

မဟုတ်တရား မုသားပြောဆိုတတ်ခြင်း၊ ခိုးယူတတ်ခြင်းကြောင့် သူတော်ကောင်းတို့ ရှောင်ရှားကွေ့ကွင်းကြသည်။

မောဟသည် ပညာဉာဏ်နှင့် ဆန့်ကျင်သဖြင့် ဝိစိကိစ္ဆာ အမျိုးမျိုး ခုဒ္ဒစ္စ အမျိုးမျိုးတွေ ကိန်းအောင်းကာ ပူပန်သောကနှင့် ဒုက္ခရောက်လျက်သာ နေကြရကုန်သည်။

သင့်လျော် မသင့်လျော် မစဉ်းစားတတ်သဖြင့် ပြော

www.dhammaransi.com



မှား ဆိုမှား ဖြစ်ကြရသည်။ ချောပစ် ကုံးတိုက် ပြုတတ်ကြ ကုန်သည်။ ဉာဏ်ပညာ အလင်းရောင် မရှိခြင်းကြောင့် အပျော်ကြူး၊ သေသောက်ကြူး၊ မူးမူးရူးရူး နေတတ်ကြသည်။

မပူပင်သင့်သည့်နေရာ၌ မချိမဆံ့ပူ၊ ပူသင့်သည့်နေ ရာ၌ ကြောင့်ကြမဲ့နေ၊ ရှက်သင့်သည်ကို မရှက်၊ မကြောက် သင့်သည်ကို ကြောက်၊ အလိမ္မာခံနည်း၍ သူတစ်ပါးဆွဲလျှင် ပါတတ်သည်၊ ယုံလွယ်သည်၊ ခြောက်လျှင် ကြောက်တတ် သည်၊ ကိုယ်ပိုင်ဉာဏ် ကင်းဝေး၍ ဘေးအမျိုးမျိုး ရောက် တတ်သည်။

အသိဉာဏ်ကင်းမှုကြောင့် ကောင်းမှုကုသိုလ်နှင့် ဝေး ရကား သေသည်အခြားမဲ့၌ ယေဘုယျအားဖြင့် တိရစ္ဆာန်ဘုံ ၌ ဖြစ်ရတတ်ပါသည်။

အပါယ်ဘုံမှ လွတ်သော်လည်း ဖြစ်ရာဘုံဘဝ၌ ဘုန်း မဲ့၊ ကံမဲ့ ရုပ်ဆင်းသဏ္ဌာန် ပညာချို့တဲ့သော အမျိုး၌ ဖြစ်ရ တတ်သည်။

ဖြစ်လေရာ ဘဝဝယ် ဒေါသ မောဟ တရားများ ကြောင့် သတ္တဝါအလုံးစုံတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံ အသူရကာယ်ဘုံများသို့ ရောက်ကြရသည်။

www.dhammaransi.com



ထိုလောဘ ဒေါသ မောဟ တို့သည် သတ္တဝါတို့အား ကောင်းကျိုး ကောင်းရာကို ပေးစွမ်းနိုင်သော တရားများ မဟုတ်ကြ။ ဆိုးကျိုးကိုသာ အတင်းတွန်းချတတ်သော တရားဆိုးများ ဖြစ်ကြပါသည်။

သို့အတွက် လောဘ, ဒေါသ, မောဟ အမျိုးရှိသော-

(၁) သူ့အသက် သတ်ခြင်း

(၂) သူ့ဥစ္စာ ခိုးယူခြင်း

(၃) သူ့ သားအိမ်ယာ ပြစ်မှားခြင်း

(၄) လိမ်ညာ ပြောဆိုခြင်း

(၅) ကုန်းတိုက်ခြင်း

(၆) ဆဲရေး တိုင်းထွာခြင်း

(၇) သိပ်ဖျင်းစကားပြောဆိုခြင်း

(၈) သူတစ်ပါးဥစ္စာကို တပ်မက်မောခြင်း

(၉) သူတစ်ပါးပျက်စီးကြောင်းကြံစည်ခြင်း

(၁၀) မှားသောအယူ ယူခြင်း

ဟူသော ဒုစရိုက်တရားတို့နှင့် ကင်းသည်ထက်ကင်းအောင် ကြိုးစားအားထုတ်နေကြရပါသည်။

www.dhammaransi.com



## ဥပမာ သာဓက

ပြိတ္တာ တစ္ဆေ သရဲ ဖြစ်မှုနှင့် ပတ်သက်၍ ပေတဝတ္ထုများတွင် အများအပြားတွေ့ရပါ သည်။

(၁) သာဝတ္ထိ၊ ပါဋလိပုတ်မြို့သားတို့သည် သင်္ဘောဖြင့် သုဝဏ္ဏဘူမိသို့ ကုန်ရောင်းကုန်ဝယ်သွားကြရာ သင်္ဘောပေါ်မှာ ဥပါသကာတစ်ယောက်သည် အသည်းအသန် အဖျားရောဂါရောက်သည်။ အိမ်သူမယားကိုစွဲလမ်းအားကြီးပြီး သေဆုံးသွားခဲ့ရာ သမုဒ္ဒရာအလယ်၌ ပြိတ္တာဖြစ်နေရသည်။ **(ပေတဝတ္ထု)**

(၂) သာဝတ္ထိမြို့သား သူကြွယ်တစ်ဦးသည် ကုန်ရောင်း ကုန်ဝယ်သွားရာ အသပြာ (၅၀၀) အမြတ်အစွန်းရသည်။ ဥစ္စာကို ဆောင်ယူ၍ ပြန်လာရာ လမ်းခရီးကြား၌ ဓားပြတို့နှင့်တွေ့၍ ရန်ကိုကြောက်သောကြောင့် ငွေထုပ်ကို ချုံကွယ်၌ပစ်ထားပြီး လူကသင့်ရာနေရာရှာပြီး ပုန်းအောင်းသည်၊ ဓားပြတို့က ရှာဖွေတွေ့ပြီး ဆွဲငင်ရိုက်ပုတ်သတ်ဖြတ်ရာ ဥစ္စာထုပ်ကိုစွဲပြီး သေဆုံးသောကြောင့် ထိုအရပ်မှာပင် တစ္ဆေပြိတ္တာ

www.dhammaransi.com



ဖြစ်နေရသည်။ **(ပေတဝတ္ထု)**

(၃) ဗာရာဏသီပြည်သား သူဌေးကြီးတစ်ဦးသည် ကုဋေ (၄၀) သော ဥစ္စာတို့ကို မြေ၌မြှုပ်ထားပြီး မကြာခင်သေဆုံးလေရာ သေဆုံးလျှင် မိမိဥစ္စာ၌ စွဲလန်းခဲ့သောကြောင့် မြွေတိရစ္ဆာန် ဖြစ်ရသည်။

**(ဧကနိပါတ-သစ္စံကိရဇာတ်)**

(၄) ရဟန်းတစ်ပါးသည် နှမလျှသောသင်္ကန်းကိုစွဲ၍ ကွယ်လွန်သဖြင့် သင်္ကန်းတွင် သန်းဖြစ်ရသည်။

**(ပမ္မပဒ အဋ္ဌကထာ)**

(၅) ဘုရားရှင်လက်ထက်၌ တောဒေယျ ပုဏ္ဏားသည် ဥစ္စာစွဲ၍သေဆုံးသဖြင့် သားအိမ်၌ ခွေးဖြစ်ရသည်။

(၆) သာသနာပြု သိရိဓမ္မာသောကမင်းသည် သေဆုံးကာနီး နောက်ဆုံးရရှိသော ဇီးဖြူသီးကို စွဲလမ်းသဖြင့် မြွေပြိတ္တာဖြစ်ရသည်။

ထို့ကြောင့် လူတို့သည် သေကာနီး အာရုံစွဲ မမှားကြဖို့ အထူးသတိပြုကြရန် လိုအပ်ပါသည်။

www.dhammaransi.com



## ပြိတ္တာ တစ္ဆေ စသည်တို့၏ သဘောသဘာဝများ

ပြိတ္တာတို့ဘုံ၌ လယ်လုပ်ခြင်း၊ နွားကျောင်းခြင်း၊ လယ်စောင့်ခြင်း၊ အငှားအလုပ် လုပ်ခြင်း၊ ရွှေငွေတို့ဖြင့် အရောင်းအဝယ်ပြုခြင်း၊ စီးပွားရှာခြင်း၊ နေထိုင်ရန် အဆောက်အအုံဆောက်လုပ်ခြင်း၊ အစာအဟာရ ချက်ပြုတ်ကြော်လှော်ခြင်း၊ စသည်တို့သည် မရှိပါ။

သို့အတွက် သူတို့ဘဝသည် -

- အမြဲမပြတ် ထမင်းငတ်, ရေငတ် မပြတ်ရှိနေသည်။
- အနှစ်တရာ၊ တစ်ထောင်၊ တစ်သိန်း ပတ်လုံး ဘုရား တစ်ဆူနှင့် တစ်ဆူကြား ကာလပတ်လုံးတွင် ထမင်းတစ်လုပ် ရေတစ်ပေါက်မျှ မစားရ မသောက်ရ ဆင်းရဲ ဒုက္ခကို ခံစားနေရသည်၊ ခန္ဓာကိုယ်သည် အသားအရေမရှိ၊ အရေအပြားသာ ရှိသည်။
- အလွန်မလှသော အဆင်းရှိသည်။
- ကြောက်မက်ဘွယ် စက်ဆုတ်ဘွယ်သော အဆင်း ရှိသည်။

www.dhammaransi.com



ယင်းတို့သည် အဟာရအလို့ငှါ လူတို့ စွန့်ပစ်အပ်သော စားကြွင်း စားကျန်များကို မဝတဝ စားသောက်ကြရသည်။

ရွံ့ရှာ စက်ဆုပ်ဘွယ်ကောင်းသော အညစ်အကြေးများကို အစာအဟာရအတွက် စားသောက်ကြရသည်။

- အံချို့မှာ လူတို့ကို ပူးကပ်၍ စားသောက်ရသည်။
- အချို့မှာ အနံ့နှင့် တင်းတိမ်ရသည်။
- အချို့မှာ တောင်းရမ်း၍လည်းကောင်း၊ လုယက်၍လည်းကောင်း စားရ၏။
- အချို့က ကျက်ပြီးသော အစာမှ ကြိုက်သည်။
- အချို့က သားစိမ်းငါးစိမ်းကို ကြိုက်သည်။
- အချို့မှာ ပေးမှစားရသည်။

စသည်ဖြင့် အဆင့်အတန်း အမျိုးမျိုးရှိသည်။

နေထိုင်ရာတွင်လည်း -

- သစ်ပင်ချုံပုပ်စသည်၌နေရသောအတန်း။
- ဇရပ်အိုး ကျောင်းအိုး၌ နေရသောအတန်း။
- သုဿာန်၊ သင်္ချိုင်း၌နေရသောအတန်း။

www.dhammaransi.com



- လူအနီး၌နေရသောအတန်း။
- တော, တောင်, ချောက်ကမ်းပါး၌ နေရသော အတန်း။
- ဘုံဗိမာန်နှင့်နေရသောအတန်း။

စသည်ဖြင့် အဆင့်အတန်းအမျိုးမျိုးရှိသည်။

တစ်ဖန်-

- ဘုရားသံ၊ တရားသံ မကြားချင် မကြားနိုင်၊ မကြားဝံ့သော အစား။
- ဘုရားသံ၊ တရားသံကို ကြားချင်၊ နာချင်သော်လည်း ကြားနာခွင့် မရသောအစား။
- ဘုရားသံ၊ တရားသံကြားက ထွက်ပြေးရသောအစား။
- ဘုရားသံ၊ တရားသံကို ကြားနာခွင့်ကြုံကြိုက်ပြီး သာဓုခေါ်နိုင်ကာ အဆင့်အတန်းမြင့်သွားပြီး တန်ခိုးကြီးသော ဘဝသို့ရောက်သောအစား။

စသည် အဆင့်အတန်း အခြေအနေ ကွဲပြားခြားနားသည်ကို တွေ့ရပါသည်။

www.dhammaransi.com

## ၂၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )
## ဖုတ်၊ ပြိတ္တာ၊ တစ္ဆေတို့ သွားလာကျက်စားချိန်

မကောင်းဆိုးဝါး ဖုတ်၊ ပြိတ္တာ တစ္ဆေများသည်

- အာရုံတက် လင်းအားကြီးချိန်
- မွန်းတည့်ချိန်
- နေဝင်ရီတရောအချိန်
- ညသန်းခေါင်ယံ အချိန်

တို့တွင် သွားလာကျက်စားကြသည်ဟု ဆိုပါသည်။ ထိုအချိန်များ၌ သွားလာလှည့်ပတ်နေသည်နှင့် ကြုံကြိုက်သည့်အခါ နာတာရှည်များကိုလည်းကောင်း၊ ရုတ်ချည်းသေသူများကိုလည်းကောင်း၊ ပူးကပ်၍ ဝင်တတ်သည်။ ယင်းကို ဖုတ်ဝင်သည်ဟု ဆိုပါသည်။

ဖုတ်တို့သည် အစားကြီးသည်၊ သားစိမ်း၊ ငါးစိမ်းများကို အလွန်ကြိုက်နှစ်သက်ကြသည်။

မြန်မာဓလေ့ထုံးတမ်းစဉ်လာအရမူ ဖုတ်ဝင်သူ၏ အိပ်ရာအောက်သို့ သြဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံးအောက် လွှာ ဂိနပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ပေးခြင်း

www.dhammaransi.com



တို့ကို ပြုလုပ်ပေးက တစ်နာရီအတွင်း ဖုတ်ထွက်သည်ဟု ဆိုစမှတ်ပြုပါသည်။

မဟာဝင် ကျမ်း၌ ပါရှိလိပုတ်ပြည်တွင် စန္ဒကုတ်မင်းကြီးသည်နန်းစံ(၂၄)နှစ်တွင် ဖေါက်ဖေါက်ပြန်ပြန် ရှိနေသောကြောင့် ပညာရှိပုရောဟိတ်တို့က အချင်းချင်းဆွေးနွေးစုံစမ်းခဲ့ကြသည်။

" မင်းကြီး အမှတ်မဲ့ကွယ်လွန်သည်တွင် ဘီလူး၊ တစ္ဆေဝင်၍ အသက်ရှင်သကဲ့သို့ရှိရာ သည်မင်းကြီးအား အသက်မရှိပြီ" ဟု သားတော် ဗိန္ဒုသာရမင်းသားအား လျှောက်ထားမှ မင်းချင်းနှစ်ယောက် ဓားလုပ်ပြင်ကာ မင်းကြီးအနီးရောက်သောအခါမှ ယင်းဓါးနှင့်ခုတ်၍ လုပ်ကြံရသည်ဟုဆိုပါသည်။

## တစ္ဆေချောက်ခြင်း

တစ္ဆေသည် တဇ္ဇဟူသော ပါဠိမှဆင်းသက်လာသည်။ လူတို့ကိုကြောက်အောင် လန့်အောင် ချောက်လှန့်တတ်သော အနက်သဘောရှိသည်။

တစ္ဆေခြောက်သည်ဆိုရာဝယ် ကိုယ်လင်းပြခြင်း၊ ညည်းညူခြင်း၊ အနံ့ပေးခြင်း၊ ပူးကပ်ဝင်ခြင်း၊ ချောက်လှန့်

www.dhammaransi.com

၂၄ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

ခြင်း စသည်တို့ ဖြစ်ပါသည်။

ခြောက်လှန့်ရာဝယ် ချောက်လှန့်ခြင်း အမျိုးမျိုးရှိသည်-

- ကံနိမ့်၍ ခြောက်ခြင်း။
- ပြောင်လှောင်ကျီစယ်၍ ခြောက်ခြင်း။
- ချစ်ခင်၍ ခြောက်ခြင်း။
- အမျှအတန်းရယူလို၍ ခြောက်ခြင်း။
- စွဲလမ်းသံယောဇဉ်တွယ်သဖြင့် ခြောက်ခြင်း။
- ဘုရားသံ၊ တရားသံ မခံနိုင်၍ (ဝါ) ကြောက်၍ ခြောက်ခြင်း။
- စားချင် သောက်ချင်၍ ခြောက်ခြင်း။
- ဥစ္စာပေးလို၍ ခြောက်ခြင်း။
- မှာကြားလို၍ ခြောက်ခြင်း။
- နှုတ်ဆက်လို၍ ခြောက်ခြင်း။

ကံဇာတာ မြင့်နေသည့်အခါ တစ္ဆေ သရဲတို့နှင့် တွေ့ချင်ပါသည်ဟုဆိုသော်လည်း မတွေ့နိုင် မမြင်နိုင်ပါ။

အမှန် ခြောက်လှန့်သည်ဆိုသည်မှာ အများအားဖြင့် တမင်သက်သက် ချောက်လှန့်သည်မဟုတ်ပါ၊ သူတို့၏ ဆန္ဒကို လူတို့ကိုပြောပြလို၍၊ အကူအညီတောင်းလို၍ ကိုယ်

www.dhammaransi.com



ထင်ပြခြင်း ဖြစ်ပါသည်။ သူတို့၏ အကုသိုလ်ကံကြောင့် သူတို့၏အတ္တဘောကိုယ်သည် ကြောက်လန့်ဖွယ်ရွံ့ရှာဖွယ်ရှိနေရာ ထိုအတ္တဘောကို လူတို့က ရုတ်တရက် မြင်ရသောအခါ လန့်ဖြတ်သွားရသည်ကိုပင် တစ္ဆေခြောက်သည်ဟု ဆိုနေခြင်း ဖြစ်ပါသည်။

## တစ္ဆေ သရဲ ပူးကပ်ခြင်း

တစ္ဆေ သရဲ ပူးသူများသည် ပထမ ဇက်လေး၍ လာတတ်သည်၊ ထိတ်ခနဲ လန့်သွားတတ်သည်။ အပုပ်နံ့ တိုး၍ စိတ်တစ်မျိုးဖြစ်၍သွားသည်။ ကြက်သီးထခြင်း၊ ခေါင်းကြီး၍ သွားတတ်ခြင်း စသည့် တစ်ခုခု ဖြစ်ပြီးနောက် မျက်ထောင့်နီနီ၊ မျက်နှာထားတင်းတင်း၊ ကိုယ်လက်အမူအရာနှင့် စကားပြောကြမ်းလာတတ်သည်။ စားချင် သောက်ချင်သည့်အရာကိုကျွေးက ပြေပျောက်သွားတတ်သည်။

ပဋ္ဌိတဝေဒနိယကျမ်း အဆိုအရမှာမူ -

ပူးလိုသော နတ် တစ္ဆေ စသည်သည် ရှေးဦးစွာ လူ၏နှလုံးထူးကို ပိတ်သဖြင့်လည်းကောင်း၊ သွေးကို ဖေါက်ပြန်အောင်လုပ်သဖြင့်လည်းကောင်း၊ ဘဝင်ကျစေ၍ မေ့လျော့သော ခဏ၌ မိမိရုပ်ကို သိမ်မွေ့သည်ထက် သိမ်မွေ့အောင်ဖန်ဆင်း၍ လူ၏ ကိုယ်တွင်းသို့ စိမ့်ဝင် ပျံ့နှံ့စေ၏။ နို့ရည်နှင့်

www.dhammaransi.com



ရေသည် တစ်ခုအကြားတစ်ခု စိမ့်ဝင်သကဲ့သို့ လူရုပ်နာမ်ရုပ် တစ်ခုအကြားတစ်ခု စိမ့်ဝင်လေသည်၊ နတ် တစ္ဆေ မထွက် မချင်း လူစိတ်ဘဝင်မှ မထ၊ တစ်ကိုယ်လုံး ရုပ်တွေလည်း နတ် တစ္ဆေရုပ်ဖြစ်၍ နတ်တစ္ဆေအလိုရှိတိုင်း လှုပ်ရှားပြော ဆို၏။ နတ်တစ္ဆေထွက်သွားလျှင် လူတစ်ကိုယ်လုံး ရုပ်တွေ ချောင်ကာဟာ၍ကျန်ရစ်သဖြင့် လူမှာမောပန်း၍ကျန်ရစ်ခဲ့ သည်။

## မှင်စာ

ကလေးများသေက **မှင်စာ** ဖြစ်သည်ဟု ဆိုစမှတ် ပြုကြပါသည်။ ယုန်သာန်၊ ကြောင်သဏ္ဌာန်၊ ကြွက်ဖြူ သဏ္ဌာန် စသည့် အကောင်ငယ်ကလေးများကို အချိန်အခါ မဟုတ်သည့်နေရာ၌ တွေ့မြင်ရပါက မှင်စာ ဟုဆိုကြပါသည်။

## ဥစ္စာစောင့်နှင့် ကျတ်

ဥစ္စာစောင့်နှင့်ကျတ်တို့သည် ပြိတ္တာအမျိုးအစားတွင် ပါဝင်သည်။ ဥစ္စာစောင့်သည် အရွယ်သင့် အဆင်းလှ ဥစ္စာ ပေါ၊ အပြောကောင်း သဘောရှိသည်။

ကျတ်တို့သည် နုနုယဉ်ယဉ် ခြောက်တတ်သည်။ အမျိုးတူချင်း စုံရုံးနေတတ်သည်၊ ယင်းတို့အပေါ် အုပ်ချုပ်သူ

www.dhammaransi.com



များရှိသည်။

ထိုဖုတ်သရဲ တစ္ဆေ စသည် ပြိတ္တာများသည် ကမ္မဇိဒ္ဓိ တံခိုးဖြင့် မိမိတို့၏ ရုပ်ကို အမျိုးမျိုး ဖန်ဆင်းပြနိုင်ကြသော ကြောင့် ပါဠိဘာသာအားဖြင့် နာနာဘာဝ ဟုခေါ်ကြပါသည်။

ထိုနာနာဘာဝ အမျိုးမျိုးတို့သည် -

- လူတို့က ဖိတ်ကြားလျှင် လာ၍တရားနာနိုင်ပါ သည်။
- အမျှဝေက သာဓုခေါ်နိုင်ပါသည်။ (သာဓုခေါ်နိုင် က ချက်ခြင်း ယုတ်ကြမ်းသောအတန်းမှ နူးညံ့ သောအတန်းသို့ပြောင်းသွားနိုင်ပါသည်)
- အိပ်မက်ပေးနိုင်ပါသည်။
- ကိုယ်ထင်ပြ၍ စကားယှဉ်ပြိုင်ပြောနိုင်ပါသည်
- လူရုပ်ပေါ်အောင်ဖန်ဆင်းပြနိုင်ပါသည်
- လူတို့အားရွှေငွေ စသည်များ၊ အခြားပစ္စည်းများ ပေးနိုင်ပါသည်။
- ကျေးဇူးတရားသိတတ်သူလည်း ရှိသည်။

www.dhammaransi.com



## လူဘက်က ကံဇာတာနိမ့်လျှင်

## အကုသိုလ်မှုများနေလျှင်

- လူကိုဖမ်းစားသတ်ဖြတ်နိုင်သည်
- လူကို ပူးကပ်ဝင်ပြီး နှိပ်စက်နိုင်သည်
- ရောဂါဝေဒနာ ဖြစ်စေကာ ညှဉ်းပန်းနှိပ်စက်နိုင်သည်

ထိုထိုနာနာဘာဝ အမျိုးမျိုးကို လူတို့၏ အတွေ့အကြုံဝေါဟာရ အမည်တွင်သည်မှာ တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲ၊ သဘက်၊ ဖုတ်ကျတ်၊ ဥစ္စာစောင့်၊ ရုက္ခစိုး၊ ဘီလူးတို့ဟူ၍ခေါ်ကြသည်။

## အနံ့ပေးမှု

တစ်စုံတစ်ယောက်သေဆုံးပြီးနောက် မကျွတ်မလွတ်သော တစ္ဆေ၊ သရဲ၊ ပြိတ္တာဖြစ်နေ၍ လူတို့နှင့် ဆက်ဆံလိုပါလျှင် အနံ့အမျိုးမျိုး ပေးတတ်သည်။

ရေမွှေးနံ့၊ ပန်းနံ့၊ ပရုတ်နံ့၊ ကြွက်သေနံ့၊ ငါးပိနံ့၊ လဘက်ပုတ်နံ့ စသည်တို့ဖြစ်ပါသည်။

- အမွှေးနံ့သည် နှုတ်ဆက်ရန်လာသည်ဟု ဆိုစမှတ်ပြုပါသည်။

www.dhammaransi.com



- အပုပ်နံ့သည် ချောက်ရန်လာသည်ဟု ဆိုစမှတ်ပြုပါသည်။

- အမွှေးနံ့၊ အပုပ်နံ့ လှိုင်စေခြင်းသည် လူ (၄) (၅) ဦး စု၍ထိုင်နေစေသော်လည်း အနံ့ရစေချင်သူမှ ရသည်။

အမွှေးနံ့ပေး၍ ကိုယ့်ကို နှုတ်ဆက်ရန်လာသူကို အလှူဒါန၏ ကုသိုလ်အကျိုးကို မေတ္တာရှေ့ထား၍ အမျှ အတန်းပေးဝေခြင်းအားဖြင့် သာဓုခေါ်နိုင်က ထိုပုဂ္ဂိုလ်မှာ အကျိုးများပါသည်။

## တစ္ဆေကျွေး အခေါ်အဝေါ်များ

- တစ္ဆေ၊ မှင်စာ ကျွေးရာ၌ စလောင်းစာပစ်သည်ဟုခေါ်သည်။

- သရဲ သဘက်၊ ဖုတ်-ပြိတ္တာ၊ ဘီလူးတို့ကို ကျွေးရာ၌ **ခေါ်စာကျွေးသည်** ဟုခေါ်သည်။

- စုန်းကို စကောနှင့် ကျွေးရာ၌ **ရွာချသည်** ဟုခေါ်သည်။

www.dhammaransi.com



- ပူးဝင်တတ်သော နတ်များအတွက် **နတ်တင်သည်၊ နတ်ပသသည်** ဟုခေါ်သည်။
- လူနာများအတွက် တောသို့ ထွက်၍ ကျွေးမွေးရသည်ကို **တောစာကျွေးသည်** ဟုခေါ်သည်။
- ရောဂါဘယများဖြစ်သည့်အခါ မကောင်းဆိုးဝါးတို့ကို ကျွေးရာ၌ **ဖြုံးစာကျွေးသည်**ဟု ခေါ်သည်။
- မြို့စောင့်နတ်၊ ရွာစောင့်နတ်ပွဲတင်သည်ကို **ဗလိနပ်စာကျွေးသည်** ဟုခေါ်သည်။

**စုန်း**

ရှေးရှေးဘဝတို့၌ ယုတ်ညံ့သော မကောင်းမှု ကံကို ပြုခဲ့ကြကုန်သော အချို့သော ဂန္ဓဗ္ဗနတ်တို့သည် လူ မိန်းမတို့၏ ကိုယ်တွင်း ဝမ်းတွင်း၌ ဖြစ်လာကြသည်။

ထို ဂန္ဓဗ္ဗနတ်မျိုးကို ဗေဒင်ကျမ်း၊ ဆေးကျမ်း မှော်ကျမ်းတို့၌ ယောဂိနီဟူ၍လည်းကောင်း၊ ဇော်ဂိနီဟူ၍ လည်းကောင်း ခေါ်သည်။

ထိုဇော်ဂီနီနတ်တို့သည် မိမိတို့ အမှတ်အသားထားသည့်အတိုင်း ညဥ့်အခါဝယ် မိမိတို့၏ တန်ခိုးအမျိုးမျိုးဖြင့် ကျက်စားကြသည်။ ထိုကျက်စားသောအခါဝယ် ထွန်းပတတ်သော အလေ့ရှိကြသည့်တွက် ပါဠိလို ဇုဏှာဟူ၍ ခေါ်ရာမှ စုန်းဟူ၍ ခေါ်လာကြပါသည်။

www.dhammaransi.com



ထို ဂန္ဓဗ္ဗနတ်တို့ ကပ်ရောက်ရာ မိန်းမကို စုန်းမ ဟူ၍ ခေါ်သည်။ ထိုစုန်းမသည် မိမိ၏ကိုယ်တွင်း ကိန်းအောင်းသော ဂန္ဓဗ္ဗနတ်၏ အစွမ်းဖြင့် အခြားသော သူတို့ကို နှိပ်စက်ခြင်း၊ ဖမ်းစားခြင်း စသောအမှုကို ပြုနိုင်သည်။

ပဋိသန္ဓေ နေသည်မှစ၍ ဂန္ဓဗ္ဗနတ် ထပ်ကြပ်ပါလာသော မိန်းမကို ဝမ်းတွင်းစုန်းဟုခေါ်သည်။ ဗူးရှိသည် ဗူးသွင်းသည်ဟု ခေါ်ဆိုကြသည်။ ဆေးကျမ်းတို့၌ စုန်း (၇)မျိုးရှိကြောင်း ဖော်ပြထားပါသည်။

## စုန်းတို့ပူးခြင်းကပ်ခြင်းသဘော

စုန်းများမှာ စားချင်သောက်ချင်၍သော်လည်းကောင်း လူကိုနှိပ်စက်လို၍လည်းကောင်း ပူးတတ်သည်။

စုန်းများပူးကာနီးတွင် ပူးခံရသောသူသည် သမ်းဝေ၍ လာတတ်သည်။ ကိုယ်ကိုစကောဝိုင်းယိမ်းလာတတ်သည်။ တစ်ခါတစ်ရံစုန်းက သူ့ကိုယ်သူ နတ်ထင်အောင် ဟန်ဆောင်တတ်သည်။ သာမန်လူများအကဲမခတ်နိုင်၊ သွေးစမ်းတတ်သော ဆရာများမှသာ စုန်းနှင့်နတ်တို့ ခွဲတတ်သည်။ (မီးယပ်ရောဂါ၊ ရည်းစားပူမိသော စိတ္တဇရောဂါသည်များ ရှိတတ်သည်။ ထိုသူများသည် စုန်း၊ နတ်၊ တစ္ဆေပူးသကဲ့သို့ ရှိတတ်သည်။ ထိုသည်ကို ပယောဂဆရာ တတ်ယောင်ကားတို့ကား မခွဲခြားတတ်၍ ပယောဂဟုဆိုကာ ရိုက်နှက်တတ်၍ ဒုက္ခ

www.dhammaransi.com



ရောက်သူ သေသူများရှိတတ်သည်ကို တောအရပ်များတွင် များစွာ တွေ့ကြုံရသည်။ သို့အတွက် ဆေးပညာထွန်းကားလာသော ယခုခေတ်ဝယ် ဆရာဝန်နှင့် ညှိနှိုင်းပြီးမှသာ ဆောင်ရွက်သင့်သည်ကို သတိပြုကြစေလိုပါသည်။)

တစ္ဆေ သရဲဖြစ်စေ၊ စုန်းဖြစ်စေ၊ ပူးနေသည့်အခါ ဖမ်းဆီးချုပ်နိုင်သောဆရာက ဖမ်းဆီးချုပ်နှောင်ပြီး တုတ်နှင့် ရိုက်လျှင် အပူးခံရသူ၌ အရှိုးအဖုထင်ပါသည်။ ခွာသွားသောအခါ အရှိုးအဖုးပျောက်သည်ဟု ကိုယ်တွေ့သမားတို့ကဆိုပါသည်။

စုန်းကိုကျွေးသောအခါ ထမင်းဟင်းကို စလောင်းတွင်ထည့်၍ ဟင်းကို စကောအလယ်ခေါင်တွင်ထည့်ပြီးလျှင် မြေကြီးမှာချ၍ ညအခါကျွေးရသည်။ စကောအလယ်တွင် ထွာဆိုင်ခန့် မီးသွေးနှင့်စက်ဝိုင်းရေး၍ စက်ဝိုင်းအလယ်တွင် စလောင်းဖုံးတည်ရလေသည်။ စကောနှုတ်ခမ်းပြင်က ရေစည်ဝိုင်းထားရသည်။ စကောနှုတ်ခမ်းကို ယောက်မနှင့်ခေါက်၍ စားပါသောက်ပါဟု ပြောဆိုတောင်းပန်၍ထားရသည်။ ထိုအခါ ခွေးဖြစ်စေ လာ၍စားတက်သည်။

(စား၍ အာသာမပြေသေးလျှင် ထမင်းနှင့်ဟင်း နည်းနည်းချန်ထားတတ်သည်။ )

( လူနာအတွက် ရည်စူး၍ကျွေးသော စကောတွင် ကျောက်ခဲတွေပါက "မာလိမ့်မည်" ဟုအဓိပ္ပါယ်ရပါသည်။)

www.dhammaransi.com



(မြေဇာမြက်တွေကကမ္ဘာနှင့်မြေဇာမကျေဟု အဓိပ္ပါယ်ရသည်။)

( မီးသွေးတွေ့က အနာကျွမ်းပြီဟု အဓိပ္ပါယ်ရသည်။ )

## စတုမဟာရာဇ်အောက်နတ်များ

စတုမဟာရာဇ်ခေါ် နတ်မင်းကြီးလေးပါးသည် အောက်နတ်အမျိုးမျိုးတို့ကို ခွဲခြား၍အုပ်ချုပ်သည်။

- ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်သည်။
- ဝိရူဠှကနတ်မင်းကြီးသည် ကုမ္ဘဏ်(ဉစ္စာစောင့်) တို့ကို အုပ်ချုပ်သည်။
- ဝိရူပက္ခနတ်မင်းကြီးသည် နတ်နဂါးတို့ကို အုပ်ချုပ်သည်။
- ကုဝေရ နတ်မင်းကြီးသည် နတ်ဘီးလူးတို့ကို အုပ်ချုပ်သည်။

ထိုနတ်မင်းကြီးလေးပါးအုပ်ချုပ်နေသော နတ်တို့သည် အောက်တန်းကျပြီးများသောအားဖြင့် လွန်စွာရက်စက်ကြမ်းကြုတ်ကြသည်။ ရက်ရက်စက်စက် ပြုကြလေ့ရှိသည်။ အချင်းချင်းကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း အမျိုး

www.dhammaransi.com



မျိုးသော ညှင်းဆဲခြင်းတို့ဖြင့် ညှင်းဆဲနှိပ်စက်တတ်ကြသည်။

ထိုသို့ မညှင်းဆဲနိုင်ရန် အဆင့်ဆင့် ရှိသော ဘုရင်ခံနတ်များကို ထားပေးသည်။ နတ်စစ်သူကြီး အကြပ်စသော နတ်တို့ကို ခန့်ထားပေးခဲ့ပါသည်။ စစ်သူကြီး (၂၈) ဦးရှိကြောင်းအာဋ္ဌာနာဋိယသုတ်၌ ပြဆိုထားပါသည်။

ထိုအောက်နတ်တို့တွင်-

- ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသော လူမဟုတ်သောသူကို **နတ်ဘီလူး**ဟုခေါ်သည်။
- ကိုယ်ရောင်ကိုယ်ဝါကင်း၍ ကျက်သရေမဲ့ အရုပ်အဆင်းမဲ့ဆိုးဆိုးဝါးဝါးလူမဟုတ်သော သူကို **ဘီလူး**ဟုခေါ်သည်။
- တောစိုးသစ်ပင်ကြီးကြီးများကို မှီခိုနေသော သူကို **ရုက္ခစိုး** ဟုခေါ်သည်။
- မြေဘုံ၌ဗိမ္မာန်ဆောက်တည်သောသူကို **ဘုမ္မစိုး**ဟုခေါ်သည်။
- ကြီးသောဝမ်းဗိုက်၊ ကျယ်သော ပြူးသော နီသော မျက်စိရှိပြီး ဥစ္စာပစ္စည်းစောင့်ကြပ်ရသောသူတို့ကို **ကုမ္ဘာဏ် (ဥစ္စာစောင့်)** ဟုခေါ်သည်။
- သစ်ပင်သစ်ခေါင်း၌လည်းကောင်း၊ မိန်းမကိုယ်တွင်းမှီ

www.dhammaransi.com



အောင်းနေသော သူကို **ဂန္ဓဗ္ဗ နတ်(စုန်း)** ဟုခေါ်သည်။

တောင်၏အတွင်း၌ သော်လည်းကောင်း၊ မြေပြင်အတွင်း၌ သော်လည်းကောင်း၊ ဝသုန္ဒရနတ်မျိုး ဘုမ္မဒေဝ နတ်မျိုး ကို **နဂါး**ဟုခေါ်သည်။

## နတ်ပူးခြင်းကပ်ခြင်းသဘော

နတ်ပူးခြင်းသည် နတ်ကို မိရိုးဖလာဖြစ်စေ၊ မထိမဲ့မြင် ပြုသည့်အခါဖြစ်စေ၊စော်ကားမော်ကား ပြုသည့်အခါဖြစ်စေ၊ ပူးတတ်သည်။ အန္တရယ်ပေးတတ်သည်။

မိရိုးဖလာကိုပြန်လည်လက်ခံသည်ဖြစ်စေ ၊ ငှက်ပျော အုန်းစသော ကန်တော့စရာနှင့်ကန်တော့လျှင် ဖြစ်စေ ပြေ ပျောက်ပါသည်။

နတ်ပူးဝင်ကာနီး သမ်းဝေလာတက်ပါသည်။ ဆတ် ဆတ်တုံအောင် ကိုယ်ကိုယိမ်းလာတက်ပါသည်။

- တစ်စုံတစ်ခု ( စုန်း, နတ်, တစ္ဆေ ) စသည် ပူးကပ် နေလျှင် ပူးကပ်ခံရသူ၏ လက်ခြေသည် စေးထန်း နေတတ်သည်။
- မျက်တောင် သွက်သွက်မခတ်၊ စင်းနေတတ်သည်။

www.dhammaransi.com

၃၆ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

မိရိုး ဖလာ နတ်ကိုးကွယ်သူတို့ အထူးသတိပြုရန်မှာ ကတိသစ္စာရှိခြင်း၊ သူ၏ကျေးဇူးကို သိတတ်ခြင်း၊ စိတ်ကောင်း နှလုံးကောင်း ထားခြင်း တို့သည် လောကီ၌ ဖြစ်စေ၊ လောကုတ္တရာ၌ဖြစ်စေ မည်သည့်အခါမျှ အကျိုးပေးမယုတ်၊ အောက်တန်း နောက်တန်းမဖြစ်သည်ကို သတိပြုပြီး မိမိက ကိုးကွယ်မည်၊ ဆည်းကပ်မည်၊ ပြုလုပ်ပေးမည်ဟု ကတိပြု ထားက ထိုကတိအတိုင်းပြုလုပ်ပါ။

ဘုရားရှင်ကလည်း မဆုတ်ယုတ်ကြောင်း တရား (၇) ပါးတွင် ရိုးရာ နတ်တို့ကို ပူဇော်ပသခြင်း၊ ဗလိနတ်စာပေး ခြင်းသည် ကောင်းသောအလုပ်ဟူ၍ မဟာပရိနိဗ္ဗာနသုတ် ၌ ဟောထားခဲ့သည်ကို သတိပြုကြစေလိုသည်။

(စုန်း, နတ်၊ တစ္ဆေ စသည်တို့ ပူးဝင်ကပ်သောအခါ ထွက်ခွာမသွားနိုင်ရန် ဆံစု၊ ခါးပန်းကြိုး၊ ပရိတ်ချည် စသည်တို့ဖြင့် ဖမ်းချုပ်နိုင်သည်ဟု ဆိုပါသည်။)

## တစ္ဆေ သရဲတို့ သေဆုံးပုံ

(မိလိန္ဒပဉှာကျမ်း၊ ဝိဇ္ဇာဓရကျမ်း၊ တိတ္ထုံကျမ်းတို့ အဆိုအရ)

ပြိတ္တာ (တစ္ဆေ) စသည်တို့ သေဆုံးသောအခါ ပိုး ပေါက်ဖတ်၊ ပိုးနံ့ကောင်၊ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပုတ်သင်၊ ငှက်၊ သမင်၊ ကြွက်၊ ဖါး၊ မိကျောင်း၊ လင်းပိုင်၊ စိုင်၊

www.dhammaransi.com



ဆတ်၊ ယုန်၊ ဖျံ စသော အကောင်တို့သဏ္ဍာန်ပြောင်း၍ သေသည်။

## ပြိတ္တာ အမျှဝေမှု အစ ဘုရင်ဗိမ္ဗိသာရ

ဤဘဒ္ဒကမ္ဘာ မရောက်မီ (၉၂) ကမ္ဘာထက် အချိန်ကာလဖြစ်ပါသည်။ ယင်းအချိန်တွင် ကာသီဆိုသောမြို့ဝယ် ဇယသေနမင်းသည် ထီးနန်းစံလျက်ရှိသည်။ ထိုမင်း၏ မိဖုရားမှာ "သိရိမာ" အမည်ရှိပြီး သားတော်မှာ ဖုဿ အမည်ရှိပါသည်။

ထိုသားတော် ဖုဿသည် နောင်တွင် သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင် ဖြစ်လာပါသည်။

ဇယသေနမင်းကြီးသည် "ငါ့သားသည် တောထွက်ပြီး ဘုရားဖြစ်လာသည်၊ ငါ့ဘုရား၊ ငါ့တရား၊ ငါ့သံဃာ ဖြစ်သည်၊ ငါ တစ်ဦးတည်းသာ ဘုရားရှင်ကို လုပ်ကျွေးမည်၊ အခြားသူတွေ မလုပ်ကျွေးရ" ဟူ၍ ငါ့ဥစ္စာ စွဲလမ်းမှုဖြစ်ကာ တစ်ဦးတည်း ဘုရားရှင်ကို လုပ်ကျွေးနေခဲ့သည်။

"ဘုရားရှင်ဆိုသည်မှာ တစ်လောကလုံး အစီးအပွားအလို့ငှာ ပွင့်တော်မူလာခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်တည်း အစီးအပွားအတွက် ပွင့်တော်မူလာခြင်း မဟုတ်၊ တို့ခမည်းတော်သည် ဘုရားရှင်ကို အခြားလူတွေ လုပ်ကျွေးခွင့်

www.dhammaransi.com



မပြု၊ ဒီတော့ ဘယ်လိုနည်းနှင့် ဘုရားရှင်ကို လုပ်ကျွေးခွင့်ရမည်နည်း၊ တစ်ခုခုတော့ လုပ်ကြဖို့ သင့်သည်"

ဖုဿဘုရားရှင်နှင့် ဖအေတူ မအေကွဲ ညီနောင် (၃) ယောက်သည် ခမည်းတော်က တစ်ယောက်တည်းပြုစုလုပ်ကျွေးခြင်းကို မကြေနပ်ကြ၍ တိုင်ပင်ညှိနှိုင်းကြသည်။

ထို့နောက် ကျေးလက်ဇနပုဒ်တွင် သူပုန်များ ဆူပူသောင်းကျန်းရန် စီမံပြီး စေခိုင်းသည်။

ဇယသေနမင်းသည် ကျေးရွာဇနပုဒ်တို့တွင် သူပုန်သူကန်များ သောင်းကျန်းနေသည်ဟူသော သတင်းကို ကြားသောအခါ သားတော် သုံးပါးကို သူပုန် သူကန်များကို နှိမ်နင်းရန် စေလွှတ်လိုက်လေသည်။

မင်းသားတို့သည် စစ်သည် ဗိုလ်ပါတို့နှင့်တကွ ပစ္စန္တရာဇ်ကို ငြိမ်းအေးစေရန် ချီတက်ကြသည်။ မိမိတို့စီမံထားသောကိစ္စဖြစ်၍ မိမိတို့ရောက်သောအခါ ပစ္စန္တရာဇ်သည် ငြိမ်းအေးသွားလေသည်။

ထို့နောက် နေပြည်တော်သို့ တပ်ခေါက်၍ ပြန်လာခဲ့ကြသည်။ ဇယသေနမင်းသည် စစ်ပွဲအောင်ခဲ့ကြသော သားတော်များကို အလွန်နှစ်သက်ကျေနပ်တော်မူ၍ သားတော်

www.dhammaransi.com



များကို -

"ငါ့သားတော်များ အလိုရှိသော ဆုကိုယူကြ" ဟု ဆုပေးလေသည်။ ထိုအခါ သားတော်များက

"ကျွန်တော်တို့ နောင်တော်ဘုရားကို လုပ်ကျွေးလိုပါသည်" ဟူ၍ ဆုကိုတောင်းကြသည်။

"ဤ ဆုကိုထားပြီး အခြားဆုကို ယူကြပါ သားတို့"

"ခမည်းတော်ဘုရား - သားတို့ ဤဆုမှ တစ်ပါး အခြားဆုကို မလိုပါ"

"ဤသို့ဆိုက ပိုင်းခြား ကန့်သတ်ယူပြီး လုပ်ကျွေးကြပါလော့"

မင်းသားတို့သည် ဘုရားရှင်ကို ပူဇော်လုပ်ကျွေးရန် ခုနှစ်နှစ်ကို တောင်းကြသည်။ မင်းကြီးက မပေးချေ။

သို့အတွက် ခြောက်နှစ်၊ ငါးနှစ်၊ လေးနှစ်၊ သုံးနှစ်၊ နှစ်နှစ်၊ တစ်နှစ်၊ ခုနှစ်လ၊ ခြောက်လ၊ လေးလ၊ တို့အထိတစ်ဆင့်ပြီးတစ်ဆင့် လျှော့တောင်းကြသည်။ မင်းကြီးကမပေးချေ။ နောက်ဆုံးတွင် တစ်ယောက်တစ်လ လုပ်ကျွေးခွင့်တောင်းရာ ထိုအခါကျမှ မင်းကြီးက သဘောတူလေသည်။

www.dhammaransi.com



မင်းသားတို့သည် သုံးလ လုပ်ကျွေးခွင့်ရလျှင်ပင် ကျေနပ်သွားကြသည်။ ဘုရားရှင်ထံသို့သွားကြပြီး ရှိခိုးကာ-

" အရှင်ဘုရား-တပည့်တော်တို့သည် အရှင်ဘုရားကို ဝါတွင်းသုံးလ လုပ်ကျွေးခွင့်ရ၍ လုပ်ကျွေးပြုစုပူဇော်လိုကြပါသည်။ ဘုရားတပည့်တော်တို့ နေထိုင်ရာ ဇနပုဒ်သို့ကြွ၍ ဝါကပ်တော်မူပါဘုရား " ဟုလျှောက်ထားကြသည်။

ဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ သီးခံခွင့်ပြုတော်မူသည်။

မင်းသားတို့သည် ဘုရားရှင်ထံမှ ခွင့်ပြုရသောအခါ မိမိတို့စားရသော ဇနပုဒ်ရှိ အလုပ်အမှုဆောင်ထံသို့-

" ဝါတွင်းသုံးလပတ်လုံး တို့တတွေ ဘုရားရှင်ကို လုပ်ကျွေးခွင့်ရသည်၊ သင်တို့သည် ကျောင်းကအစ ဘုရားရှင်အား လုပ်ကျွေးရန်အဆောက်အဦး အသုံးအဆောင်အလုံးစုံကို လုပ်ဆောင်စီမံထားကြပါလော့ "

ဟုစာရေးမှာလိုက်သည်။ ဇနပုဒ်ခေါင်းဆောင်ကလည်း အကုန်လုံးပြည့်စုံအောင် စီမံပြီးလျှင် ပြီးစီးကြောင်းကို အကြောင်းပြန်ကြားသည်။

www.dhammaransi.com



မင်းသားသုံးယောက်တို့သည် ထိုစာကိုရလျှင် မိမိတို့ ကိုယ်တိုင်ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကြပြီးလျှင် ဝေယျာဝစ္စဆောင်ရွက်ကြသော လူ(၁၀၀၀)နှင့်အတူ ဘုရားရှင်ကို ပင့်ဆောင်ပြီးကျောင်းကို အပ်နှင်းကာ သီတင်းသုံးစေသည်။

မင်းသားသုံးဦးတို့၏ ဘဏ္ဍာစိုးသည် သဒ္ဓါတရားရှိသည်၊ ရတနာသုံးပါးကိုလည်း အထူးကြည်ညိုသည်၊ သူ၏ အိမ်သူဇနီးကလည်းသူလိုပင် သဒ္ဓါတရားရှိသည်။ ရတနာသုံးပါးကိုလည်းကြည်ညိုသည်။ ထိုဘဏ္ဍာစိုးသည် ဘုရားအမှူးရှိသော သံဃာတော်များကို ဒါနဝတ်ကို ရိုရိုသေသေပေးလှူသည်။

ဇနပုဒ်ခေါင်းဆောင်ကလည်း ဘဏ္ဍာစိုးကို အတုယူပြီး ဇနပုဒ်သားတစ်သောင်းတစ်ထောင်နှင့်အတူ ရိုရိုသေသေ ဒါနဝတ်ကို ဖြစ်စေပါသည်။

ထိုတစ်သောင်းတစ်ထောင်သော ဇနပုဒ်သားတို့တွင် အချို့သောဇနပုဒ်သားတို့သည် စိတ်ဓာတ်မကောင်းကြပေ။ အလှူဒါန၏ အန္တရာယ်ကို ပြုကြသည်။ လှူဖွယ်ဝတ္ထုတို့ကို သံဃာဦးဦးဖျားဖျားယူငင် စားသောက်ကြသည်။ ပြောဆိုဆုံး

www.dhammaransi.com



မသောအခါ ဆွမ်းစားကျောင်းကို မီးရှို့ဖျက်ဆီးကြသည်။

သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးသောအခါ မင်းသားသုံးယောက်သည် ဘုရားရှင်ကို အကြီးအကျယ်ပူဇော်မှုပြုကြသည်။ ထို့နောက် ထိုဘုရားရှင်ကို ပင့်ဆောင်ကာ ခမည်းတော်ဇယသေနမင်းထံသို့ပြန်လာခဲ့ကြသည်။

ထိုအရပ်မှ ပြန်သွားပြီးနောက် နောက်အဘို့ဝယ် ဘုရားရှင်သည် ကာသိမြို့မှာပင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ဇယသေနမင်း၊ မင်းသားသုံးဦး ဇနပုဒ်အမှုဆောင် ဘဏ္ဍာစိုးစသည်တို့သည် တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်ခဲ့ကြရာ နောက်ပါပရိသတ်နှင့်အတူ နတ်ပြည်၌ ဖြစ်ကြရသည်။

ပြစ်မှားကြသော သူတို့မှာမူ ငရဲသို့လားကြရသည်။ ထိုနှစ်စုတွင် တစ်စုသည် နတ်ပြည်သို့လည်းကောင်း၊ တစ်စုသည်ငရဲတစ်ခုမှငရဲတစ်ခုသို့လည်းကောင်း၊ ပြောင်းလဲဖြစ်ကြကာ (၉၂) ကမ္ဘာဝယ် ကဿပဘုရားရှင် ပွင့်လာသည်။ ထိုဘုရားရှင် လက်ထက်ဝယ် ငရဲရောက်အုပ်စုသည် ငရဲမှ လွတ်မြောက်ပြီး ပြိတ္တာဖြစ်နေကြရသည်။

ထိုအခါဝယ် လူတို့သည် မိမိတို့၏ ဆွေမျိုးပြိတ္တာတို့၏ အကျိုးငှါအလှူပေး၍-

www.dhammaransi.com



" ဤအလှူသည် ငါတို့၏ ဆွေမျိုးတို့အား ဖြစ်စေသတည်း " ဟုရည်ညွှန်း (အမျှပေးဝေ) ကုန်သည်။ ထိုပြိတ္တာဆွေမျိုးတို့သည် အမျှရကြ၍ သာဓုခေါ်ကြသောအခါ စည်းစိမ်ချမ်းသာကို ခံစားကြရသည်။

ထိုအခါ (၉၂) ကမ္ဘာထက်က ပြိတ္တာတို့သည် ဤသည်တို့ကို တွေ့မြင်ရသောအခါ ကဿပဘုရားရှင်ထံသို့ ချဉ်းကပ်ကာ လျှောက်ထားကြသည်။

" မြတ်စွာဘုရား -- တပည့်တော်ဟုလည်း ဤသို့သော စည်းစိမ်ချမ်းသာမျိုးကို ရနိုင်ပါဦးမည်လားဘုရား "

" တစ်ချိန်မှာ ဂေါတမဆိုတဲ့ဘုရားပွင့်တော်မူလိမ့်မယ်၊ အဲဒီဂေါတမဘုရားလက်ထက်မှာ ဗိမ္ဗိသာရဆိုတဲ့ မင်းဖြစ်လာလိမ့်မယ်၊ အဲဒီမင်းဟာ ဒီကမ္ဘာမရောက်ခင်(၉၂) ကမ္ဘာထက်က သင်တို့ရဲ့ ဆွေမျိုးဖြစ်ခဲ့ဖူးတယ်၊ အဲဒီဗိမ္ဗိသာရမင်းက ဂေါတမဘုရားကို အလှူဒါနပြုလုပ်ပြီး သင်တို့အားရည်ညွှန်း (အမျှအတန်း) ပေးဝေလိမ့်မယ်၊ အဲဒီအချိန်ကျမှသင်တို့ ရကြလိမ့်မယ် "

ဘုရားရှင်၏ စကားကိုကြားရသော ပြိတ္တာအပေါင်းသည်-

" နက်ဖြန်ရတော့မည်ဟု ပြောခံရသကဲ့သို့ပင် ဝမ်းမြောက်ဝမ်းသာဖြစ်လေသည် "

www.dhammaransi.com

## ၄၄ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

ထို့နောက် တစ်ခုသောဘုရားတစ်ဆူနှင့်တစ်ဆူကြား ကာလကို လွန်သည်ရှိသော် ယခု ဂေါတမဘုရားပွင့်တော်မူလာခဲ့သည်။

မင်းသားညီနောင်တို့သည် ယောက်ျားတစ်ထောင်တို့နှင့် အတူတကွ နတ်ပြည်မှ စုတေ၍ မာဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကြသည်။ နောင်တစ်ချိန် ရသေ့ပြု၍ ဂယာသီသတွင် (ဥရုဝေဠကဿပ) နဒီကဿပ၊ ဂယာကဿပဟူ၍ ရသေ့(၃) ဦးဖြစ်လာသည်။ ဘဏ္ဍာစိုးသည် ဝိသာခါအမည်ရှိ သူဌေးကြီးဖြစ်လာပြီး ဇနီးသည်မှာ ဓမ္မဒိန္နာမည်သော သူဌေးသမီးဖြစ်လာသည်။

ကျန်သော ပရိသတ်သည် ဗိမ္ဗိသာရမင်း၏ ခြွေရံပရိသတ်ဖြစ်လာကြပါသည်။

ဂေါတမဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်နှင့် ရွှေပလ္လင်အနားမှာပင် သတ္တာ သတ္တတ (၄၉) ရက် သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ဗာရဏာသီသို့ကြွလာပြီး မိဂဒါဝုန်တွင် ဓမ္မစကြာတရားကို ပဥ္စဝဂ္ဂီငါးဦးအား ဟောကြားခဲ့သည်။ ထို့နောက်ရသေ့ညီနောင်နှင့် နောက်ပါရသေ့တို့ကိုဆုံးမ၍ ရဟန်းဖြစ်စေခဲ့ပါသည်။

www.dhammaransi.com



ထို့နောက် ရာဇဂြိုဟ်မြို့သို့ကြွတော်မူခဲ့ပါသည်။ ရာဇဂြိုဟ်မြို့သို့ရောက်သောနေ့မှာပင် ဗိမ္ဗိသာရမင်းနှင့်တကွ မာဂဓတိုင်းသား ပုဏ္ဏားများအခြားအိမ်ထောင်ရှင် တစ်သိန်း တစ်သောင်းတို့ သောတာပတ္တိဖိုလ်မှာ တည်စေခဲ့ပါသည်။

ထိုအချိန်မှာပင် ဗိမ္ဗိသာရမင်းက ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းစားပင့်သည်။ ဘုရားရှင်က လက်ခံတော်မူပါသည်။

နောက်တစ်နေ့ဆွမ်းဘုဉ်းပေးရန် ရာဇဂြိုဟ်မြို့တွင်းသို့ ဘုရားရှင်ကြွတော်မူရာ သိကြားမင်းသည် လုလင်ငယ်သွေး အသွင်ဆောင်ပြီးဘုရားရှေ့မှသွားကာ -

" သိင်္ဂနိသ် ရွှေရောင်အဆင်းလို၊
ပြောင်တဝင်းဝင်း ထိန်လင်းဖြာ၊
ဘုရားမြတ်မွန်လွန်ယဉ်ကျေးလို၊
ကိလေသစ်ကြေး ကင်းလွတ်ကွာ၊
ကိလေကင်းစင်၊ ယဉ်သိမ့်မွေ့တဲ့၊
ရသေ့ ဟောင်းတွေခြံရံကာ၊
ရာဇဂြိုဟ်ခေါ် မြို့တော်တွင်း သာယာဖြည်းညှင်း ကြွဝင်လာ "

www.dhammaransi.com

## ၄၆ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

အစရှိသောကဗျာလင်္ကာနှင့် ဘုရားရှင်ကို ချီးကျူး ပြီးပင့်လာခဲ့ပါသည်။

ဘုရားရှင်သည် ဗိမ္ဗိသာရမင်း၏ နန်းတော်ဝယ် ကြီး ကျယ်မြင့်မြတ်သော အလှူကို လက်ခံတော်မူပါသည်။

ထိုအချိန်ဝယ် ပြိတ္တာတို့ကလည်း -

“ဗိမ္ဗိသာရမင်းသည် ငါတို့အတွက် လှူ၏၊ ယခုပင် ရည်ညွှန်းအမျှဝေပေးလတံ့၊ ယခုပင်အမျှရပေလတံ့”

ဟူသော မျှော်လင့်ချက်များဖြင့် ကောင်းစွာခြံရံ၍ နေကြလေသည်။

ဗိမ္ဗိသာရမင်းသည် အလှူကို ပေးလှူပြီးနောက်-

“ဘုရားရှင်ဟာ ဘယ်နေရာဌာနမှာ သီတင်းသုံး နေ ထိုင်ရပါ့မလဲ” ဟု ဘုရားရှင် သီတင်းသုံးနေထိုင်မည့် နေရာ ဌာနကို စဉ်းစားနေ၍ အလှူ၏အဖို့ကို မည်သူတစ်ဦးတစ် ယောက်ကိုမျှ အမျှအတန်းမပေးဝေမိချေ။

ပြိတ္တာတို့သည် မျှော်လင့်ချက်များ ဆုံးရှုံးသွားကြ သည့်အတွက် ညဉ့်သို့ရောက်သော် ဗိမ္ဗိသာရမင်း၏ နန်း တော်ထဲဝယ် အလွန်ကြောက်စရာကောင်းသော အသံမျိုးစုံ ဖြင့် ဟစ်အော်ကြွေးကြော်ကြလေသည်။

www.dhammaransi.com



ဗိမ္ဗိသာရမင်းသည် ထိုအသံများကို ကြားရသော် အလွန်ကြောက်ရွံ့ထိတ်လန့်သွားသည်။ နံနက်လင်းလျှင် လင်းချင်းပင် ဘုရားရှင်ထံသို့ သွားပြီး လျှောက်ထားသည်။

"ညက ဤသို့သော အသံများ ကြားရပါသည်ဘုရား၊ ဘုရားတပည့်တော်မှာ မည်သို့ ဖြစ်နိုင်ပါသလဲ ဘုရား"

"မင်းကြီး မကြောက်လင့် - သင်မင်းကြီးအား တစ်စုံတစ်ခုသော မကောင်းမှုသည် မဖြစ်၊ အမှန်မှာ သင်၏ ထင်ရှားရှိသော ဆွေမျိုးဟောင်းတို့သည် ပြိတ္တာဘုံ၌ ဖြစ်ကုန်၏။ ထိုသူတို့သည် တစ်ခုသော ဗုဒ္ဓန္တရ ပတ်လုံးမျှော်လင့်ကြီးစွာဖြင့် ဘုရားအား အလှူကိုပေး၍ ငါတို့အား ရည်ညွှန်းလတ့ံ - ဟု လှည့်လည်ကုန်သော်လည်း သင်မင်းကြီးသည် ယမန်နေ့က အလှူပေး၍ မရည်ညွှန်း (အမျှမဝေသည့်) အတွက်ကြောင့် မျှော်လင့်ချက်ကင်းပြတ်လျက် ထိုသို့သဘောရှိသော အသံကိုပြုကြခြင်းဖြစ်ပါသည် "

"အရှင်ဘုရား ယခုလှူလို့ရှိရင်ကော ရပါဦးမလား ဘုရား"

"မင်းကြီး - ရသေးအံ့"

"မြတ်စွာဘုရား - ထိုသို့ဆိုက မြတ်စွာဘုရားအား ယနေ့ အလှူကို လှူပါအံ့၊ ထိုပြိတ္တာတို့အား အမျှပေးဝေ

www.dhammaransi.com



ပါအုံ့"

မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ လက်ခံတော်မူသည်။ မင်းကြီးသည် နန်းတော်သို့ ပြန်၍ ကြီးစွာသော ဒါနကို စီရင်၍ ဘုရားရှင်ကို ပင့်စေသည်။ ဘုရားရှင်သည် မင်းနန်းတော်သို့ကြွ၍ ခင်းထားသော နေရာ၌ ရဟန်းသံဃာနှင့်တကွ ထိုင်တော်မူသည်။

"ယနေ့ အမျှ ရကုန်ပြီးအုံ့လားမသိ"

ပြိတ္တာတို့သည် ဤသို့ဆို၍ နန်းတော်၏ တံတိုင်းဘက်၊ နံရံတစ်ဘက် စသည်တို့၌ ရပ်တည်ကြပြန်သည်။

ထိုပြိတ္တာများသည် ငြူစူမှု၊ ဝန်တိုမှု အကုသိုလ် အကျိုးကို ခံစားနေရသူများ ဖြစ်ကြသည်။

အချို့ပြိတ္တာများသည် ရှည်လျား ဖေါက်ပြန်သော မုတ်ဆိပ်တွေ၊ ဆံပင်တွေ၊ မဲမှောင်နေသော ပါးစပ်တွေ၊ အကြောတွေက လျော့ရဲရဲ နှောင်ဖွဲ့ထားသည့်အတွက် တွဲလျားကျနေသော ကိုယ်အင်္ဂါတွေ၊ ပိန်ကြုံ ကြမ်းတမ်း မဲနက်သော ကိုယ်အင်္ဂါတွေ၊ အလွန် အကျည်းတန် အရုပ်ဆိုးကြသည်။ နေရာတိုင်းမှာ တွေ့နေရသော တောမီးလောင်ထားသော ထန်းပင်ငုတ်တိုကဲ့သို့ ဖြစ်နေကြသည်။

www.dhammaransi.com



အချို့ပြိတ္တာများသည် ထမင်းဆာခြင်းဆိုသော ပွတ်ခုံ၊ ရေငတ်ခြင်းဆိုသော ပွတ်ကျည်တို့၏ ပွတ်တိုက်ခြင်းကြောင့် ရင်ကစ တောက်လောင်လာပြီး ပါးစပ်က ထွက်နေသော မီးလျှံများနှင့် တစ်ကိုယ်လုံး လောင်မြိုက်ခံစားနေကြရသည်။

အချို့ပြိတ္တာတို့သည် သူတို့၏ လည်ချောင်းပေါက် အပ်နဖါးပေါက်လောက် သေးငယ်ပြီး၊ ဝမ်းဗိုက်က တောင်ကြီးသဖွယ် ဖြစ်နေ၍ စားစရာ သောက်စရာ ရသော်လည်း မစားနိုင်၊ မသောက်နိုင်ဖြစ်ကာ ဆာလောင်မွတ်သိပ်မှု ဒါဏ်ကို အလူးအလိမ့်ခံနေကြရသည်။ သူတို့သည် ဆာလောင်မွတ်သိပ်မှုမှ တစ်ပါး အခြား ဘာအရသာကိုမျှ မရရှိကြပါ။

အချို့ပြိတ္တာများသည် အချင်းချင်းရဲ့ ကိုယ်မှာဘဲဖြစ်ဖြစ်၊ အခြားသတ္တဝါတွေ၏ကိုယ်မှာဘဲဖြစ်ဖြစ် တည်ပြီး ပေါက်ကွဲလာသော အိုင်းအမာ (အနာဆိုးအနာပျက်) သွေးစုနာတွေ အဝက ယိုစီးထွက်လာသော သွေးပြည်၊ အနာစေးစသော အရာတွေကို အမြိုက်သုဒ္ဓါထင်ပြီး မြိန်မြိန်ရှက်ရှက် လျက်နေကြသည်။ အလွန်ပင် အကျည်းတန် အရုပ်ဆိုးပြီး ကြောက်စရာ လန့်စရာ ကောင်းသော ရုပ်ဆင်းသဏ္ဍာန် ဖြစ်နေကြသည်။

ဘုရားရှင်သည် ထိုပြိတ္တာအားလုံးကို ဗိမ္ဗိသာရဘုရင်

www.dhammaransi.com



မြင်နိုင်အောင် တန်ခိုးဖြင့် ပြတော်မူသည်။

ဗိမ္ဗိသာရမင်းကြီးသည် အလှူရေစက်ကိုပေး၍ -

"ဤအလှူသည် ငါ့ဆွေမျိုးဟောင်း ပြိတ္တာတွေအတွက် ဖြစ်ပါစေ" ဟု ရည်ညွှန်း၍ အမျှပေးဝေသည်။

ထိုသို့ လှူဒါန်း အမျှပေးဝေဆဲ ခဏမှာပင် ပြိတ္တာတို့အား ကြာမျိုးငါးပါး ဖုံးလွှမ်းနေသော ရေကန်တိုင်းသည် ဖြစ်လာကုန်သည်။ ထိုပြိတ္တာတို့သည် ထိုရေကန်၌ ရေချိုး၍လည်းကောင်း၊ သောက်သဖြင့်လည်းကောင်း ပူလောင်ခြင်း၊ ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းတို့မှ ငြိမ်းကုန်သည်၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သည်။

မင်းကြီးသည် ဆက်လက်၍ ယာဂုစသော ခဲဘွယ် ဘောဇဉ်တို့ကို ပေးလှူ၍ အမျှဝေသည်။

ပြိတ္တာတို့အား ထိုခဏမှာပင် နတ်၌ဖြစ်သော ယာဂု ခဲဘွယ် ဘောဇဉ်တို့သည် ဖြစ်ကုန်သည်။ ပြိတ္တာတို့သည် ထို ခဲဘွယ် ဘောဇဉ်တို့ကို စားသောက်ရန် ပြည့်ဖြိုးသော ဣန္ဒြေ ရှိကြကုန်သည်။

မင်းကြီးသည် အဝတ်ပုဆိုးတို့ကို ပေးလှူ၍ အမျှပေး ပြန်သည်။ ထိုခဏမှာပင် ပြိတ္တာတို့အား နတ်၌ ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ်အခင်း အရုံ အိပ်ရာ စသော တန်ဆာ

www.dhammaransi.com



တို့သည် ဖြစ်ပေါ်လာသည်။

ဖြစ်ပေါ်လာတိုင်းသောအရာကို မင်းကြီးမြင်အောင် ဘုရားရှင်က တန်ခိုးဖြင့် ပြတော်မူသည်။ မင်းကြီးသည် ထိုအရာအားလုံးကို မြင်ရ၍ အလွန်ပင် ဝမ်းသာခံစားဖြစ်မိလေသည်။

ထို့နောက် ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းကိစ္စပြီးသောအခါ ဗိမ္ဗိသာရ ဘုရင်ကို ဘုရားရှင်က အနုမောဒနာတရား ဟောကြားတော်မူပါသည်။

၁။ "မင်းမြတ် သင့်ရဲ့ ဆွေမျိုးဖြစ်တဲ့ ပြိတ္တာတွေဟာ ကိုယ့်အိမ်ဆိုသော အမှတ်နဲ့ သင့်ရဲ့ နန်းတော်သို့လာကြပြီး နံရံတစ်ဘက်၊ အိမ်စပ်၊ နံရံစပ်၊ လေသာပြတင်းအစပ်၊ ခရီးလမ်းဆုံ တံခါး၀၊ တံခါးပေါက်တွေမှာ ရပ်နေကြတယ်"

ဗိမ္ဗိသာရမင်းအား ပြိတ္တာတွေကို ပြလိုသည်ဖြစ်၍ ဘုရားရှင်က ဤသို့ မိန့်ကြားခြင်းဖြစ်ပါသည်။

ပြိတ္တာများအတွက် -

- ဆွေဟောင်းမျိုးဟောင်းတွေရဲ့အိမ်
- မိမိကိုယ်တိုင် ပိုင်ရှင်အနေနှင့် နေထိုင်ခဲ့တဲ့အိမ်

www.dhammaransi.com

## ၅၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

ဤအိမ် (၂)မျိုးလုံးကိုပင် ကိုယ့်အိမ် ဟုဆို၍ ရပါသည်။ ပြိတ္တာများသည် ဤအိမ် (၂)မျိုးလုံးကို ကိုယ့်အိမ်အမှတ်နှင့်လာတတ်ကြပါသည်။ သို့အတွက် ဗိမ္ဗိသာရမင်း၏ နန်းတော်သို့လာကြသည်ကိုပင် ကိုယ့်အိမ်လာကြသည်ဟု ဆိုပါသည်။

သို့တွက် ကွယ်လွန်သွားသော ပုဂ္ဂိုလ်ကို ရည်ညွှန်းပြီး အလှူဒါနပြုကြသောအခါမှာ သူတို့ကိုယ်တိုင် နေထိုင်သွားသောအိမ်၊ ဆွေမျိုးသားချင်းများရဲ့အိမ် တစ်မျိုးမျိုးမှာ လုပ်ခြင်းသည် သင့်ပါသည်။ တစ်ခြားကျောင်းတွေ ဇရပ်တွေမှာ သွားလုပ်ခြင်းသည် ဤမျှ အကျိုးသက်ရောက်မှုရှိမည် မထင်ပါ။ သူတို့ကိုယ်တိုင် တွေ့မြင်ပြီး သာဓုအနုမောဒနာ ပြုနိုင်မှ အကျိုးခံစားရပါမည်။

၂။ မင်းမြတ် - များပြားလှသော ထမင်းအဖျော် ခဲဖွယ်ဘောဇဉ်များကို အသင့်စီမံပြင်ဆင်ပြီး ဖြစ်ပေမဲ့ ပြိတ္တာဘုံမှာ ဖြစ်နေကြသော သတ္တဝါများ၏ မိမိကိုယ်တိုင်က မပေးလှူခဲ့ခြင်း၊ သူများလှူတာကို တားမြစ်ခဲ့ခြင်း စသော အကုသိုလ်ကံကြောင့် ယင်းပြိတ္တာဘုံမှာ ဖြစ်နေကြသော သတ္တဝါတွေကို အဖေ၊ အမေ၊ သားသမီး၊ မြေးမြစ် စသူတွေဟာ မည်သူတစ်ဦးတစ်ယောက်ကမှ သတိမရကြပါ။

www.dhammaransi.com



မိမိကိုယ်တိုင်လည်း မပေးလှူ၊ သူတစ်ပါးလှူတာကိုလဲ တားမြစ်ပိတ်ပင်၊ အလွန်ဝန်တိုနှမြောခြင်းဆိုတဲ့ အကုသိုလ်ကံမျိုးကို လုပ်လာကြတဲ့ ပြိတ္တာတွေအဖို့ စားရမဲ့ သောက်ရမဲ့ ဖြစ်ကာ အလွန်ဆင်းရဲကြသည်။

ငါတို့ကို ရည်ညွှန်းပြီး တစ်စုံတစ်ခု လှူတန်းကောင်းရဲ့၊ ဆွေမျိုးတွေက ကုသိုလ်လုပ်ပြီး အမျှအတန်းပေးဝေမှုကို မျှော်လင့်တောင့်တပြီး လှည့်ပတ်သွားလာနေကြပါသည်။ သို့သော် သူတို့ပြုလုပ်ထားခဲ့သော အကုသိုလ်ကံက တားမြစ်ထားသည့်အတွက် အဖေ၊ အမေ၊ သားသမီး၊ ဆွေမျိုးတွေထဲက မည်သူတစ်ဦးတစ်ယောက်ကမျှ အလှူဒါနပြုလုပ်ပြီး အမျှပေးဝေဖို့သတိမရကြပါ၊ အကုသိုလ်ကံသည် ဤမျှကြောက်စရာကောင်းလှပါသည်။

၃-၄။ မင်းမြတ် - - ယင်းပြိတ္တာတွေရဲ့ အကုသိုလ်ကံကြောင့် အမိအဖ စတဲ့ မည်သူတစ်ဦးတစ်ယောက်ကမှ သူတို့ကို သတိမရကြပေမဲ့၊ သင်မင်းမြတ်က ဆွေမျိုးပြိတ္တာတွေရဲ့ အကျိုးစီးပွားကို လိုလားသလို ဆွေမျိုး ပြိတ္တာတွေရဲ့ အကျိုးစီးပွားကို လိုလားကြတဲ့သူတွေက "ဤလှူဖွယ်ဝတ္ထုဟာ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ပြိတ္တာဘုံမှာ ဖြစ်နေတဲ့ ဆွေမျိုးတွေ ချမ်းသာ သုခရပါစေ။ ဤကဲ့သို့

www.dhammaransi.com



ရည်ညွှန်းပြီး သင်မင်းမြတ် လှူဒါန်းသလို သင့်တော်လျောက်ပတ်တဲ့အခါမှာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ မွန်မြတ်တဲ့ သူတော်ကောင်းတွေအား သင့်တော်လျှောက်ပတ်တဲ့ စားဖွယ် သောက်ဖွယ် စတဲ့ အလှူဝတ္ထုတွေကို ပေးလှူတတ် ကြပါတယ်"

ဘုရားရှင်သည် ဤစကားဖြင့် ဗိမ္ဗိသာရမင်း၏ ရည်ညွှန်းလှူဒါန်းသော အလှူဒါနကိုလည်း ချီးကျူးတော်မူပါသည်။ ပြိတ္တာတွေ အကျိုးခံစားရလေအောင် လှူပုံ လှူနည်းကိုလည်း ညွှန်ကြားဟောတော်မူပါသည်။

( သင့်တင့်လျောက်ပတ်တဲ့အခါ ဆိုသည်မှာ အလှူခံပုဂ္ဂိုလ်တို့ သုံးဆောင်ဖို့လာတဲ့အခါမျိုး ဆွေမျိုးပြိတ္တာတွေက ပူးကပ်ပြောတဲ့အခါမျိုး အိမ်မှာလာရောက် ကပ်နေတဲ့အခါမျိုးကို ဆိုလိုပါသည်။ )

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ဆိုသောစကားအရ အလှူဝတ္ထုသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ရပါမည်။

သူတော်ကောင်းတွေအား သင့်တော်လျောက်ပတ်တဲ့ ဆိုသော စကားအရ လှူဖွယ်ဝတ္ထုသည် သူတော်ကောင်းများ သုံးဆောင်ထိုက်သော ပစ္စည်းမျိုး ဖြစ်ရပါမည်။ သို့တွက်

www.dhammaransi.com



သေသူကို ရည်ညွှန်းသော အလှူဒါနတွင် ပိုက်ဆံ ကြေးငွေ စသော ဝတ္ထုမျိုး မလှူဒါန်းမိအောင် အထူးသတိပြုသင့်ပါသည်။

စားဖွယ် သောက်ဖွယ် စကားအရမူ အပ်စင်သော လှူဖွယ် ဝတ္ထုအကုန်လုံးကို ညွှန်ပြခြင်း ဖြစ်ပါသည်။

ဘုရားရှင်၏ သေသူအတွက် ရည်ညွှန်းအလှူ လှူရန် ဟောပြထားမှုကို ယနေ့ခေတ်လူများ အလွန်သတိထား ဆောင်ရွက်ရန် လိုအပ်ပါသည်။

၄-၅။ "မင်းမြတ် - - အဲဒီ ဆွေမျိုးပြိတ္တာတွေဟာ အညီအညွတ်ပေါင်းစုပြီး မိမိတို့ကို ရည်ညွှန်းပေးလှူတဲ့ နေရာဌာနကို အနုမောဒနာပြုဖို့ လာတတ်ကြပါတယ်၊ များပြားလှတဲ့ (မိမိ တို့ကို ရည်ညွှန်းပေးလှူတဲ့) ထမင်း အဖျော် စတဲ့ဝတ္ထုမှာ ရိုရိုသေသေ အနုမောဒနာ ပြုကြပါတယ်"

ဘုရားရှင်၏ ဤစကားအရ ပြိတ္တာဘုံဖြစ်နေကြရသော သတ္တဝါများ၏ ထိုလှူဆဲခဏမှာပဲ အကျိုးပေးနိုင်သော ကုသိုလ်ကံ ဖြစ်ပုံကို ပြပါသည်။

"ဤအလှူဝတ္ထုသည် တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ" လို့ ပြောဆိုလှူဒါန်းပေမဲ့ တစ်ဦးကလုပ်သော ကုသိုလ်သည် အခြားတစ်ဦးအတွက် အကျိုးမပေးနိုင်ပါ၊ အမှန်မှာ

www.dhammaransi.com



ထိုသို့ ရည်ညွှန်းလှူဒါန်းသော ဝတ္ထုသည် ဆွေမျိုး ပြိတ္တာအတွက် ကုသိုလ်ကောင်းမှု၏ အထောက်အကူလောက်သာ ဖြစ်ပါသည်။

ဤအလှူဒါနသည် ငါတို့အတွက် စီးပွားချမ်းသာ ဖြစ်ပါစေ၊ ဤကဲ့သို့ ကံနှင့် ကံ၏အကျိုးကို ယုံကြည်ပြီး ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုသော ကုသိုလ်ကံက ထိုခဏမှာပင် အကျိုးပေးပါသည်။

- မိမိကိုယ်တိုင်က အနုမောဒနာပြုခြင်း
- အလှူဒါယကာတို့က ရည်ညွှန်းခြင်း (အမျှပေးဝေခြင်း)
- အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း

ဤအကြောင်းအင်္ဂါ (၃)ပါး ညီညွတ်မှ အလှူဒါနသည် ပြည့်စုံနိုင်ပါသည်။ ထိုခဏမှာပင် အကျိုးပေးနိုင်ပါသည်။

၅-၆။ မင်းမြတ် - အကြင်ဆွေမျိုးတို့၏ ပေးလှူခြင်းဟူသော အကြောင်းကြောင့် စည်းစိမ်ချမ်းသာကို ငါတို့ရကြသည်။ ငါတို့၏ အကျိုးငှာလည်း ပူဇော်မှုကို ပြုကြကုန်၏။ ပေးလှူသူဆွေမျိုးတို့သည်လည်း အကျိုးကြီးကုန်၏။ ဆွေမျိုးတို့သည်

www.dhammaransi.com



အသက်ရှည်ကြပါစေကုန်သတည်း။ (ဤကဲ့သို့ ပြိတ္တာများ ချီးကျူးဆုတောင်းကြပါသည်)

ဤစကားမှာ ဆွေမျိုးတွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသော ကုသိုလ်ကံ၏ အကျိုးကို ခံစားနေရသော ပြိတ္တာများက ဆွေမျိုးများအပေါ် ပြန်ပြီး ချီးမွမ်းထောပနာ ပြုပုံဖြစ်ပါသည်။

၆-၇။ မင်းမြတ် - ပြိတ္တာဘုံမှ ချမ်းသာစွာ အသက်မွေးကြောင်းဖြစ်သော လယ်ထွန်မှု၊ နွားကျောင်းမှုများလဲ မရှိပါ၊ စည်းစိမ်ဥစ္စာရရာ ရကြောင်းဖြစ်သော ကုန်သွယ်မှု ရွှေငွေရောင်းဝယ်မှုလဲ မရှိပါ၊ ဒီဘဝက သေဆုံးသွားပြီး ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့သူတွေဟာ ဤလူ့ဘုံ ဆွေမျိုးသားချင်း မိတ်ဆွေများက ရည်ညွှန်းပေးလှူသော ဒါနအကျိုးနှင့်ပဲ ပြိတ္တာဘုံမှာ မျှဝေနေကြရပါသည်။

ပြိတ္တာဘုံတွင် လယ်ထွန် နွားကျောင်း၊ ကုန်သွယ်ရောင်းအလုပ် ဘာမှမရှိ၊ မျှတစွာ ချမ်းသာစွာ နေရဖို့ ဆိုသည်မှာ လူ့ပြည်ရှိ ဆွေမျိုးတို့က အသိတရားနှင့် သတိတရားရှိပြီး ရည်ညွှန်းအလှူပြု အမျှဝေမှ ရရှိခံစားနိုင်သည်ကို သိရပါသည်။

www.dhammaransi.com



၈။ မင်းမြတ်- ကုန်းမြင့်ရာ အရပ်၌ ရွာသောမိုးရေသည် ချိုင့်ဝှမ်းအရပ်သို့ စီးဆင်းသွားသကဲ့သို့ ဤအတူသာလျှင် ဤလူ့ဘုံမှ ဆွေမျိုးသားချင်းတို့ ပေးအပ်သော ကုသိုလ်အဖို့သည် ပြိတ္တာများအတွက် ဖြစ်နိုင်ပါသည်။

၉။ ရေဖြင့် ပြည့်သော မြစ်တို့သည် သမုဒ္ဒရာကို ပြည့်စေကုန်သကဲ့သို့ ဤလူ့ပြည်မှ ပြုလုပ်အပ်သော ရည်ညွှန်း အလှူသည်လည်း ပြိတ္တာတို့အတွက် ဖြစ်နိုင်ပါသည်။

ဤစကားသည် ဘုရားရှင်က ထင်ရှားအောင် ဥပမာဖြင့် မိန့်ကြားခြင်းဖြစ်ပါသည်။

၁၀။ ဤသူကား ငါ့အား ဥစ္စာကိုပေးဖူးပြီ၊ ငါ၏ ကိစ္စကို ပြုဖူးပြီးဟူ၍ ရှေးကပြုခဲ့ဖူးသည်ကိုလည်းကောင်း၊ ဤသူကား ငါ၏ ဆွေမျိုးတည်း၊ ငါ၏ မိတ်ဆွေတည်း၊ ငါ၏ခင်ပွန်းတည်း ဟူ၍လည်းကောင်း၊ စသည်ဖြင့် အောက်မေ့အမှတ်ရပြီး ပြိတ္တာများအတွက် အလှူဒါနပြုလုပ်ပေးသင့်ပါသည်။

ပြိတ္တာများသည် ဒီအိမ်က တစ်စုံတစ်ခု ရလိမ့်မယ်၊ ဆိုသောမျှော်လင့်ချက် ကြီးမားစွာဖြင့် ဆွေမျိုးတွေအိမ်သို့ လာပြီး တို့အား ဒါလေးပေးပါဦးဟု မတောင်းနိုင်တော့ပါ။ သို့အတွက် အောက်မေ့ အမှတ်ရသင့်သူကို အောက်မေ့ အမှတ်ရပြီး သူတို့အတွက် ကုသိုလ်ပြု အမျှဝေပေးပါ ဟု

www.dhammaransi.com



ဘုရားရှင်က တိုက်တွန်းခြင်းဖြစ်ပါသည်။

၁၁။ မင်းမြတ် ဆွေမျိုးတွေ သေဆုံးသည့်အတွက် ငိုကြွေးမှု၊ စိုးရိမ်မှု အခြားမြည်တမ်းမှုတွေကို မပြုသင့်ပါဘူး၊ ငိုကြွေးမှု စသည်တို့ဟာ သေသူလဲ အကျိုးမရှိ၊ ကိုယ်လဲ ပင်ပန်းရုံသာ ရှိတယ်ဆိုတာကို ညွှန်ပြခြင်းဖြစ်ပါသည်။

၁၂။ မင်းမြတ် - သင်က ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေကို ရည်ညွှန်းပြီး ပေးလှူတဲ့ သံဃာတော်မှာ ကောင်းစွာတည်စေတဲ့ ဤအလှူဟာ (ဆွေမျိုး၏ ပြိတ္တာတွေအတွက်) ကြာရှည်လေးမြင့် အစီးအပွား အလို့ငှာ ဖြစ်တယ်၊ ရည်မှန်းပေးလှူတဲ့ ခဏမှာပဲ အကျိုးရှိတယ်။

ဘုရားရှင်က ဤစကားဖြင့် ဗိမ္ဗိသာရမင်း လှူသောအလှူနှင့် ပတ်သက်၍ အကျိုးရှိကြောင်း ပြတော်မူခြင်း ဖြစ်ပါသည်။

သံဃာဆိုသည်မှာ လောကလူသားတို့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့နေရာမှာ အကောင်းဆုံး အလှူခံဖြစ်ပါသည်။ ထို့ကြောင့် သံဃာများကို ပေးလှူတဲ့ အလှူသည် ပြိတ္တာတို့အတွက် ကြာရှည်စွာ လေးမြင့်စွာ အစီးအပွားကို ဆောင်ရွက်နိုင်ပါသည်။ အကျိုးရှိပါသည်။

www.dhammaransi.com



ဘယ်လိုအကျိုးရှိသလဲ ဆိုက ပြိတ္တာတွေကို ရည်ညွှန်းပြီး ပေးလှူသောအခါမှာ ပြိတ္တာတွေက အနုမောဒနာ ပြုလို့ရှိရင် အနုမောဒနာပြုတဲ့ ခဏမှာပင် အနုမောဒနာ ပြုသော ကုသိုလ်အကျိုးကြောင့် ပြိတ္တာများ စားရသောက်ရပါသည်။

ပြိတ္တာဘဝက လွတ်သွားသူလည်း လွတ်သွားကြပါသည်။ မလွတ်သူကလည်း အဆင့်အတန်းမြင့်သွားပါသည်။

၁၃။ မင်းမြတ် - အလှူကို ပေးလှူတဲ့သင်ဟာ ဆွေမျိုးတွေအတွက် ဆွေမျိုးတွေကလုပ်ရမယ့်ကိစ္စကို ပြုလုပ်ပေးတဲ့အတွက် အကျင့်ကို လူတွေအား ညွှန်ပြပြီးဖြစ်တယ်၊ ပြိတ္တာတို့အား အလွန်ကောင်းမွန်သော စည်းစိမ်ချမ်းသာတွေကို ရစေတဲ့အတွက် ပြိတ္တာတို့အားမြတ်သော ပူဇော်မှုကို ပြုလုပ်ပြီးလဲ ဖြစ်တယ်၊ ဘုရားအစရှိသော သံဃာတော်များကို ဆွမ်းစသော အလှူ ဝတ္ထုတွေနဲ့ ရောင့်ရဲစေသည့်အတွက် ရဟန်းတော်များအား ခွန်အားဗလကိုလဲ ပေးလှူပြီးဖြစ်တယ်၊ သနားကြင်နာမှု စသော ဂုဏ်များနှင့် ခြံရံနေတဲ့ စွန့်ကြဲမှုစေတနာကို ဖြစ်စေတဲ့အတွက် များလှတဲ့ ကုသိုလ်ကောင်းမှုကို ဆည်းပူးပြီးလဲ ဖြစ်သည်။

ဘုရားရှင်က ဤကဲ့သို့ မိန့်ကြားပြီး ဗိမ္ဗိသာရ ဘုရင်ကို ရွှင်လန်းအားတက်စေပါသည်။

www.dhammaransi.com



## ရည်ညွှန်းအလှူ ပြိတ္တာတို့ မရသော်

"ရည်ညွှန်းအလှူနှင့်ပတ်သက်၍ ပြိတ္တာဘုံမှာ ဖြစ်နေတဲ့ ဆွေမျိုးတွေသာ ဒါနအကျိုးကို ခံစားရပါသလား၊ သို့မဟုတ် အခြားဘုံမှာ ဖြစ်နေရောက်နေကြသော ဆွေမျိုးတွေကော ခံစားရပါသလား။ ပေးလှူသော အလှူအဖို့ ဆွေမျိုးတွေ မခံစားရသော် မည်သူတွေ ခံစားရပါသလဲ" ဟူသော မေးခွန်းသည် ဘုရားရှင်လက်ထက်ကပင် ပေါ်ပေါက်ခဲ့ပါသည်။

ထိုပြဿနာကို ဇာဏုသောဏိမည်သော ပုဏ္ဏားက ဘုရားရှင်ကို တိုက်ရိုက်လျှောက်ထားပေးခဲ့ပါသည်။

"အရှင် ဂေါတမ ကျွန်ုပ်တို့ ပုဏ္ဏားတွေသည် ဤအလှူသည် ကွယ်လွန်သွားသော ဆွေမျိုးသားချင်းတို့ထံသို့ ရောက်ပါစေ၊ ဤအလှူသည် ကွယ်လွန်သွားသူဆွေမျိုး သားချင်းတို့ သုံးဆောင်ကြရပါစေဆိုသော ရည်ရွယ်ချက်ဖြင့် အလှူများကို ပေးလှူကြပါသည်။ ကုသိုလ်ထမင်းကိုလည်း ပြုကြပါသည်။ ဤအလှူသည် ကွယ်လွန်သွားကြသော ဆွေမျိုးသားချင်းများဆီသို့ ရောက်ပါသလား၊ ကွယ်လွန်သွားသူ ဆွေမျိုးသားချင်းတွေကရော ဤအလှူကို သုံးဆောင်ကြရပါရဲ့လား"

www.dhammaransi.com

## ၆၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

"ပုဏ္ဏား၊ ရောက်သင့်တဲ့အရပ်မှာ ရောက်တယ်၊ မရောက်သင့်တဲ့အရပ်မှာ မရောက်ပါဘူး"

"အရှင်ဂေါတမ၊ ရောက်သင့်တဲ့ အရပ်ဆိုတာ ဘယ်ဟာပါလဲ၊ မရောက်သင့်တဲ့ အရပ်ဆိုတာဟာ ဘယ်ဟာပါလဲ"

"ပုဏ္ဏား၊ ဤဘဝမှာ သူ့အသက်သတ်ခြင်း စတဲ့ ဒုစရိုက်ကို ပြုကျင့်တဲ့ လူ အချို့ဟာ သေသည်မှ နောက် ငရဲသို့ကျရောက် ခံစားကြရပါတယ်၊ သူဟာ ငရဲ သတ္တဝါရဲ့ (ကံဆိုတဲ့) အာဟာရနဲ့ ငရဲမှာ မျှတနေရပါတယ်၊ အဲဒီ အာဟာရနဲ့ဘဲ ငရဲမှာ တည်နေရပါတယ်။ ပုဏ္ဏား ဒီငရဲဟာ ရောက်သင့်တဲ့ အရပ်မဟုတ်ပါဘူး၊ ပြုတဲ့ဒါနဟာ ငရဲမှာ တည်နေတဲ့ ပုဂ္ဂိုလ်ဆီသို့ မရောက်ပါဘူး"

ပုဏ္ဏား၊ ဤဘဝမှ ဒုစရိုက်ပြုသူတွေဟာ သေသည်မှ နောက် တိရစ္ဆာန်ဖြစ်ကြရတယ်၊ သူဟာ တိရစ္ဆာန် သတ္တဝါတွေ ရဲ့ မြက်သစ်ရွက်စတဲ့ အစာအဟာရနဲ့ တိရစ္ဆာန် ဘဝမှာ မျှတစွာ နေရပါတယ်။ ပုဏ္ဏား ဤအရပ်သို့လဲ မရောက်ပါဘူး၊ တိရစ္ဆာန်ဘဝမှာ တည်နေတဲ့ ပုဂ္ဂိုလ်ဆီသို့ ပြုတဲ့ ဒါန မရောက် ပါဘူး။

"ပုဏ္ဏား၊ ဤဘဝမှာ သူ့အသက်သတ်ခြင်းကို ရှောင် ကြဉ်တဲ့ သုစရိုက်အမှုကို ပြုကျင့်တဲ့သူ အချို့ဟာသေသွားတဲ့

www.dhammaransi.com



အခါမှာ လူ့ဘဝကို ရောက်ကြပါတယ်၊ သူဟာ လူတို့ရဲ့ ထမင်းစတဲ့ အစာနဲ့ပဲ လူ့ဘဝမှာ မျှတနေရပါတယ်၊ ယင်း အစာနှင့်ဘဲ လူ့ဘဝမှာ တည်နေရပါသည်။ ပုဏ္ဏား ထို လူဘဝမှာတည်နေတဲ့ လူဆီသို့ ထိုဒါနဟာ မရောက်ပါဘူး"

"ပုဏ္ဏား-ဒီဘဝမှာ သုစရိုက်ကို ပြုကျင့်တဲ့လူအချို့ဟာ သေသွားတဲ့အခါ နတ်ပြည်ရောက်နေကြပါတယ်၊ သူဟာ နတ်တို့ရဲ့ နတ်သုဒ္ဓါစသော အစာနဲ့ဘဲ နတ်ဘဝမှာ မျှတနေရပါသည်။ နတ်ပြည်မှာ ဖြစ်နေသော လူဆီသို့လည်း ထိုဒါနသည် မရောက်ပါဘူး"

ပုဏ္ဏား- ဤဘဝမှာ ဒုစရိုက်ပြုကျင့်ကြသော လူအချို့ဟာ သေသွားသောအခါမှာ ပြိတ္တာဘုံသို့ ရောက်ကြပါတယ်။ သူတို့ဟာ ပြိတ္တာဘုံသား သတ္တဝါတွေရဲ့ တံတွေးနှပ်စသော အစာနဲ့ဘဲ ထိုပြိတ္တာဘုံမှာ မျှတရပါသည်။ သို့မဟုတ်က သူ့အတွက် အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူ၊ ဆွေမျိုးသားချင်းတွေက ပေးလှူအပ်တဲ့ ဒါနနှင့် ထိုပြိတ္တာဘုံမှာ မျှတစေရပါသည်။ ထိုဒါနရဲ့ အကျိုးနှင့် ပြိတ္တာဘုံမှာ တည်နေရပါသည်။ ပုဏ္ဏား- ထိုဘုံသည် ရောက်သင့်သော အရပ်ပါဘဲ ပြိတ္တာဖြစ်နေတဲ့လူဆီကို ထိုဒါနသည် ရောက်နိုင်ပါသည်။

(ထို ဘုရားရှင်၏ စကားတွင် ပြိတ္တာဘဝက လွတ်တယ်ဟူ၍ မဟောပါ၊ ပြိတ္တာဘုံမှာဖြစ်တဲ့ သူတွေကသာ သူ

www.dhammaransi.com



တစ်ပါးပေးလှူတာကို မှီပြီး အသက်မွေးကြရသည်၊ ပြိတ္တာမှ တစ်ပါး အခြားပုဂ္ဂိုလ်တွေထံသို့ သူတစ်ပါးက ပေးလှူသော ဒါနသည် မရောက်ပါ)

"အရှင် ဂေါတမ . . တကယ်လို့သာ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့က အဲဒီ ပြိတ္တာဘုံကို မရောက်ခဲ့ပါလျှင် ဘယ်သူက ထိုဒါနကို သုံးဆောင်ရပါသလဲ"

"ပုဏ္ဏား အဲဒီ ပြိတ္တာဘုံကို ရောက်နေကြတဲ့ အခြား ကွယ်လွန်သူ ဆွေမျိုးသားချင်းတွေက ဒါနကို သုံးဆောင်ခံစား ကြရပါတယ်"

"အရှင် ဂေါတမ အကယ်၍ အဲဒီကွယ်လွန်တဲ့ ဆွေ မျိုးသားချင်းတွေ အခြားကွယ်လွန်တဲ့ ဆွေမျိုးသားချင်းတွေ ထိုပြိတ္တာဘုံကို မရောက်ကြပါလျှင် ထိုဒါနကို ဘယ်သူ သုံး ဆောင်ခံစားရပါသလဲ"

ပုဏ္ဏား ဒီလောက်ရှည်လျားတဲ့ အချိန်အခါ (သံသရာ) မှာ ဆွေမျိုးသားချင်း ပြိတ္တာတွေ မရှိတဲ့ နေရာဌာနရယ်လို့ ရှိနိုင်စရာ အကြောင်းမရှိပါဘူး၊ အလှူရှင်လဲပဲ အကျိုးမဲ့ မဖြစ်နိုင်ပါဘူး။

(ရည်ညွှန်းပေးလှူအပ်တဲ့ သူဆီကို အလှူဒါနက ရောက်ရောက် မရောက်ရောက် ပေးလှူတဲ့ ပုဂ္ဂိုလ်ကတော့

www.dhammaransi.com



အကျိုးမဲ့ မဖြစ်ပါ၊ ကိုယ်ပေးလှူသော ဒါန အကျိုးရတာ ချည်းသာဖြစ်ပါသည်)

ဆွေမျိုးသားချင်း ရည်ညွှန်းလှူဒါန်းသော ဒါန၏ အကျိုးကို ပြိတ္တာများ ခံစားကြရသည်ဟုဆိုပေမဲ့ ပြိတ္တာ အကုန်လုံးမခံစားရဘဲ ပြိတ္တာ အချို့သာ ခံစားရပုံ၊ အလှူရှင် အကျိုးမဲ့ မဖြစ်ပုံတို့ကို မိလိန္ဒပဉှာ (ပုဗ္ဗာတာဒိသပဉှာ)၌ မိလိန္ဒ မင်းနှင့် ရှင်နာဂသိန် ဆွေးနွေးခန်း၌ အတိအကျပါသည်ကို တွေ့ရပါသည်။

"အရှင်ဘုရား အလှူဒါယကာတွေက အလှူဒါန ပြုလုပ်ကြပြီး ဒီအလှူဟာ သေလွန်သွားတဲ့ သူတို့အား ရောက်ပါစေဆိုပြီး ရှေးက သေလွန်ပြီး သူတို့အား ရည်ညွှန်းကြပါတယ်။ အဲဒီလို လှူဒါန်းရည်ညွှန်းတဲ့အတွက် အဲဒီ သေလွန်ပြီးသူတွေဟာ အကျိုးတစ်စုံတစ်ရာ ရကြပါသလား"

"မဟာရာဇ . . အချို့သူတွေ ရကြပါတယ်၊ အချို့သူတွေ မရကြပါဘူး"

"အရှင် ဘုရား ဘယ်သူတွေရပြီး ဘယ်သူတွေမရပါသလဲ"

"မဟာရာဇ. . ငရဲ ကျရောက်နေသူတွေ နတ်ပြည်ရောက်နေသူတွေ တိရစ္ဆာန်ဖြစ်နေသူတွေ မရကြပါဘူး၊ ပြိတ္တာလေးမျိုးထဲက -

www.dhammaransi.com

၆၆ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

- လူနာရဲ့ အန်ဖတ်စသည်ကို စားရတဲ့ ဝန္တာသပြိတ္တာမျိုး

- စားလို့မဝင် ငတ်မွတ်နေတဲ့ ခုပ္ပိပါသ ပြိတ္တာမျိုး

- ဝမ်းခေါင်းထဲမှာ တပြောင်ပြောင်တောက်လောင်နေတဲ့ နိဇ္ဈာမတဏှိက ပြိတ္တာမျိုး ဒီပြိတ္တာသုံးမျိုးလဲ မရပါဘူး။

- သူတစ်ပါးပေးကမ်းတာကို အမှီပြုပြီး အသက်မွေးကြရတဲ့ (ပရဒတ္တူပဇီဝိ) ပြိတ္တာမျိုးတွေကသာရပါတယ်၊ အဲဒီပြိတ္တာဟာလဲပဲ ပေးလှူတာကို သိလို့ အနုမောဒနာပြုမှသာ ရပါတယ်။

"အရှင်ဘုရား ဒီလိုသာ ရည်ညွှန်းခံရသူတိုင်း မရခဲ့လျှင် ပေးလှူသူတွေရဲ့ ဒါနဟာ ခန်းခြောက်ရာ ရောက်တယ်၊ မဟုတ်လား၊ အကျိုးမရှိရာ ရောက်တယ် မဟုတ်လား"

"မဟာရာဇ. . အလှူဟာ အကျိုးမရှိတာ မဟုတ်ပါဘူး၊ အကျိုးမပေးတာ မဟုတ်ပါဘူး၊ ပေးလှူတဲ့ အဲဒီ ဒါယကာတွေကသာ အဲဒီအလှူရဲ့ အကျိုးကို ခံစားကြရပါတယ်"

"အရှင်ဘုရား ဒီလိုဆို အကြောင်းအကျိုးစပ်အပ်ပြီး တပည့်တော် နားလည်နိုင်အောင် ရှင်းပါဦး"

"မဟာရာဇ ဒီလောကမှာ အချို့လူတွေဟာ ငါး၊ အမဲ၊ အရက်ထမင်း၊ မုန့် ခဲဘွယ်တွေကို စီရင်ပြီး ဆွေမျိုး အိမ်သို့

www.dhammaransi.com



သွားတတ်ကြပါတယ်၊ ဆွေမျိုးတွေက 'အဲဒီ လက်ဆောင်ကို လက်မခံခဲ့ပါရင် အဲဒီလက်ဆောင်ပဏ္ဏာဟာ ခြောက်ကပ်သွားမှာလား၊ ဒါမှမဟုတ် ပျက်စီးသွားမှာလား"

"အရှင်ဘုရား၊ ပျက်စီးသွားစရာမရှိပါ၊ အဲဒီ လက်ဆောင်ပဏ္ဏာဟာ ဥစ္စာရှင်တွေအတွက်သာဖြစ်ပါမယ်"

"မဟာရာဇ ဒီနည်းအတိုင်းပါပဲ ပေးလှူသူ အလှူဒါယကာတွေကသာ အဲဒီအလှူရဲ့ အကျိုးကို ခံစားကြရပါတယ်။ တစ်နည်းအားဖြင့် ပြောရလျှင် တိုက်ခန်းထဲသို့ ဝင်လာတဲ့ ယောကျ်ားတစ်ယောက်ဟာ ရှေ့မှာ ထွက်ပေါက်တံခါးမရှိခဲ့ရင် ဘယ်တံခါးမှ ထွက်ပါမည်လဲ မဟာရာဇ"

"အရှင်ဘုရား၊ ဝင်လာတဲ့ တံခါးဝကပဲ ပြန်ထွက်ရပါမယ်"

"မဟာရာဇ ဒီနည်းအတိုင်းပဲ ဒီအလှူရဲ့ အကျိုးကို ပေးလှူသူ အလှူ့ဒါယကာတွေသာ ပြန်ခံစားရပါတယ်"

" အရှင်ဘုရား ဒီအတိုင်းပဲ ဖြစ်ပါစေတော့ ဒါကို အရှင်ဘုရား အမိန့်ရှိတဲ့ အတိုင်းပဲ လက်ခံပါတယ်၊ အဲဒီ အလှူရဲ့ အကျိုးကိုပေးလှူသူ ဒါယကာတွေကသာ ခံစားရပါတယ်။ ဒီအကြောင်းကို တပည့်တော်တို့က ဆန့်ကျင်ဘက် မပြုလိုတော့ပါ"

www.dhammaransi.com



မိလိန္ဒပဉှာတွင် ပြိတ္တာလေးမျိုးတွင် ပရဒတ္တူပ ဇီဝိ တစ်မျိုးသာ အကျိုးခံစားခွင့်ရှိတယ်ဟူ၍ ဖော်ပြထားပါသည်။ အဋ္ဌကထာဆရာများကမူ ပြိတ္တာလေးမျိုးစလုံး အကျိုးခံစား ခွင့်ရသည်ဟု ဖွင့်ဆိုကြပါသည်။

လောက ဒီပက ကျမ်းကမူ -

"ပြိတ္တာမျိုးတို့တွင် ပရဒတ္တူပ ဇီဝိတ ပြိတ္တာတို့က ၇ ရက်အတွင်း ပေးလှူအပ်သော ဒါနကို အမျှဝေလျှင် အနု မောဒနာပြုနိုင်က လွတ်ကုန်၏။ ခုပ္ပိပါသိတ ပြိတ္တာ၊ နိဇ္ဈာ မတဏှိက ပြိတ္တာတို့ကား တစ်ခုသော အန္တရကပ်ပတ်လုံး စသည်တည်ပြီးမှ ဆွေမျိုးသားချင်းကို ပေးအပ်သော ဒါနကို အနုမောဒနာပြု၍ လွတ်ကုန်၏" ဟူ၍ ဖွင့်ဆိုရေးထားပါ သည်။

ယနေ့ ဗုဒ္ဓဘာသာဝင်တို့ (၇) ရက်၊ ရက်လည်ဆွမ်း သွတ်ပွဲပြုလုပ်ခြင်းသည် ဤကျမ်းအဆိုအရလိုက်၍ ပြုနေ ကြခြင်း ဖြစ်ပါသည်။

## ပြိတ္တာတို့၏ အကုသိုလ်အပြစ်နှင့်ခံစားရပုံ

အပါယ်ဘုံသား ပြိတ္တာများသည် မည်သို့သော

www.dhammaransi.com



ဒုစရိုက်အပြစ်များကို လူ့ဘဝ၌ ပြုခဲ့ကြ၍ ပြိတ္တာဘဝရောက်ပြီးနောက် မည်သို့သောဘဝအခြေအနေ၊ မည်သို့သော ဒုက္ခခံစားရပုံအစုံစုံကို ဓမ္မပဒအဋ္ဌကထာနှင့် ပေတဝတ္ထုတို့တွင် ဟောဖော်ညွှန်းပြထားသည်ကို တွေ့ရပါသည်။

- ဆဲဆိုမြည်တမ်း၊ နူတ်အာကြမ်းသောကြောင့် ဝက်နူတ်သီးနှင့် လူကိုယ်အပြစ်ခံနေရသော ပြိတ္တာ

- သားဖြစ်သူ၏ ပေးလှူခြင်းကို အမိဖြစ်သူက မစွေရစိတ်ရှိခဲ့ဖူးသော မကောင်းမှုကံကြောင့် အနှစ်ငါးဆယ်ပတ်လုံး ထမင်း၊ ရေတို့ကို မစားသောက်ရသော ပြိတ္တာ

- လင်ယောကျ်ား၏ အလှူကို မကြည်ဖြူဘဲ ဆဲရေးကျိန်ဆိုသော မကောင်းမှု ကံရှိ မယားသည် သေပြီးနောက် သွေးပြည်ဘင်ပုပ်တို့ကိုစား၍ သံပြားဝတ်ဖြစ်ရသော ပြိတ္တာမ

- အလှူခံပုဂ္ဂိုလ်တို့အား မလျောက်ပတ်သော စကား၊ ဆဲရေးတိုင်းထွာမိ၍ သွေး၊ ပြည် ကျင်ကြီးကျင်ငယ်တို့ကိုသာ စားနေရသော ပြိတ္တာ

- အလှူရှင်က ပေးလှူပါလျက် ကြားလူက ဝန်တိုသော မကောင်းမှုကံကြောင့် မျက်နှာ၊ ခြေ၊ လက်တွန့်လိမ်၍ ပျက်စီးကာ မိစင်သာယိုထွက်သော ပြိတ္တာ

www.dhammaransi.com



- လှူဒါန်းရန်ထားသော စားသောက်ဖွယ်တို့ကို အဦးအဖျားယူစားမိသောကြောင့် (၂၅) ယူဇနာရှိသော ကိုယ်ဖြင့် ခံနေရသော ကျီးပြိတ္တာ

- သူတစ်ပါး၏ မြေကို ခိုးယူမိသောကြောင့် ဘုရားလေးဆူတိုင်တိုင် တောင်ထိပ်၌ ကျောက်တိုင်ကဲ့သို့ ဖြစ်ရသော ပြိတ္တာ

- ရဟန်း ပုဏ္ဏား၊ သူမြတ်များအား မစင်ကျယ်မသန့်ရှင်းသော အစားအစာတို့ကို ပေးလှူမိသည့်အတွက် ကိုယ့်အံဖတ်ကို ကိုယ်စားရသော ပြိတ္တာ၊ ကိုယ့်မစင်ကို ကိုယ်စားရသော ပြိတ္တာ

- သက်ရွယ်ကြီးသူတို့ကို မရိုမသေ မလေးမစား ထော်လော်ကန့်လန့် လုပ်ခဲ့သော အကုသိုလ်ကံကြောင့် မျက်စိ မျက်နှာအင်္ဂါ ဆိုးယုတ်စွာဖြစ်ရသော ပြိတ္တာ

- သောက်စား၊ မူးရမ်း၍ သူတစ်ပါးနားခါးအောင် စကားပျက် စကားချော် မတော်မရော် ပြောဆိုခြင်းကြောင့်လည်းကောင်း၊ သူတစ်ပါးကို ချုပ်ချယ်စော်ကား ပြုခြင်းကြောင့်လည်းကောင်း၊ မီးလောင်တိုင် ငုတ်ကဲ့သို့ နက်သော ပြိတ္တာ

သူတစ်ပါးကို နာကျင်အောင်ပြုမှု အနိုင်အထက်

www.dhammaransi.com



ပြုမှု အကုသိုလ်ကံကြောင့် မိမိအသွေးအသားကို ကိုယ်တိုင် ကိုက်ဖဲ့စားနေရသော ပြိတ္တာ

- ပြဿဒ်၊ ကျောင်း၊ ဇရပ်၊ အိမ်တို့ကို မနာလို မရှု စိမ့်သဖြင့် မီးရှို့သည့်အတွက် မီးတောင်ကြီးကဲ့သို့ ပြင်းပြစွာ ခံစားနေရသော ပြိတ္တာ

- သူတစ်ပါး ထိတ်လန့်အောင် မြွေယောင်၊ ကျား ယောင် ရုပ်ဆောင်၍ သူတစ်ပါးကြောက်အောင် ချောက်လှန့် ၍ မီးတောက်မီးလျှံမီးခဲတွင် အမြဲဒုက္ခခံနေရပြီး စပါးကြီးမြွေ အဖြစ်လည်းကောင်း၊ ကျား၊ သမင် အဖြစ်လည်းကောင်း ခံရ သော ပြိတ္တာ

- သံဃိက ကျောင်း၊ သစ်သီး၊ ကျောင်းမီး၊ ကျောင်း ရေ၊ ကျောင်းမြေတို့ကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ သုံးစွဲခဲ့သော ကြောင့် အာမရွှတ် အစာရေစာငတ်မွတ်နေရသော ပြိတ္တာ

- သူတစ်ပါးအားပေးလှူပြီးသော ကျောင်းအိမ်၊ ဇရပ်စသော အလှူဝတ္ထုပစ္စည်းများကို ပြန်၍သိမ်းယူခြင်း ကြောင့် ဆင်းရဲကြီးစွာ ခံရသော ပြိတ္တာ

- ချစ်ခင်သူနှစ်ဦးအကြားအထင်မှား အမြင်မှား အောင် ကုန်းချောစကားပြောဆိုသော အကုသိုလ်ကြောင့် အဝီစိငရဲကျပြီးမှ တစ်ပါးသူအနီးအနားမကပ်နိုင်အောင်

www.dhammaransi.com

၇၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )
ပိုးလောက် တဖွားဖွားကျလျက် ပုပ်သောပါးစပ်ရှိသော ပြိတ္တာ

- လင်တူမိန်းမ၏ ကိုယ်ဝန်ကို ဖျက်ချစေသော မကောင်းမှုကံကြောင့် မိမိ၏သားတစ်ကျိပ်ကို မိမိနေ့တိုင်းစား ရလျက် မဝနိုင်သော ပြိတ္တာ

- ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ တောင်းစဉ်းလဲ အသပြာစဉ်းလဲ စသည်တို့ကိုပြုမိသည့်အတွက် ဖွဲပူကို ခေါင်း ကလောင်း၍နေရခြင်း၊ မိမိအသားကို မိမိလက်သည်းနှင့် ခြစ်၍စားရခြင်းနှင့်နေရသော ပြိတ္တာ

- မိမိလည်းမလှူ သူတစ်ပါးလှူသည်ကို ဟန့်တား ခြင်းစသော မကောင်းမှုကြောင့် လှည်းသားငါးရာတို့က ရေအိုးကိုယ်စီလောင်းသော်လည်း ရေတစ်စက်မှ မသောက် ရသော ပြိတ္တာ

- မုသားကျမ်းကျိန်ဆိုမိသော မကောင်းမှုကံ ကြောင့် အဝတ်မပါ၊ အဆင်းလဲမလှ ယင် တလောင်း လောင်းနှင့်နေရသော ပြိတ္တာ

- သူတစ်ပါး ရွှင်ပြစွာနေရသည်ကို မနာလို ချမ်း သာစွာ စားရသည်ကို မကြည့်နိုင်သော မစ္ဆေရစိတ်ကြောင့် မစားရ မသောက်ရ ဆင်းရဲကြီးစွာရောက်သော ပြိတ္တာ

ထို့ပြင် နံရိုးကျဲကျဲ အသွေးအသားမရှိသော ပြိတ္တာမျိုး

- လင်းတ၊ စွန်ရဲတို့ အမြဲထိုးဆိတ်ခံနေရသဖြင့်

www.dhammaransi.com



အောင့်၍နေရသော ပြိတ္တာမျိုး

- ထန်းပင်လုံးပမာဏရှိသော ကိုယ်ဖြင့် သဲကန္တာရ အလယ်၌ ဝေ်မွတ်ရှာနေရသော ပြိတ္တာမျိုး

- ဦးခေါင်းထက်၌ ပုဇွန်ကဲ့သို့ မျက်စိပြူးထွက်နေသော ပြိတ္တာမျိုး

- ကိုယ်အတွင်းမှာ အမြဲ မီးတောက်နေသဖြင့် နှစ်ပေါင်း သိန်းမက ရပ်တည်ရာမရ ပြေး၍နေရသော ပြိတ္တာမျိုး

- နှစ်ပေါင်း အသင်္ချေကြာသော်လည်း ထမင်း တစ်လုပ်၊ ရေတစ်ပေါက်မျှ မစားရ မသောက်ရသောပြိတ္တာမျိုး

စသည်ဖြင့် မမြင်ဝံ့၊ မရှုဝံ့၊ ကြောက်ရွံ့ဖွယ်ရာ ဒုက္ခသည် ပြိတ္တာတို့ များစွာလည်းရှိပါသည်။

(အထက်ဖော်ပြပါ ပြိတ္တာတို့၏ အကြောင်းစုံ အကျယ်ကိုသိလိုပါက တက္ကသိုလ် သျှင်သီရိရေးသားသော ဘုရားရှင်လက်ထက် ပြိတ္တာတစ္ဆေ သရဲတို့အကြောင်း စာအုပ်ကိုဖတ်ပါ)

## မရေတွက်နိုင်များစွာ အပါယ်သတ္တဝါ

ဤလောကဝယ် တစ္ဆေသရဲ သဘက်စသော ပြိတ္တာတို့သည် အနန္တရှိပါသည်။ အလွန်ကြီးသော ကိုယ်၊ အပ် နဖါးမျှ

www.dhammaransi.com



ရှိပါးစပ်ပေါက်ရှိပြီး စားသောက်မရ အမြဲဆာလောင်သော ဒုက္ခကိုခံစားနေရသော ကာလကဉ္စိ အသူရကာယ်မျိုး၊ နေ့ခံ ညခံ အသူရကာယ်မျိုး စသည်တို့သည် အနန္တရှိပါသည်။

- ကုန်းတိရစ္ဆာန် အဖြစ်နေရသော သတ္တဝါတွေ၊ ရေတိရစ္ဆာန်အဖြစ် နေရသော သတ္တဝါတွေလည်း အနန္တရှိပါသည်။

- ငရဲပြည်၌နေရသော သတ္တဝါများသည်လည်း အနန္တရှိပါသည် မည်ရွေ့မည်မျှ များသနည်းဆိုသော် -

လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံဟူသော သုဂတိ (၂၇) ဘုံရှိ သတ္တဝါတစ်ယောက်လျှင် အပါယ်ဘုံမှ သတ္တဝါ အသချေ ကျထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိ (၂၇) ဘုံက သတ္တဝါ သာ ကုန်သွားမည်၊ အပါယ်ဘုံရှိ သတ္တဝါကား မကုန်နိုင်ရာ။

အပါယ်ဘုံ၌ အဘယ်ကြောင့် ဤမျှ များပြားနေရပါ သနည်းဆိုသော် -

အပါယ်ဘုံတွင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ဆိုးရာမှ ကောင်းရာသို့ ပို့ဆောင်နိုင်သော ဒုဂ္ဂတိမှ သုဂတိဘဝသို့ ပို့ဆောင်နိုင်သော ကောင်းမှုကုသိုလ်မျိုး စိုက်ပျိုးရာ အခွင့် သည်မရကြဘဲ ကျရာဘဝမှာ နိုင်ရာစား ဒုစရိုက်တရားများ ကို ထပ်ကာထပ်ကာ ပွားများလုပ်ကိုင်နေသောကြောင့် ဖြစ်ပါ

www.dhammaransi.com



သည်။

အကုသိုလ်ကံကြောင့် အပါယ်ဘုံသို့ ရောက်ရသည်။ ရောက်ရာဘဝ၌ အကုသိုလ်ချည်း ဆက်လက်ပြုပြန်သော် အပါယ်ဘုံမှ လွတ်ရန် အကြောင်းသည် နည်းပါသည်။ မိမိ ပတ်ဝန်းကျင်တွင်ရှိသော တိရစ္ဆာန်တို့ဘဝကို ကြည့်က ပိုမို ထင်ရှားပါသည်။

အပါယ်ဘုံသို့ရောက်သူနှင့် သုဂတိဘုံသို့ ရောက်သူ မည်မျှကွာခြားသည်ကို ဘုရားရှင်က နခသိကသုတ်၌ ဟော ထားသည်ကို တွေ့ရပါသည်။

"ချစ်သား ရဟန်းတို့၊ ပထဝီမြေကြီးပေါ်ရှိ မြေမှုန့် အားလုံးနှင့် ငါ၏ လက်သည်းပေါ်ရှိ မြေမှုန့်သည် အဘယ်က များပါသနည်း"

"မြတ်စွာဘုရား လက်သည်းပေါ်ရှိ မြေမှုန်သည် ပြော ပလောက်သည်မရှိ၊ မြေကြီးပေါ်ရှိ မြေမှုန်ကားအတိုင်းမသိ များလှပါ၏ ဘုရား"

"ချစ်သား ရဟန်းတို့ ဤ ဥပမာအတူ တစ်နေ့ တစ်နေ့ သေဆုံးကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်သူကား ငါ့ လက်သဲပေါ်ရှိ မြေမှုန့်မျှသာရှိသည်။ အပါယ်ဘုံသို့ ရောက်သော သတ္တဝါတို့ကား မဟာပထဝီ

www.dhammaransi.com



မြေကြီးရှိ မြေမှုန်ကဲ့သို့ အလွန်များကုန်၏"

အပါယ်ဘုံကျသော သတ္တဝါတို့သည် ဤမျှ များပြားလှပါသည်။ လောက၌ ထောင်တစ်သက် လွတ်ရက်မရှိ အကျဉ်းကျသူကား တစ်နေ့နေ့၌ မဲကျ၍ လွတ်လပ်ခွင့်ရကောင်း ရနိုင်သေးသည်။ (အပါယ်ဘုံ လွတ်ရက်ဟူသည် ကမ္ဘာချည်၍ ကြာသည့်အတွက် အလွန်ဆင်းရဲသော ဒုက္ခကို ကမ္ဘာချည်၍ ခံရသည်ကို သတိပြု၍ ကောင်းမှုကို ကြိုးစားကြစေလိုပါသည်။

## သေသူအတွက် ဆောင်ရွက်ရန်နည်းလမ်း[၆]

မိသားစုတစ်စုတွင် တစ်ဦးတစ်ယောက် ခွဲခွာသွားပြီး ဘဝဟောင်း ခန္ဓာအိမ်ကို စွန့်သွားပြီဆိုလျှင် ထိုဘဝဟောင်း အိမ် ခန္ဓာအိမ်ကို ဖုတ်ကြည်းသဂြိုလ်ဖို့ လုပ်ရသလို တစ်ဘက် ကလည်းပူဆွေးသောကကို အပြင်းအထန် ခံစားကြရပါသည်။

လူတစ်ဦးတစ်ယောက် သေငယ်ဇော မျောနေချိန်ဝယ် ပတ်ဝန်းကျင်မိသားစုသည် ငိုရန်မသင့်ပါ။ ထိုပုဂ္ဂိုလ်သည် သားသမီးတို့၏ ငိုသံကို စွဲ၍ သားသမီးသံယောဇဉ်ဖြစ်တွယ် ငြိကာ မကျွတ်မလွတ်သော ပြိတ္တာဘဝသို့ ရောက်သွားနိုင်ပါသည်။

www.dhammaransi.com



သေပြီးသောအခါတွင်လည်း စွန့်ပစ်ရမည့် အကောင်ပုပ်ကို ငွေကြေးအကုန်အကျခံပြီး ပြင်ဆင်မွမ်းမံနေစရာ မလိုပါ၊ မကျန်းမမာဖြစ်စဉ်က ငွေကြေးမည်မျှပင် ကုန်၊ ကုန်ပါစေ၊ ယင်းအချိန်သည် နှမြောတွန့်တိုရမည့်အချိန်မဟုတ်ပါ၊ လူ့အသက်ကို ငွေနှင့်စက်၍ ယူရမည်ဆိုက ယူရမည့် အချိန်အခါဖြစ်ပါသည်။

သေသောအခါတွင် အလောင်းကောင်ကို ဖုတ်ကြည်း သင်္ဂြိုဟ်ရန်သာ စီမံပါ၊ သေပြီးနောက် ဗုဒ္ဓဘာသာတို့ ထုံးတမ်းစဉ်လာအရ သက်ပျောက်ဆွမ်း၊ သပိတ်သွတ်၊ သရဏဂုံတင်ဆိုတာများရှိပါသည်။ ထိုအရာများကို ပြုလုပ်ရန် ပါတိကအဌကထာ အင်္ဂုတ္တိုရ်အဌကထာတို့မှာ -

"သေပြီးနောက် သုံးရက်မြောက်နေ့ကစပြီး သေဆုံးသွားသော အမေအဖေများကို ရည်စူးပြီးလှူဒါန်း အမျှဝေရမည်"

ဟူ၍ ဖွင့်ဆိုပြထားသည်ကို တွေ့ရပါသည်။

အဘယ်ကြောင့် (၃) ရက်မြောက်ကစပြီး လှူဒါန်းရမည်လဲဟုဆိုပါက ပထမနေ့၊ ဒုတိယနေ့တွေမှာ အလောင်းကို သင်္ဂြိုဟ်ရမည့်ကိစ္စများရှိသည်။ အတူနေ လူတစ်ယောက် ပြုန်းစားကြီး သေဆုံးသွားသည်အတွက် ကျန်သူများမှာ စိတ်

www.dhammaransi.com



ထိခိုက်မှု သောကဖြစ်မှုတွေရှိနေကြမည် ဖြစ်ပါမည်။ သုံးရက်မြောက်နေ့ကျသောအခါ အလောင်းကလဲ မရှိတော့၊ အိမ်တွင်လည်း လူကရှင်းသွားပြီး လူတွေကလည်း စိတ်ကို အတော်ထိန်းနိုင်လာသည်။ စိတ်ကို ကြည်ကြည်လင်လင်ထားပြီး လှူ၍တန်း၍ဖြစ်နိုင်ကာ အမျှအတန်းလည်း ပေးဝေနိုင်လာပါသည်။ သို့အတွက် (၃) ရက်က နောက်မှစ၍ ရည်ညွှန်းလှူရမည်ဟု မိန့်ဆိုထားခြင်းဖြစ်ပါသည်။

သေသူအတွက် ရည်စူးလှူသော အလှူကို အထူးသတိထားပြီး လှူရန်လိုအပ်ပါသည်။

- လှူဖွယ်ဝတ္ထုများသည် သန့်ရှင်းစင်ကြယ်ရပါမည်။
- တရားသဖြင့် ရှာဖွေရထားသောပစ္စည်းဖြစ်ရပါမည်။
- အလှူခံပုဂ္ဂိုလ်ကလည်း သီလစင်ကြယ်သော ပုဂ္ဂိုလ်ဖြစ်ရပါမည်။
- တတ်နိုင်က သူ့ဘုန်းကြီး ကိုယ့်ဘုန်းကြီး မသတ်မှတ်ဘဲ သံဃိကအလှူသာဖြစ်ရပါမည်။

လှူဖွယ် ဝတ္ထုတွင်လည်း ဆွမ်းတွင်မက သင်္ကန်းလည်းပါရပါမည်။ သင်္ကန်းမတတ်နိုင်က မျက်နှာသုတ်ပုဝါ ဖြစ်ဖြစ်လက်ကိုင်ပုဝါ ဖြစ်ဖြစ် ပါသင့်သည်။ အိပ်ယာ စသည်ပါကပိုကောင်းပါသည်။

www.dhammaransi.com



(ထိုအတွက် သေသူ၏ ကျန်ရစ်သော အဝတ်များကို အနေအထိုင်စသည် ချုပ်လျှုကာ ပိုကောင်းပါသည်)

လျှုဖွယ်ဝတ္ထုကို လျှုသောအခါ ရေကို အရင်ကပ်ပါ၊ ပြီးမှ ကျန်တဲ့ဝတ္ထုတွေကို တစ်ခုချင်း ကိုယ်ထိလက်ရောက် ကပ်ရပါမည်၊ ယင်းသို့ ကပ်သည့်အခါ "ဤအလှူသည် တပည့်တော်၏ (    ) ကို ရည်စူး၍ လှူပါသည်။ (    ) အတွက်ဖြစ်ပါစေဘုရား" ဟူ၍ လျှောက်ထားတတ်ရန် လိုအပ်ပါသည်။

## (ပေတအဋ္ဌကထာ - တိရောကုဍ္ဍသုတ္တ)

အမျှဝေ၍ အမျှရဖို့အတွက် အလှူခံပုဂ္ဂိုလ်က သီလ ခန္ဓာဖြစ်ရန် လိုအပ်သော အင်္ဂါတစ်ပါးပါသည်ကို သတိပြုရန် လိုအပ်ပါသည်။

ဤပြဿနာနှင့် ပတ်သက်၍ သိရိလက်ာ ဝတ္ထု သက်သေ တစ်ပုဒ် ရှိပါသည်။

သီဟိုဠ်ကျွန်း၌ မုမာနဆိုသော ရွာသား မုဆိုးတစ်ဦး သည် ကွယ်လွန်သူ မိမိ၏ ဆွေမျိုးပြိတ္တာများကို ရည်ညွှန်းပြီး အလှူ (၃)ကြိမ်ပေးလှူခဲ့သည်။ အလှူခံ ပုဂ္ဂိုလ်မှာ သီလမရှိ သော (ဒုဿီလ) ပုဂ္ဂိုလ်ဖြစ်နေ၍ ရည်ညွှန်း အလှူအဖို့ ဘာဂ ကို မရပေ။

www.dhammaransi.com

၈၀ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

ထိုအခါ သုံးကြိမ်မြောက် အလှူအပြီးတွင် ပြိတ္တာများက မုဆိုးအိမ်လာပြီးလျှင် -

"ငါ့အတွက် အလှူတွေကို ဒုဿီလတွေချည်းပဲ လုပ်စား နေပါတယ်" ဟူ၍ အော်ရာ မုဆိုးက သီလရှိသော ရဟန်းများပြန်ပင့်ပြီးလှူကာ ဤအလှူသည် တပည့်တော်၏ ဆွေမျိုး ပြိတ္တာအတွက်ဖြစ်ပါသည်ဟူ၍ ရည်ညွှန်းပြီးအမျှဝေတော့မှ ပြိတ္တာတို့သီရောက်ပြီး ချမ်းသာရာ ရခဲ့ပါသည်။

ဤသည်ကို ပမာပြု၍ သေသူအတွက် ရည်ညွှန်းလှူရာဝယ် အလှူခံပုဂ္ဂိုလ်သည် မည်မျှအရေးကြီးသည်ကို သတိမူသင့်ပါသည်။

******************

www.dhammaransi.com

# အခန်း (၂)

# အမျှရ၍ ချမ်းသာကြသည်(၁)

## အမျှရ၍ ချမ်းသာခြင်း (၂) မျိုး

အမျှရ၍ ချမ်းသာရာတွင် (၂) မျိုးရှိပါသည်။

(၁) ဤ လူ့ဘဝတွင် နေ့စဉ် သူတစ်ပါးက ပြုလုပ်သော ကုသိုလ်အမျှဝေ၍ မိမိက ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုသဖြင့် ထိုပတ္တာနုမောဒန ကုသိုလ်ဖြင့် နတ်ပြည် စသည့် သုဂတိဘုံသို့ ရောက်ရှိပြီး ကောင်းကျိုး ချမ်းသာ ခံစားရသောသူများ၊

www.dhammaransi.com

## ၈၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

(၂) တမလွန် ဘဝကူးပြီးနောက် ပရဒတ္တူ ပြိတ္တာ (အမျှဝေ၍ သာဓုခေါ်နိုင်သော ပြိတ္တာ) မျိုး၌ဖြစ်၍လူတို့က ကုသိုလ်ပြုအမျှပေးဝေ၍သာဓုခေါ် ဆိုနိုင်ပြီး နတ်ဘဝသို့ ကူးပြောင်းရောက်ခြင်း၊ ထိုပြိတ္တာဘဝမှာပင် အစားအသောက်၊ အဝတ်အစား၊ အနေအထိုင် ပြည့်စုံစွာနေရခြင်းစသော ကောင်းကျိုးချမ်းသာခံစားရသောသူများ။

ဤ (၂)မျိုးတွင် ဤအမျှရ၍ ချမ်းသာကြသည့် ကိုယ်တွေ့ဝတ္ထုများ၌ ဘုရားရှင်လက်ထက်နှင့် ပစ္စုပ္ပန် မျက်မှောက်လောက၌ တွေ့ကြုံဖြစ်ပျက်ခံစားကြရသော အဖြစ်အပျက် အကြောင်းအရာ အတ္ထုပ္ပတ္တိများကိုသာ ပုံစံထုတ်၍ တင်ပြထားပါသည်။

အထူးသဖြင့် ဂတိဝိသောဓနီကျမ်း၌ ဆိုထားသော -

"ငါ့လင်, ငါ့မယား, ငါ့သား, ငါ့သမီး, ငါ့ထီး, ငါ့နန်း၊ ငါ့သက်န်း, ငါ့ဆွမ်း၊ ငါ့ကျောင်း, ငါ့လှည်းယာဉ်၊ ငါ့ကိုယ် ငါ့ဟာ၊ ငါ့ဥစ္စာဟူ၍ -

- တဏှာအားဖြင့်တပ်မက်သာယာ
- မာနအားဖြင့် မြှောက်ကြွထောင်လွှား
- ဒိဋ္ဌိအားဖြင့် အယူမှားစွဲလမ်း

www.dhammaransi.com



ဒုစရိုက်အကျင့်သွမ်းတို့ဖြင့် ဟောရမ်းယစ်မူး

တိရစ္ဆာန်အဟိတ်တို့အလား အအိပ်, အစား, အပျော် အပါးနှင့် တရားလက်ကွာ၊ တဏှာလက်ရှိ၊ ဒိဋ္ဌိလက်စွဲ၊ မေ့လျော့ခြင်းမြဲကြသော ရဟန်း၊ ယောက်ျား၊ မိန်းမ၊ မင်း၊ ပုဏ္ဏား စသော သူတို့အား ပစ္စုပ္ပန်ဘဝ၌လည်း သုခသမ္ပတ္တိ ပျက်စီး နောင်ကာလ တမလွန် ဘဝ၌လည်း အပါယ်စသော ဆင်းရဲ တို့ကို ရစမြဲစင်စစ် ဧကန်ဖြစ်၏။ အမြန်နှင့် အနှေးသာတည်း" ဟုဆိုထားသည့်အတိုင်း တဏှာ၊ ဒိဋ္ဌိ မာနတရားတို့ဖြင့် မေ့လျော့နေသော သူတို့ သတိတရားရစေခြင်းငှာ ရည်ရွယ် ပြီး ဤဇာတ်လမ်းများကို ထုတ်နှုတ်ဖော်ပြခြင်းဖြစ်ပါသည်။

## ရှင်သာရိပုတ္တရာကယ်တင်ခဲ့ရသော ပြိတ္တာတစ္ဆေ

ဘုရားရှင်၏အဂ္ဂသာဝကနှစ်ပါးဖြစ်သော ရှင်မောဂ္ဂလာန် နှင့် ရှင်သာရိပုတ္တရာတို့သည် ကုဏ္ဍကဝတီမည် သောရွာ၊ အရဏ္ဏဝတီ မည်သောကျောင်း၌ တပည့်သံဃာ တစ်ကိုပ် နှစ်ပါးနှင့် သီတင်းသုံးနေချိန်ဖြစ်သည်။

ရှင်သာရိပုတ္တရာမထေရ်သည် သံဃာများနှင့်အတူ ရွာတံခါးအနီးဖြစ်သော လမ်းခရီးဖြင့် ကြွသွားစဉ် ရွာတံခါး အနီး၌ ကစားနေကြသော အမျိုးသမီးငယ်တို့သည် မိဘတို့

www.dhammaransi.com



ထံမှ ရတနာသုံးပါး၊ အမွေရထားသူများပီပီ ရဟန်းသံဃာများကို မြင်သောအခါ ကြည်ညိုလေးစားသောစိတ်ဖြင့် လာရောက်ရှိခိုးကြသည်။

ထိုအထဲတွင် အမျိုးသမီးငယ် တစ်ဦးသည် မိစ္ဆာဒိဋ္ဌိအယူဖြစ်သော သံသရမောစက အယူရှိသူဖြစ်၍ သံဃာတော်များကို ရှိမခိုးဘဲ မတ်တပ်ရပ်၍ ကြည့်နေသည်။

ရှင်သာရိပုတ္တရာသည် မိမိဉာဏ်တော်ဖြင့် ထို ကလေးမ ဘဝလားရာကို ဆင်ခြင်ကြည့်မိသည်။ ထို မိန်းကလေးသည် လွန်ခဲ့သောဘဝကလည်း မိစ္ဆာဒိဋ္ဌိအယူရှိခဲ့သည်။ မှားယွင်းသောအယူဖြင့် ပိုးနှံကောင်တို့ကို သတ်ဖြတ်မိသော အကုသိုလ်ကံကြောင့် အနှစ်ငါးရာတို့ ကာလပတ်လုံးမွတ်သိပ်ဆာလောင်ခြင်းနှင့်အတူ အလွန်ဆင်းရဲသောပြိတ္တာဘဝ၌ ဖြစ်ရသည်။

ယခု ပြိတ္တာဘဝမှလွတ်၍ ကဥ္စကဝတီရွာ၌ သံသရမောစကဒိဋ္ဌိအယူရှိသော မိဘမျိုးရိုး၌သာဖြစ်နေရသည်။

ရှင်သာရိပုတ္တရာသည် ထိုမိန်းကလေး၏ အနာဂတ်ဘဝကို ဆက်လက်ဆင်ခြင်ကြည့်ပြန်သည်။

ဤမိန်းကလေးသည် မှားသော မိစ္ဆာဒိဋ္ဌိအယူကြောင့် ငရဲသို့လားနိုင်သော အလားအလာရှိသည်ကို သိမြင်တော်

www.dhammaransi.com



မူသည်။

"အကယ်၍ ဤမိန်းကလေးသည် ငါ့ကို ရှိခိုးသည်ဖြစ်အံ့၊ ငရဲမူ မဖြစ်လတံ့၊ ပြိတ္တာဘုံ၌သာဖြစ်လတံ့၊ ပြိတ္တာဘုံ၌ ဖြစ်သော်လည်း ငါ့ကို အမှီပြု၍ စည်းစိမ်ချမ်းသာ အဖြာဖြာရလတံ့"

ရှင်သာရိပုတ္တရာသည် မိန်းကလေးကို သံဃာတော်များအား ရှိခိုးရန် တိုက်တွန်းသည်။ အဖော်ဖြစ်သော မိန်းကလေးတို့ကလည်း အတင်းလက်ဆွဲချပြီး ရှိခိုးစေသည်။ မိန်းကလေးသည် အများ၏ဆန္ဒအရ သဒ္ဓါစိတ် မရှိသော်လည်း သံဃာတော်များကို ရှိခိုးလေသည်။

မိန်းကလေးသည် အရွယ်ရောက်သော် ဒီဃရာဇိမည်သောရွာ၌ သံသရမောစကအယူရှိသော အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျသည်။ ထိုအမျိုးသမီးသည် ကိုယ်ဝန်ရှိသော် သားမဖွားနိုင်၍ သေဆုံးလေသည်တွင် ပြိတ္တာဘဝ၌ အဝတ်မဆီး၊ ကိုယ်လုံးတီးနေရသည်။ အဆင်းမလှပ၊ ဆာလောင်မွတ်သိပ်စွာနေရသည်။

တစ်နေ့တွင် ထိုပြိတ္တာမသည် ရှင်သာရိပုတ္တရာထံသို့ လာကာ ကိုယ်ထင်ပြသည်။ ရှင်သာရိပုတ္တရာက မည်သူနည်း ဟု မေးသောအခါ ပြိတ္တာမက အကြောင်းစုံလျှောက်ထား

www.dhammaransi.com



ပြသည်။

"ယခု သင် ဘယ်အတွက်ကြောင့် လာပါသလဲ"

"အရှင်မြတ်ဘုရား - တပည့်တော်မအတွက် လျှုဖွယ်ဝတ္ထုတို့ကို လှူဒါန်းပြီး အမျှပေးဝေစေလိုပါသည် ဘုရား၊ တပည့်တော်မ အမျှရက ဤဆင်းရဲမှ လွတ်ပါမည် ဘုရား၊ တပည့်တော်မကို ကယ်တင်စောင့်ရှောက်ပေးတော်မူပါ ဘုရား"

ရှင်သာရိပုတ္တရာမထေရ်သည် ထိုပြိတ္တာမပေါ်၌ သနားကရုဏာရှိသည်ဖြစ်၍ 'ကောင်းပြီ' ဟု ဝန်ခံကာ ဆွမ်းအလို့ငှာရွာထဲသို့ ကြွတော်မူသည်။

ဆွမ်းရလာသောအခါ သံဃာတော်များကို ပင့်ဖိတ်ပြီး လှူဒါန်းကာ ထိုပြိတ္တာမကို အမျှပေးဝေသည်။

ထိုခဏမှာပင် ပြိတ္တာမသည် အမျှရပြီးလျှင် နတ်၌ဖြစ်သော အဝတ်တန်ဆာ ဝတ်ဆင်ရသည်။ နတ်အစားအစာတို့ကို စားရကာ လှပသောအဆင်းရှိ နတ်သမီးဖြစ်သွားရလေသည်။ နတ်စည်းစိမ်နတ်ဘုံ ဗိမာန်ကိုပါ ခံစားရသည်။

ထိုနတ်သမီးသည် မိမိစည်းစိမ်ခံစားရပုံကို ပြန်လည်စဉ်းစားဆင်ခြင်ကြည့်မိသည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်၏ စောင့်ရှောက်ကူညီမှုကြောင့် ခံစားရသည်ကို သိရှိပြီး

www.dhammaransi.com



မထေရ်မြတ်ကို ကျေးဇူးဆပ်ကန်တော့လိုသဖြင့် မထေရ်မြတ်ထံ ချဉ်းကပ်လာသည်။ မထေရ်မြတ်က မေးသောအခါ နတ်သမီးသည် မိမိဘဝအကြောင်းစုံကို လျှောက်ထားသည်။

"ယခုတပည့်တော်မသည် အရှင်ဘုရားအား ရှိခိုးကန်တော့ရန်အတွက် လာပါသည် ဘုရား၊ အရှင်ဘုရားသည် တပည့်တော်မ၏ ကောင်းရာ မွန်ရာဘဝသို့ ရောက်အောင် အစဉ်သနားစောင့်ရှောက်ခဲ့သော ကျေးဇူးရှင်ဖြစ်၍ အရှင်ဘုရားအား တပည့်တော်မသည် သဒ္ဓါညွတ်ကျိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါသည် ဘုရား"

"သာဓု သာဓု သာဓု အသင်နတ်သမီး"

အရှင်သာရိပုတ္တရာ မထေရ်သည် ထိုနတ်သမီးကို အကြောင်းပြု၍ ကုဏ္ဍကဝတီရွာ၊ ဒီဃရာဇီရွာမှ မိမိထံရောက်လာသော ရွာသူရွာသားများကို ဟောပြောပြရာ သံသရမောစကအယူရှိသော ရွာသူရွာသားတို့သည် သတိသံဝေဂတရားရကြကာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြတော့သည်။

*(သံသရမောစကပေတဝတ္ထု)*

www.dhammaransi.com



# မိဘတစ္ဆေတို့ကို ကယ်တင်ခဲ့သော မထေရ်

ဂေါတမ ဘုရားရှင်ပွင့်တော်မူသော အချိန်ဖြစ်သည်။ ကုဏ္ဍိမည်သော မြို့အနီးရှိ တံငါရွာကလေးတစ်ရွာဝယ် တံငါ မိဘနှစ်ပါးမှ သားကြီးတစ်ယောက်နှင့် သားငယ်တစ်ယောက် ရှိကြသည်။ သားငယ်သည် ဘဝဟောင်းကို အောက်မေ့သတိ ရသော ဇာတိဿရဉာဏ်ကို ရသည်။ မိမိ၏ အတိတ်ဘဝ ဖြစ်ပျက်ခံစားလာရသော ဘဝနှင့် ဆင်းရဲကို အဖန်တလဲလဲ သတိရနေသည်။

သူသည်အတိတ်ဘဝက ဗာရာဏသီပြည်၌ ကီဘဝမင်း ၏ သားတော်ဖြစ်ခဲ့သည်။ ဥယျာဉ်ကစားရာမှ ပြန် လာစဉ် လမ်းခရီး၌ ဆွမ်းခံပြန်လာသော သုနေတ္တ မည်ရှိသော ပစ္စေကဗုဒ္ဓါတစ်ပါးနှင့် ဆုံတွေ့သည်။

မင်းသားသည် မင်းသားဟူသော မာန်မာနဖြင့် "ဤ ဦးပြည်းကတုံးသည် အဘယ်ကြောင့် ငါ့ကို ဦးညွှတ်၍ မသွား သနည်း" ဟု ပြစ်မှားသောစိတ်ရှိသည်ဖြစ်၍ ဆင်ကျောကုန်း မှ ဆင်းသက်ကာ ပစ္စေကဗုဒ္ဓါထံသို့ သွားသည်။

"ဦးပြည်းကတုံး အသို့နည်း ထမင်းရခဲ့သလော"

ဤသို့ ကြမ်းတမ်းစွာ ပြောပြီး သပိတ်ကို အတင်းဆွဲ ယူပြီး မြေပေါ်သို့ ပေါက်ခွဲပစ်လိုက်သည်။

www.dhammaransi.com



သည်းခံခြင်း မေတ္တာ ကရုဏာရှိသော ပစ္စေကဗုဒ္ဓါသည် မင်းသားကို ခွင့်လွှတ်သောမေတ္တာဖြင့် ကြည့်မိသည်။ ထိုသည်ကိုပင် မိမိကို ရန်လိုသောစိတ်ဖြင့် ကြည့်သည်ဟု ထင်ကာ -

"အသင်ဘယ်လိုလဲ သင်သည် ငါ့ကို ကိတဝမင်း၏ သားဖြစ်သည်ကို မသိပါသလော သင်သည် ငါ့ကို စူးစူး စိုက်စိုက် ကြည့်သည်မှာ ငါ့ကို ဘယ်လိုလုပ်ချင်လို့ ကြည့်နေပါသလဲ" ဟု ပြစ်တင်စကား ခြိမ်းခြောက်စကားပြောပြီး ဆက်လက်ထွက်ခွာသွားသည်။ ရှင်ပစ္စေကဗုဒ္ဓါထံမှ ထွက်ခွာစဉ်ပင် မင်းသားအား ငရဲမီးသည် လောင်ကျွမ်းတော့သည်။ ထိုလောင်ကျွမ်းခံရသော အပူမီးကြောင့် မင်းသားသည် သေဆုံးပြီး အဝီစိငရဲ၌ ကျရောက်ခံစားရသည်။

အဝီစိငရဲ၌ နှစ်ပေါင်းရှစ်သောင်းလေးထောင် ကာလပတ်လုံးခံစားရပြီးနောက် လွတ်မြောက်လာသောအခါ ဆာလောင်မွတ်သိပ်ခြင်း ခံရသော ပြိတ္တာဘဝသို့ ရောက်ခဲ့ရပြန်သည်။ ယခု ဂေါတမ ဘုရားလက်ထက်ကျမှ တံငါရွာ၌ လူလာဖြစ်ရသည်။

သားငယ်သည် ထိုဘဝဖြစ်စဉ်ကို သတိရ၍ အရွယ်ရောက်လတ်သော် မကောင်းမှု အကုသိုလ်ကံကို ကြောက်လှသောကြောင့် မိဘတို့နှင့် ငါးဖမ်းမလိုက်သလို မည်သူနှင့်မျှ

www.dhammaransi.com



လည်း ငါးဖမ်းမလိုက်ချေ။ မတတ်သာ၍ လိုက်ရသည်ရှိသော် ပိုက်ကွန်တို့ကို ဖောက်ဖျက်ပစ်လေ့ရှိသည်။ အသက်ရှင်လျက် မိသော ငါးတို့ကိုလည်း ပြန်လွှတ်ပစ်လေ့ရှိသည်။

ထိုသူငယ်၏ အပြုအမူကို မကြိုက်နှစ်သက်ကြသော မိဘဆွေမျိုးတို့သည် သူငယ်ကို အိမ်မှ နှင်ထုတ်ကြလေသည်။

သူငယ်၏ အစ်ကိုကမူ ညီငယ်အပေါ်၌ အလွန် ချစ်ခင်မြတ်နိုးလေသည်။ ညီငယ် နှင်ထုတ်ခံရသည်ကို မကျေနပ်၍ မိဘတို့ထံ တောင်းပန်သော်လည်း မိဘတို့က ခွင့်မပြုကြချေ။

ထိုအခါ်ချိန်တွင် ရှင်အာနန္ဒာသည် ကုဏ္ဍိမြို့အနီး သာဏာမည်သော တော၌ သီတင်းသုံးနေထိုင်သည်။

တံငါသည် သားသည်အိမ်မှ နှင်ထုတ်ခံရသဖြင့် ထိုမှ ဤမှသွားလာနေရာ ရှင်အာနန္ဒာမထေရ် သီတင်းသုံးရာနေရာသို့ ရောက်သွားသည်။ သူငယ်သည် မထေရ် ဆွမ်းစားသည့် နေရာသို့ ကပ်ရောက်သွားသည်။ မထေရ်က လူငယ်အခြေအနေကို စုံစမ်းမေးမြန်းသည်။

“တပည့်တော် အစာစားလိုသောကြောင့် လာပါသည်ဘုရား”

www.dhammaransi.com



မထေရ်မြတ်သည် သပိတ်ထဲမှဆွမ်းကိုထုတ်ယူ၍ လူငယ်ကို ကျွေးမွေးသည်။ ထို့နောက် လူငယ်ကို ဘယ်ကလာ၍ ဘယ်သို့သွားမည်အကြောင်းစုံကို မေးမြန်းသည်။ လူငယ်က မိမိ၏ ဘဝဖြစ်စုံကို လျှောက်ထားပြသည်။

မထေရ်မြတ်သည် လူငယ်ကို သနားကရုဏာဖက်သော မေတ္တာစိတ်ရှိသည်ဖြစ်၍ -

"သင်သည် ရဟန်းပြုနိုင်မည်လော" ဟု မေးသည်။

"အရှင်ဘုရား ခွင့်ပြုက ရဟန်းပြုပါမည်"

ရှင်အာနန္ဒာသည် ထိုသူငယ်ကို ဦးစွာ သာမဏေပြုပြီး ဘုရားရှင်ထံသို့ ခေါ်ဆောင်လာခဲ့သည်။ ဘုရားရှင်က ရှင်အာနန္ဒာမထေရ်ကို ထိုသူငယ်ကို အစဉ်သနား စောင့်ရှောက်ရန် မိန့်ကြားတာဝန်ပေးတော်မူသည်။

ရှင်အာနန္ဒာသည် ထိုသာမဏေကို ကိုယ်တိုင် စောင့်ရှောက်သည်၊ သာမဏေသည် အတိတ်ဘဝ အကုသိုလ်ကံကြောင့် လာဘ်လာဘ အလွန်နည်းပါးသည်။

ဘုရားရှင်သည် သာမဏေ၏ အခြေအနေကို သိတော်မူ၍ သာမဏေကို ချီးမြှောက်လိုသဖြင့် သာမဏေကို ရဟန်းသံဃာတော်များ သုံးဆောင်သော သောက်ရေကို ထည့်စေသည်။ ရဟန်းသံဃာတို့၏ လိုအပ်သမျှရေကို ဖြည့်

www.dhammaransi.com



ဆည်းထည့်ပေးနေသော သာမဏေကိုမြင်၍ ဥပါသကာတို့သည် သာမဏေကို ကြည်ညိုကာ နိစ္စပါတ်ဆွမ်းများကို ထည့်ပေးကြသည်။

သာမဏေသည် အသက် (၂၀) ပြည့်သောအခါ ရဟန်းပြု၍ ရဟန်းတရားကို ဆက်လက်အားထုတ်ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။

မထေရ်ကြီးဖြစ်လာသောအချိန်တွင် နောက်ပါ သံဃာတစ်ကျိပ်နှစ်ပါးနှင့်အတူ သာဏမည်သောတောဌပင် သီတင်းသုံးနေထိုင်သည်။

ထိုမထေရ်၏ ဆွေမျိုးဉာတိ မိဘစသည်တို့သည် ပြုအပ်သော မကောင်းမှုအကျိုးသာများကြ၍ ကွယ်လွန်သောအခါ ပြိတ္တာဘုံ၌သာဖြစ်ကြရသည်။

မထေရ်၏ မိဘ ပြိတ္တာတို့သည် သားရဟန်းဖြစ်သည်ကို သိရှိကြပြီးနောက် မိမိတို့ဘဝ ချမ်းသာရေးအတွက် အကူအညီတောင်းလိုကြသော် လူ့ဘဝက နှင်ထုတ်ခဲ့ဖူးသောအပြစ်ရှိကြ၍ မထေရ်ထံသို့ မကပ်ရောက်ရဲကြချေ။

သို့အတွက် မထေရ်အပေါ်၌ သံယောဇဉ်ကြီးခဲ့သော သားကြီးပြိတ္တာကို မထေရ်ထံစေလွှတ်သည်။ သားကြီး ပြိတ္တာသည် မထေရ်ဆွမ်းအလို့ငှါဝင်လာစဉ် လက်ျာပုဆစ်ဒူးကို မြေ၌တည်လျက် လက်အုပ်ချီကာ မထေရ်ကို ကိုယ်ထင်ပြ

www.dhammaransi.com



သည်။

မထေရ်သည် ပြိတ္တာကိုယ်ထင်ပြသည်ကို အမှတ်မထင် တိတ်ဆိတ်နေပြီးလျှင် ရှေ့သို့ဆက်လက်ကြွတော်မူသည်။

"အရှင်ဘုရား တပည့်တော်သည် အခြားမဟုတ်ပါ၊ လူ့ဘဝက အရှင်၏နောင်ငယ်တော်ဖြစ်ပါသည်။ အရှင်ဘုရား၏ မိဘနှစ်ပါးနှင့် တပည့်တော်တို့သည် ပြုအပ်သော မကောင်းမှုအကုသိုလ်ကံကြောင့် ငတ်မွတ်ခေါင်းပါး ဆင်းရဲဒုက္ခများစွာ ခံရသော ပြိတ္တာဘုံသို့ရောက်နေကြရပါသည်။ မိဘနှစ်ပါးသည် အရှင်ဘုရားထံမလာရဲ၍ တပည့်တော်လာရပါသည် တပည့်တော်အား သနားသဖြင့် အရှင်ဘုရားသည် တပည့်တော်တို့အတွက် ကုသိုလ်ပြု၍အမျှပေး စောင့်ရှောက်စေလိုပါသည်ဘုရား"

မထေရ်သည် ဆိတ်ဆိတ်နေဝန်ခံကတိပေးပြီးလျှင် တစ်ကျိပ်နှစ်ပါးသော သံဃာတော်များ ဆွမ်းခံအပြန်ကို စောင့်လေသည်။ သံဃာတော်များ စုံလင်စွာ ပြန်ရောက်သောအခါ -

"တပည့်တော်သည် ဆွေမျိုးဖြစ်သော ပြိတ္တာအား သနားစောင့်ရှောက်သောအားဖြင့် သံဃာကိုရည်မှန်း၍ ဆွမ်း

www.dhammaransi.com



လှူလိုပါသည်။ သို့အတွက် အရှင်ဘုရားတို့ ရအပ်သော ဆွမ်းကို တပည့်တော်အား ပေးလှူစေလိုပါသည် ဘုရား”ဟု လျှောက်ထား အကူအညီတောင်းလေသည်။

သံဃာတော်များကလည်း မထေရ်၏ ပန်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာလက်ခံကာ ရလာသောဆွမ်းတို့ကို လှူလေသည်။ မထေရ်သည် ထိုဆွမ်းတို့ကို သံဃာတော်များအားဖိတ်ကြား၍ လှူဒါန်းပြီးလျှင် မိဘ၊ အစ်ကို ဆွေမျိုးတို့အား ရည်စူးအမျှပေးဝေသည်။

ထိုခဏမှာပင် ပြိတ္တာတို့သည် သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီးလျှင် အရသာနှင့် ပြည့်စုံသောအဟာရတို့ ဖြစ်ပေါ်ပြီး စားသောက်ရသည်။ မထေရ်မြတ်၏ ဒါနစွမ်းအားကြောင့် ခွန်အားပြည့်လာပြီဖြစ်သောညီအစ်ကိုပြိတ္တာသည် မထေရ်ကို ထင်ရှားစွာကိုယ်ထင်ပြပြီး လျှောက်ထားပြန်သည်။

“အရှင်မြတ်ဘုရား စားသောက်ဖွယ်ရာတို့က ပြည့်စုံပါပြီ၊ အဝတ်မပါ ကိုယ်ချည်းသာနေရပါသည်။ တပည့်တော်တို့အတွက် ဝတ်ဆင်စရာ စီမံပေးတော်မူပါဦး ဘုရား”

မထေရ်မြတ်သည် သနားကရုဏာ ရှိလှသဖြင့် သုဿန်တစ လမ်းလေးခွအမှိုက်ပုံစသည်တို့မှ စွန့်ပစ်ထား

www.dhammaransi.com



အပ်သောအဝတ်ပုဆိုးပိုင်းစတို့မှ ကောင်းနိုးရာရာကို ကောက်ယူပြီးသင်္ကန်းပြုလုပ်သည်။

ထို့နောက် အရပ်လေးမျက်နှာရှိ သံဃာတို့ကို ရည်စူးလှူဒါန်းပြီးလျှင် မိဘနောင်တော် ဆွေမျိုးတို့ ချမ်းသာစေရေးအတွက် အမျှပေးဝေသည်။

ထိုခဏမှာပင် ပြိတ္တာတို့သည် အမျှရပြီးလျှင် နတ်တန်ဆာအဖြာဖြာတို့ရလေသည်။ အဝတ်အစားရပြီးသောအခါ နောင်တော် ပြိတ္တာသည် နေထိုင်စရာ တောင်းပြန်သဖြင့် မထေရ်မြတ်သည် သစ်ရွက်မိုးကျောင်းကို ပြုလုပ်ပြီး အရပ်လေးမျက်နှာ သံဃာကို ရည်စူးလှူဒါန်းပြီး အမျှပေးဝေသည်။

ထိုခဏမှာပင် ပြိတ္တာတို့အားနေထိုင်ရာဘုံဗိမာန် ရကြလေသည်။ ပြိတ္တာအစ်ကိုက သောက်စရာရေကို တောင်းပြန်သဖြင့် မထေရ်က ရေကိုစစ်ယူပြီး အရပ်လေးမျက်နှာရှိ သံဃာကိုရည်စူးပြီး လှူဒါန်းကာ အမျှပေးဝေလေသည်။

ထိုခဏမှာပင် ပြိတ္တာတို့အား စိတ်အလိုတိုင်းသွားနိုင်သော ယာဉ်တို့ဖြစ်ပေါ်ခံစားကြရလေသည်။

ပြိတ္တာတို့သည် မိမိတို့ဆန္ဒပြည့်ဝသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးလျှင် မထေရ်ကို ကျေးဇူးတင်၍ မထေရ်ကို လာရောက်ရှိခိုးကန်တော့ကြလေသည်။

**(သာဏဝါသီထေရပေတဝတ္ထု)**

www.dhammaransi.com



## လင်တူမယားပေါ် မနာလို ဝန်တိုမိခဲ့သော တာန္တော်ပြိတ္တာမ

သာဝတ္ထိပြည်၌ သူကြွယ်တစ်ယောက်သည် ရတနာသုံးပါး၌ ယုံကြည်သည်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံသည်။

ထိုသူကြွယ်၏ မယားသည် မတ္တာအမည်ရှိသည်၊ သဒ္ဓါတရားမရှိ၊ အမျက်မာန်ကြီးသည်၊ ဝန်တိုမစ္ဆရိယက လည်းပေါများသည့်ပြင် ထိုမယားကြီး၌ သားသမီးလည်း မထွန်းကားချေ။

သူကြွယ်သည် အမျိုးအနွယ်ပြတ်မည်ကို စိုးရိမ်သောကြောင့် အမျိုးအနွယ်တူသော အခြားအမျိုးသမီးတစ်ယောက်ကို ထပ်မံ၍ လက်ထပ်ရလေသည်။ ထိုအမျိုးသမီး၏ အမည်ကား တိဿအမည်ရှိသည်။ တိဿသည် သဒ္ဓါတရားရှိသည်။ ရတနာသုံးပါးကိုလည်း ကြည်ညိုကိုးကွယ်သည်။ လင်ယောကျ်ားကိုလည်း ရိုရိုသေသေလေးလေးစားစား ချစ်မြတ်နိုးပြီး ပြုစုသည်။ သို့အတွက် လင်ကလည်း တိဿကို မယားကြီး မတ္တာထက် ချစ်မြတ်နိုးသည်။

မကြာမီတွင် တိဿ၌ ကိုယ်ဝန်ရှိလာပြီး သားငယ်တစ်ယောက်မွေးဖွားလာခဲ့သည်။ ထိုသားငယ် မွေးဖွားလာကတည်းက မတ္တာသည် တိဿအပေါ် ဝယ် မနာလိုဝန်တိုဖြစ်

www.dhammaransi.com



လာပြီး ငြူစူစောင်းမြောင်းမှု အမြဲပြုလုပ်လာခဲ့သည်။ တိဿ အပေါ် ချိုးချိုးဖွဲ့ဖွဲ့ မကောင်းသောစကားများဖြင့် အမြဲမပြတ် ပြောဆိုလာသည်။

တစ်နေ့တွင် တိဿသည် ခေါင်းလျှော်ပြီး ဆံပင်ကို ဖြန့်ချကာ လင်ယောက်ျားနှင့်အတူ အောက်ထပ်တွင် ချစ်ချစ် ခင်ခင် ကြင်ကြင်နာနာ ယုယုယယနှင့် စကားပြောနေသည်။ ထိုမြင်ကွင်းကို မြင်ရသော မတ္တာသည် မနာလိုဝန်တိုစိတ် ပေါ်လာကာ တံမြက်စီးအမှိုက်များကို အပေါ်ထပ်မှနေ၍ တိဿအပေါ်သို့ သွန်ချသည်။

အဘယ်ကြောင့် ဤသို့ပြုလုပ်ရပါသလဲဟု မေးသော အခါ မမြင်မိလို့ပါ၊ မတော်လို့ပါဟု ဆင်ခြင်ပေးသည်။ တိဿ ကလည်း ခွင့်လွှတ်ခြင်း မေတ္တာကို မွေးမြူသည်။

တစ်နေ့သောအခါတွင်လည်း မတ္တာသည် တိဿအိပ် သော အိပ်ရာပေါ်တွင် ခွေးလေးယားသီးတို့ကို ကျဲချထား သဖြင့် တိဿမှာ ထိုခွေးလေးယားသီးယားဒဏ်ကို ခံရသည်။

လင်ယောက်ျားသည်၊ အပြင်စားပွဲ သောက်ပွဲ ဧည့်ခံပွဲ တိုင်း တိဿကိုသာခေါ်သွားသည်ကို မနာလို ဝန်တိုဖြစ်ကာ တိဿ၏ အဝတ်အစားများကို ယူ၍ဝှက်ထားသည်။ တိဿ လိမ်းကျံသော အမွှေးနံ့သာတို့ကိုလည်း ဟိဿ မလိမ်းကျံ

www.dhammaransi.com



နိုင်အောင် သို့ဝှက်ထားတတ်သည်။

မတ္တာသည် တိဿအပေါ် အမျိုးမျိုးသော မနာလို ဝန်တိုစိတ်တို့ဖြင့် နေ့စဉ်ပွားများနေရင်း ရောဂါရလာသည်။ ထိုရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ရာ မိမိပြုခဲ့သော အကုသိုလ် ကံအားလျော်စွာ ပြိတ္တာဘုံ၌ ဖြစ်ရလေသည်။

တစ်နေ့သောညနေဆည်းဆာအချိန်တွင် တိဿသည် ရေချိုးနေရာ ပြိတ္တာတစ္ဆေမသည် တိဿထံလာရောက် ပြီး ကိုယ်ထင်ပြသည်၊ တိဿသည် ထိုတစ္ဆေ ပြိတ္တာမကိုမြင်၍-

" အရှင်မ သင်သည် အဝတ်မပါ၊ နံရိုးပြိုင်းပြိုင်း ပိန် ခြောက်ပြီး ကိုယ်မှာလည်း အနာရောဂါတွေနှင့် အဆင်းမလှ မြင်ရသည်မှာ မြင်မကောင်းရှိနေပါသည်။ သင်သည် ဘယ်ဇာတိ၊ ဘယ်မျိုးနွယ်ပါနည်း" ဟု မေးသည်။

" ညီမ တိဿ ငါသည် ရှေးဘဝက သင်နှင့်လင်တူ ဖြစ်သော မတ္တာ ဖြစ်ပါသည်။ ငါသည် လူ့ဘဝရှိစဉ် က ယုတ်မာညစ်ကျူးသော မကောင်းမှုကို ပြုခဲ့မိသောကြောင့် ဆင်းရဲဒုက္ခကြီးသောပြိတ္တာဘုံသို့ ရောက်နေရပါသည်"

" အစ်မ မတ္တာ၊ လူ့ဘဝက သင်သည် မည်ကဲ့သို့သော မကောင်းမှုကိုပြုခဲ့မိ၍ ဆင်းရဲသော ဤပြိတ္တာဘဝသို့ ရောက်ရပါသလဲ"

www.dhammaransi.com



" ညီမ တိဿ၊ ငါသည် လူ့ဘဝရှိစဉ်က ငြူစူစောင်း မြောင်း မကောင်းသော ဣဿမစ္ဆရိယဟာရားတို့ကို များစွာ ပြုခဲ့မိပါသည်။ သင့်ကိုလည်း ချိုးချိုးဖွဲ့ဖွဲ့ စကားဖြင့် ပုတ်ခတ် စကားပြောခဲ့မိပါသည်။ ဤမကောင်းမှုများကြောင့် ပြိတ္တာ တစ္ဆေဘဝရောက်နေရပါသည်"

" အစ်မ မတ္တာ၊ အစ်မကိုယ်လုံးမှာလဲ မြေမှုန့် အထပ် ထပ် ကပ်လိမ်းငြိနေပါသလား၊ အဲဒါတွေက ဘာဖြစ်လို့ပါလဲ"

" ညီမ တိဿ၊ ရေးလူဖြစ်စဉ်ဘဝက သင်သည် ခေါင်းလျှော်ရေချိုးပြီး၍ လှပစင်ကြယ်သော အဝတ်ကို ဝတ် ဆင်စေခဲ့ပါသည်။ ထိုကြားထဲကပင် လင်ယောကျ်ားသည် ငါ့ကို မချစ်၊ သင့်ကိုသာ ချစ်မြတ်နိုးခဲ့ပါသည်။ ထိုတွက် ငါသည် မနာလိုစိတ် တဖွားဖွားပေါ်ပြီး သင့်အပေါ်၌ တံမြက် စည်းအမှုန့်တို့ကို သွန်ချမိခဲ့ပါသည်။ ဤ အကုသိုလ်ကံ ကြောင့် ယခု မြေမှုန့်များ အထပ်ထပ်လိမ်းကျံနေရပါသည် ဖယ်ရှား၍မရပါ"

" ဒါဆို အစ်မ မတ္တာအပေါ်မှာ ပွေး၊ ဝဲ၊ ယားနာလို အနာတွေဖြစ်ပေါ်နေတာကရော ဘယ်လိုအကုသိုလ်ကံ ပြုမိ လို့ပါလဲ "

" ညီမ တိဿ၊ လူဘဝရှိစဉ်က ငါသည် သင့်အိပ်ရာ

www.dhammaransi.com



ပေါ်၌ ခွေးလေးယားသီးတို့ ကျဲချမိခဲ့ပါသည်။ ဤ မကောင်းမှု ကံကြောင့် ယခု ပွေး၊ ဝဲ၊ ယားနာ သဘောမျိုး ရောဂါတွေရ နေရပါသည် "

" ဒါဆို အစ်မ မတ္တာ၊ ကိုယ်လုံးတီး အဝတ်မဆီး ဖြစ် နေရတာရော ဘယ်မကောင်းမှုပြုခဲ့လို့ပါလဲ "

" ညီမတိဿ၊ ငါသည်လူ့ဘဝရှိစဉ်က လင်ယောကျ်ား သည် သင့်ကိုသာလျှင် မင်္ဂလာကိစ္စအဝဝ၌ ဖိတ်ခေါ်သွား လာပါသည်။ ငါ့ကိုထားခဲ့ပါသည်။ ထိုသည်ကို မကျေနပ် သော ငါသည် သင်၏ အဝတ်အစားများကို စိတ်ယုတ်များဖြင့် ခိုးဝှက်ထားခဲ့မိပါသည်။ ဤ အကုသိုလ်ကံကြောင့် ယခု အဝတ်မဆီး ကိုယ်လုံးတီးနေရပါသည် "

" ဒါဆို အစ်မ မတ္တာ တစ်ကိုယ်လုံး နံစော်နေတာက ရော ဘယ်မကောင်းမှုကံကြောင့်ပါလဲ"

" ညီမ တိဿ၊ လူ့ဘဝရှိစဉ်က သင်လိမ်းကျံခဲ့သော အမွှေးနံ့သာတို့ကို မစင်တွင်း ထဲသို့ ပစ်ချခဲ့မိသော အကုသိုလ် မကောင်းမှုကံကြောင့် ငါ၏ကိုယ်သည် နံစော်နေရပါ သည်"

" အစ်မ မတ္တာ၊ ယခုပြိတ္တာတစ္ဆေမဘဝရောက်ရသည့် အကြောင်းရင်းကို ပြောပြပါဦး "

" ညီမ တိဿ၊ လူ့ဘဝက သင်နှင့်ငါ့တွင် ဥစ္စာပစ္စည်း

www.dhammaransi.com



စုံလင်စွာရှိခဲ့ပါသည်။ ငါသည် ဥစ္စာပစ္စည်း စုံလင်စွာရှိခဲ့ပါသော်လည်း ကုသိုလ်ကောင်းမှု မပြုခဲ့ပါ။ ပေးကမ်းလှူဒါန်းမှု မပြုခဲ့ပါ။ သို့အတွက် ယခု ဆင်းရဲကြီးသော ပြိတ္တာ့တစ္ဆေမဘဝသို့ရောက်ရပါသည် "

" အို - အစ်မ မတ္တာ၊ ကျွန်ုပ်သည် အမကို ကိုယ်,နှုတ်, စိတ်သုံးပါးဖြင့် နေ့စဉ်မကောင်းမှုပြုနေက ကောင်းရာမွန်ရာဘဝသို့ မရောက်နိုင်ဘဲ မကောင်းသောဘုံဘဝသို့ ရောက်နိုင်ကြောင်း ကျွန်မ ခဏခဏ အစ်မကို ပြောပြမိခဲ့ပါသည်။ အစ်မသည် ပစ္စည်းဥစ္စာကို မပေးလှူဘဲ သိမ်းဆီး၍နေပါသည်။ ထိုဥစ္စာများသည် အစ်မသေသောအခါ ပါမသွားသည်ကို ကျွန်မ ခဏခဏ ပြောမိပါသည်။ ယခု အစ်မလက်တွေ့ကြုံနေရပြီ မဟုတ်ပါလော "

" မှန်ပါတယ် ညီမ တိဿ၊ ငါမိုက်မဲမိပါသည်"

" အစ်မ မတ္တာ သား၏ ဖခင်သည် ယခု ဈေးကပြန်လာနီးပါပြီ။ သားဖခင်က အစ်မကို တစ်စုံတစ်ရာ ပေးပါလိမ့်မယ်၊ ခဏစောင့်ပါဦး "

" ညီမ တိဿ၊ အဝတ်မပါ အရိုးပြိုင်းပြိုင်း ဖြစ်နေသော ငါ့ဘဝကို ပြရမှာ ရှက်စရာဖြစ်နေရပါသည်"

" အစ်မ မတ္တာ၊ ယခု ကျွန်ုပ်သည် အစ်မ ဆင်းရဲကင်း

www.dhammaransi.com



အောင် အဝတ်ကို ပေးရမည်လော၊ အစားကိုပေးရမည်လော ပြောပါ။ ဘယ်ပစ္စည်းကို ဘယ်လိုပေးက အစ်မ ချမ်းသာရာ ရပါမည်နည်း "

" ညီမ တိဿ၊ ညီမ အစ်မကို ချမ်းသာစေလိုသော် သံဃာတော်များကို ပင့်ဖိတ်ဆွမ်းကျွေး၍ ထိုသံဃိက အလှူ ၏ ကုသိုလ်အဖို့ဘာဂကို ငါ့ကိုရည်ညွှန်းပြီး အမျှပေးဝေပါ လော့။ ထိုသို့ပေးသည်ရှိသော် ငါ့ဘဝချမ်းသာရာရပါမည် "

" ကောင်းပါပြီ အမ မတ္တာ၊ သားဖခင်ပြန်လာက ဖခင် နှင့် တိုင်ပင်ပြီး ဆောင်ရွက်ပေးပါမည်။ ဤပတ်ဝန်းကျင်တွင် နေလို့ရကနေပါ "

တိဿလည်းလင်သားဈေးမှပြန်လာသောအခါ မတ္တာ ၏အကြောင်းစုံကို ပြောပြသည်။ လင်ယောကျ်ားသည် မယား ကြီး မတ္တာအပေါ် သနားကရုဏာသက်ပြီးလျှင် နှစ်ရက် မြောက်သောနေ့၌ သံဃာ (၈)ပါးကို ပင့်ဖိတ်ပြီး ဆွမ်း ကျွေးသည်၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်း ပေးလှူသည်။

ထို့နောက် ပြုသမျှသော ကုသိုလ်အဖို့ဘာဂကို မတ္တာ အား ရည်ညွှန်းပြီး အမျှပေးဝေသည်။

တစ္ဆေမ မတ္တာသည် ထိုခဏမှာပင် သာဓုခေါ်နိုင်ပြီး ပြိတ္တာတစ္ဆေဘဝမှလွတ်မြောက်ကာ နတ်ပြည်သို့ရောက်ပြီး

www.dhammaransi.com



နတ်စည်းစိမ်ကိုခံစားရလေသည်။

မတ္တာ နတ်သမီးသည် မိမိနတ်သမီးဖြစ်ကြောင်းကို တိဿထံပြန်လာကာ ကိုယ်ထင်ပြပြီး ကျေးဇူးတင်ကြောင်း ပြောပြသည်။

တိဿသည် ထိုအကြောင်းကို လင်ယောကျ်ားအား ပြောပြသည်။ လင်ယောကျ်ားမှ တစ်ဆင့် ရဟန်းများသိရှိပြီးနောက်ဘုရားရှင်ထံသို့ရဟန်းများကလျှောက်ထားကြသည်။

ဘုရားရှင်က ထိုအကြောင်းကို တရားနာပရိသတ်တို့အား ပြောပြ၍ တရားနာပရိသတ်တို့ ထိတ်လန့်သံဝေဂရကြပြီး ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးကို အထူးထိန်းသိမ်းစောင့်ရှောက်ကြလေသည်။

(မတ္တာ ပေတဝတ္ထု)

## ကျိန်စာ အကုသိုလ်ကံခံ ပြိတ္တာတစ္ဆေမ

သာဝတ္ထိပြည်နှင့် မနီးမဝေး တောရွာတစ်ရွာဝယ် သူကြွယ်၏ မယားသည် သားသမီးမမွေး မြုံသည်။ ထိုသည်ကို သူကြွယ်၏ ဆွေးမျိုးတို့က မျိုးဆက်ပြတ်မည်စိုး၍ အခြားမိန်းမတစ်ဦးကို လက်ထပ်ယူရန်တိုက်တွန်းကြသည်။

သူကြွယ်သည် မယား၌ချစ်သဖြင့် ဆွေမျိုးတို့၏အကြံကို လက်မခံချေ။ မယားကြီးသည် ဆွေမျိုးတို့၏အကြံကို သိ

www.dhammaransi.com



၍ လင်ကို အခြားမိန်းမ တစ်ယောက်ကိုထပ်ယူရန် ကိုယ်တိုင် တိုက်တွန်းသည်။

သူကြွယ်သည် မယားကြီး၏ အကြိမ်ကြိမ်တောင်းပန် တိုက်တွန်းလာ၍ အခြားမိန်းမတစ်ယောက်ကို ဆွေမျိုးများ အား ပြောပြပြီးယူသည်။

တစ်နေ့တွင် မယားငယ်၌ ကိုယ်ဝန်ရှိလာသည်ကို တွေ့မြင်သော မယားကြီးသည် မယားငယ်အပေါ်၌ မနာလို ဝန်တိုစိတ်ပေါ်လာမိသည်။

သို့တွက် မယားကြီးသည် ပရိဗိုဇ်မ တစ်ယောက်ကို ပေးကမ်းလှူဒါန်းပြီး မိမိဘက်ပါအောင်ပြုသည်။ ထိုပရိဗိုဇ်မ မိမိဘက်ပါသောအခါ ကိုယ်ဝန်ကျဆေးကိုစီမံပြီး ပရိဗိုဇ်မကို ပေးစေသည်။ ပရိဗိုဇ်မသည် လာဘ်လာဘကို မျှော်ကိုးပြီး ကိုယ်ဝန်ဖျက်ဆေးကို ပရိယာယ်ဖြင့် မယားငယ်ကို ကျွေး သည်။

မယားငယ်သည် ပရိဗိုဇ်မကို ယုံကြည်၍ ဆေးကို စားမိရာ မကြာခင် ကိုယ်ဝန်ပျက်ကျလေသည်။ မယားငယ် သည် ထိုအကြောင်းကို မိမိ၏မိခင်အားပြောပြသည်။ မိခင် က လည်း ဆွေမျိုးများကိုပြောပြသည်။

ဆွေမျိုးတို့သည် မယားကြီးကို ခေါ်ယူကာ ထိုကိစ္စ

www.dhammaransi.com



ကို စိစစ်ပေးကြသည်။ မယားကြီးက မဟုတ်ကြောင်း ငြင်းဆို သည်။

" အကယ်၍ နင်ဖျက်မချဟုဆိုလျှင် ကျိန်စာဆို၍ ပြောဝံ့မည်လော "

" မယားကြီးသည် ပြောဝံ့ပါသည်ဟုဆိုကာ အောက် ပါအတိုင်း ကျိန်စာဆိုသည် "

" အကယ်၍ ငါသည် ကိုယ်ဝန်ဖျက်ချသည် မှန်ငြား အံ့၊ ဒုဂ္ဂတိဘဝသို့ကျရောက်သည်ဖြစ်၍ ဆာလောင်မွတ်သိပ် ခြင်း နှိပ်စက်ကာ နံနက်ငါးယောက် ညငါးယောက်သားတို့ ကိုပွား၍ စားသောက်သော်လည်း အဟာရတင်းတိမ်ခြင်းမရှိ စေရသား၊ အမြဲတမ်းမကောင်းသောအနံ့လှိုင်၍ ယင်မဲဝိုင်း ကို တလှိုင်လှိုင်ပေါ်များသောကိုယ် ဖြစ်ပါစေသား "

မယားကြီးသည် အထက်ပါအတိုင်း ကျိန်စာဆိုပြီး နောက် စိတ်သောကတနုံ့နုံ့ခံစားရကာ မကြာခင်တွင်ကွယ် လွန်ပြီး ထိုရွာအနီး၌ ပြိတ္တာမဖြစ်ရသည်။ ပြိတ္တာမသည် သူ့ အသက်သတ်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ ကျိန်စာဆိုခြင်း၊ မကောင်းမှုကြောင့် မိမိကိုယ်တွင်ဖွားသော သားငါးယောက် ကို နေ့ညစားသောက်ရခြင်း၊ အစာရေစာမဝ ဒုက္ခဆင်းရဲကြီး စွာ ခံစားနေရလေသည်။

www.dhammaransi.com

## ၁၀၆ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

တစ်နေ့တွင် ဇနပုဒ်၌ ဝါကပ်ကြသောသံဃာတော်များသည် ဝါကျွတ်၍ ဘုရားရှင်အားဖူးရန် သာဝတ္ထိမြို့သို့ လာစဉ် လမ်းခရီးရွာနှင့်မဝေးသော တောအုပ်တစ်ခုသို့ အရောက်တွင် ခဏနားနေကြသည်။

ထိုအခါ ပြိတ္တာမသည် မထေရ်များကို ကိုယ်ထင်ပြသည်။ ပြိတ္တာမကိုယ်သည် အဝတ်မဆီး၊ ကိုယ်လုံးတီးနှင့် ကြောက်လန့်ဖွယ်ရာသဏ္ဍာန်ရှိလေသည်။ အပုပ်နံ့များ တထောင်းထောင်းထွက်နေပြီး ယင်မဲများကလည်း ဝိုင်းအုံနေသည်။

သံဃာမထေရ်ကြီးသည် ထိုပြိတ္တာမကို စုံစမ်းမေးမြန်းရာ ပြိတ္တာမက မိမိဘဝအကြောင်းစုံကိုလျှောက်ထားပြသည်။ ထို့နောက် မထေရ်တို့ကို တောင်းပန်လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်မ ပန်ကြားအပ်ပါသည်ဘုရား၊ အရှင်ဘုရားများ သာဝတ္ထိပြည်ပြန်ကြွလျှင် ဤမည်သောရွာရှိ သူကြွယ်အိမ်သို့ဝင်၍ တပည့်တော်မအတွက် အလှူအတန်းပေး၍ အမျှပေးဝေရန် ပြောကြားပေးစေလိုပါသည်ဘုရား၊ အမျှအတန်းရက တပည့်တော်မ ဤဆင်းရဲမှ လွတ်ပါမည်ဘုရား "

မထေရ်တို့သည် ပြိတ္တာမအား သနားလှသဖြင့်

www.dhammaransi.com



ပြိတ္တာမထံ ဝန်ခံ၍ ထိုသူကြွယ်အိမ်သို့ ဆွမ်းအလို့ငှာ ဝင်ကြသည်။ သူကြွယ်ကလည်း မထေရ်များကြွလာ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေရာပေးပြီး ဆွမ်းဆက်ကပ်သည်။

မထေရ်ကြီးသည် သူကြွယ်အား မိမိတို့ကို သူကြွယ်မယားကြီးဖြစ်ခဲ့သော ပြိတ္တာမ တွေ့ခဲ့ပုံ၊ ဆင်းရဲဒုက္ခရောက်ပုံ၊ မှာပုံ အကြောင်းစုံကို မိန့်ကြားပေးတော်မူသည်။

သူကြွယ်ကလည်း မယားကြီးဖြစ်ခဲ့သော ပြိတ္တာမအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်ပေးရန် သဘောတူသည်။

မထေရ်တို့သည် သူကြွယ်လှူဒါန်းသော ဆွမ်း၏ကုသိုလ်အဖို့ကိုပင် မယားကြီး ပြိတ္တာမအားရည်ညွှန်းကာ အမျှပေးဝေစေသည်။

သူကြွယ်သည် မိမိပြုသော သံဃိကဆွမ်းအလှူအဖို့ကို ပြိတ္တာမအား အမျှပေးဝေရာ ပြိတ္တာမသည် သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး ထိုခဏမှာပင် ဆင်းရဲကင်းကွာပြီး မွန်မြတ်သော နတ်စည်းစိမ် နတ်အစားအစာတို့ကို ခံစားရလေသည်။

ပြိတ္တာမသည် မိမိခံစားရသောနတ်စည်းစိမ်ဆွမ်းကိုညည့်အချိန်တွင် မထေရ်တို့အားပြလေသည်။

မထေရ်တို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သာဝတ္ထိ

www.dhammaransi.com



သို့ အစဉ်ကြွပြီး ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြသည်။

ဘုရားရှင်ကလည်း ထိုပြိတ္တာမအကြောင်းစုံကို တရားနာလာ ပရိသတ်တို့အား ဟောပြတော်မူရာ များစွာသော တရားနာပရိသတ်တို့သည် သတိသံဝေဂရကြကာ ဒါန၊ သီလ တရားတို့ကို ကြိုးစားအားထုတ်ကြသဖြင့် အကျိုးများစွာ ဖြစ်ထွန်း ခံစားကြရလေသည်။

*(ပဥ္စပုတ္တခါဒကပေတဝတ္ထု)*

## ရဟန်းနှင့်ရက္ခစိုးနတ်ကယ်ခဲ့ရသော ပြိတ္တာတစ္ဆေမ

တောနေရဟန်းတစ်ပါးသည် သီတင်းဝါလကျွတ်သော် ဘုရားရှင်ကိုဖူးတွေ့ရန် သာဝတ္ထိသို့ ကြွရောက်သည်တွင် လှည်းကုန်သည်တို့နှင့်ခရီးကြုံ၍ လှည်းနှင့်လိုက်လာသည်။ လှည်းကုန်သည်တို့သည် ညဉ့်အခါ ခရီးသွား၍ နေ့ခါဝယ် အရိပ်အာဝါသကောင်းသောနေရာ၌ ရပ်နားကြသည်။

ဝိဥ္စာဋဝီမည်သောတောအုပ်၌ လှည်းကုန်သည်များ ခေတ္တနားနေစဉ် ရဟန်းတော်သည် တစ်ပါးတည်း တိတ်ဆိတ်စွာနေလိုသောကြောင့် လှည်းများနှင့်အတန်ငယ်ဝေးသော နေရာသို့သွားရောက်သီတင်းသုံးပြီး သစ်ပင်တစ်ပင်အောက်

www.dhammaransi.com



၌ အညောင်းပြေကျိန်းစက်လေသည်။ ခဏအကြာတွင် ညဉ့်အခါ ခရီးသွားရသည်မှာပင်ပန်းလှသောကြောင့် အိပ်ပျော်သွားမိသည်။

လှည်းကုန်သည်များသည် ညဉ့်အချိန်ခရီးဆက်ကြသော် ရဟန်းသည်အိပ်ပျော်နေ၍ ကျန်ရစ်ခဲ့သည်။ ရဟန်းသည် အိပ်ရာနိုး၍ လှည်းတို့ကိုကြည့်သော် မတွေ့ရ၍ မိမိဘာသာ ခရီးဆက်လက်ထွက်ခွာခဲ့သည်။ ရဟန်းသည် ခရီးလမ်းမှားပြီး ရုက္ခစိုးနတ်တစ်ပါးနေထိုင်သော တောအုပ်သို့ရောက်သွားသည်။ ရုက္ခစိုးနတ်သည် ရဟန်းကိုတွေ့မြင်သောအခါ လူအသွင်ဆောင်ပြီး ရဟန်းထံချဉ်းကပ်ကာ နှုတ်ခွန်းဆက်စကားပြောကြား၍ မိမိဘုံဗိမာန်သို့ပင့်ဆောင်သွားသည်။ ခြေနယ်ဆီ စသည်တို့ကိုဆက်ကပ်လှူဒါန်းသည်။

ထိုအချိန်မှာပင် တစ္ဆေမတစ်ယောက်သည် ရောက်လာပြီးလျှင် ရုက္ခစိုးနတ်ထံ အစားအသောက် အဝတ်အထည်တို့ကို တောင်းခံလာသည်။ ရုက္ခစိုးနတ်ကလည်း ထမင်းအဖျော် စသည့် တောင်းသမျှကိုပေးသည်။

ထိုတစ္ဆေမကိုင်ကာမျှပင် ထမင်းအဖျော်တို့သည် ကျင်ကြီး၊ ကျင်ငယ်၊ သလိပ်၊ သွေးတို့ဖြစ်ကုန်သည်။ အဝတ်အထည်တို့သည် ပူပြင်းတောက်လောင်သော သံပြားဖြစ်ကုန်

www.dhammaransi.com



သည်။ ပြိတ္တာမသည် ထိုကျင်ကြီးကျင်ငယ် သွေးတို့ကိုပင် စားသောက်ရလေသည်။

ရဟန်းသည် အထိုအခြင်းအရာကိုမြင်၍ များစွာ အံ့သြထိတ်လန့်ပြီး ရှက္ခစိုးကို မေးမိသည်။

"အရှင်ဘုရား ဤတစ္ဆေမသည် အတိတ်ဘဝက တပည့်တော်၏မယားဟောင်းဖြစ်ပါသည်။ သူမနှင့် တပည့်တော်သည် အတိတ်ဘဝက ရက်ကန်းသည်လင်မယားဖြစ်ခဲ့ပါသည်။ တပည့်တော်တို့ရွာသို့ တစ်နေ့တွင် ကမ္မဋ္ဌာန်းတရားအားထုတ်လိုသော ရဟန်းတစ်ကျိပ်နှစ်ပါးသည် ရောက်လာပြီး ရွာနှင့်မနီးမဝေး တောအုပ်၌ သီတင်းသုံးပါသည်။

တပည့်တော် ရက်ကန်းရွာသူရွာသားများသည် ထိုရဟန်းတို့အတွက် တော်အုပ်၌ကျောင်းဆောက်လှူပြီး ဆွမ်းကိုလည်း အသီးသီးတာဝန်ယူပြီး ဆက်ကပ်ကြပါသည်။

ထိုအချိန်က တပည့်တော်သည် ရက်ကန်းရွာ၏ အကြီးအကဲဖြစ်ပါသည်။ ယခု တစ္ဆေမဖြစ်နေသောမယားသည် ထိုစဉ်က သဒ္ဓါတရားမရှိ၊ မှားသောအယူဝါဒရှိပါသည်၊ ဝန်တိုသောသဘောရှိပါသည်၊ ရဟန်းတို့ကို ကောင်းမွန်စွာ မပြုစု မလုပ်ကျွေးခဲ့ပါ။ သို့အတွက် တပည့်တော်က ရဟန်းတော်များကိုလုပ်ကျွေးရန် သူမ၏ညီမကို တာဝန်ပေးခဲ့ပါ

www.dhammaransi.com



သည်။ ထိုညီမသည်ကား သဒ္ဓါတရားရှိပါသည်။

ဝါလကျွတ်၍ ရဟန်းတော်များပြန်ကြွရန်စီမံသော် တပည့်တော်တို့ ရွာသူရွာသားအသီးသီးက သင်္ကန်းအသီးသီး ရက်လုပ်ပြီး လှူပါသည်။ ဤသည်ကို တပည့်တော်မ မယား က မကျေနပ်၍ -

"သင်သည် သာကီဝင်မင်းသား ဘုရားသားတော်ဖြစ် သော ရဟန်းတို့ကို အရင်ကလည်း ဆွမ်းအလှူပေးခဲ့သည်။ ယခုလည်း သင်္ကန်းလျာပုဆိုးကိုလှူပြန်သည်။ ပစ္စည်းကို သက် သက် ဖြုန်းတီးနေသည်။ သင်လှူသော ဆွမ်းအဖျော်များ သည် သင်သေသောအခါ သင့်အတွက် ကျင်ကြီး ကျင်ငယ် သွေးပြည်တို့ဖြစ်ပါစေ၊ အဝတ်ပုဆိုးသည် အလျှံတပြောင် ပြောင်တောက်သော သံပြားပုဆိုးဖြစ်ပါစေဟု ကျိန်ဆိုခဲ့ပါ သည်။

တပည့်တော်သည် မကြာခင်ကွယ်လွန်ခဲ့ရာ ဤတော အုပ်၌ ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ရက္ခစိုးနတ်ဖြစ်ရပါသည်။ တပည့်တော်၏မယားသည် သေသောအခါ တပည့်တော်နှင့် မနီးမဝေး၌ တစ္ဆေမ လာဖြစ်နေရပါသည်။

သူမသည် တပည့်တော်ထံ အစားအစာ အဝတ်ကို လာရောက်တောင်းခံ၍ တပည့်တော်ကပေးသော်လည်း ပေး

www.dhammaransi.com



လိုက်တိုင်း ယခု အရှင်ဘုရားမြင်ရသကဲ့သို့ဖြစ်သွားရပါသည် ဘုရား။ သူမ၏အတိတ်ကကျိန်စာအတိုင်း ယခု သူမခံစား နေရပါသည်ဘုရား။ အရှင်ဘုရား ထိုပြိတ္တာမ ချမ်းသာစေ သောနည်းလမ်းဥပါယ်များရှိက မိန့်ကြားပေးပါဘုရား "

"ဒါယကာ၊ နည်းလမ်းရှိပါသည်"

"မည်သို့ဆောင်ရွက်ရပါမည်လဲ ဘုရား"

"ဒါယကာ၊ ဘုရားအားလည်းကောင်း၊ သံဃာအား လည်းကောင်း၊ ထိုတစ္ဆေမအားရည်စူးပြီး အမျှပေးဝေက ရနိုင် ပါသည်"

"အရှင်ဘုရားကိုလှူဒါန်းပြီး အမျှပေးဝေကရော ရနိုင် ပါမည်လော"

"ဒါယကာ၊ ရနိုင်ပါသည်"

ရက္ခစိုးသည် ရဟန်းကို ဆွမ်းအဖျော်လှူပြီး ပြိတ္တာ တစ္ဆေမကို အမျှပေးဝေသည်။ ထိုခဏမှာပင် ပြိတ္တာမသည် သာဓုခေါ်နိုင်ပြီးလျှင် နတ်အစားအစာများကို ချက်ခြင်းခံစား ရပြီး တင့်တယ်ပြည့်ဖြိုးသော ရုပ်အဆင်းရှိလာသည်။

တဖန် ရက္ခစိုးနတ်က နတ်ဝတ်တန်ဆာတို့ကို ဘုရား ရှင်အားရည်စူးပြီး လှူဒါန်းသည်။ ပြိတ္တာမကို အမျှပေးဝေ သည်။ ပြိတ္တာမသည် အမျှရပြီး နတ်ဝတ်တန်ဆာတို့ကို ဝတ်

www.dhammaransi.com



ဆင်နိုင်ခဲ့သည်။ နတ်သမီးကဲ့သို့ တင့်တယ်လှပသွားသည်။

ရဟန်းသည်လည်း ထိုရုက္ခစိုးနတ်တန်ခိုးဖြင့် ထိုနေ့၌ပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်ရှိသွားသည်။ ရဟန်းသည် မိမိနှင့်အတူပါလာသောနတ်ပုဆိုးကို ဘုရားရှင်အားလှူဒါန်းပြီး အကြောင်းစုံကိုလျှောက်ထားပြသည်။

ဘုရားရှင်သည် တရားနာလာ ပရိသတ်တို့အား ထိုအကြောင်းကို ပြန်လည်ပြောပြရာ ပရိသတ်တို့မှာ ကြီးစွာသော သံဝေဂတရားရကြသည်။

(မာတာပေတကာရပေတိဝတ္ထု)

## မင်းအဇာတသတ် ကယ်မ,လိုက်ရသော ပြိတ္တာတစ္ဆေ

အဇာတသတ်မင်းသည် ဆရာဒေဝဒတ် ကိုးကွယ်မှားမှုကြောင့် အဖကိုသတ်မိကာ ထိုအဖကိုသတ်မိသောနေ့မှစ၍ ညစဉ်ညတိုင်း အိပ်စက်မရခဲ့ပေ။

သို့အတွက် ညစဉ် လသာဆောင်သို့ထွက်၍ ငိုင်တွေစဉ်းစားကာ စကြံ်န်သွားနေသည်။

ထိုအချိန်တွင် ပြိတ္တာ(တစ္ဆေ) တစ်ကောင်သည်

www.dhammaransi.com



ကောင်းကင်ခရီးဖြင့် မိမိအနီးမှဖြတ်သွားသည်ကို တွေ့လိုက်ရသည်။ ထိုတစ္ဆေသည် အဝတ်မပါ၊ အရိုးအကြော အရေမျှသာရှိသော ကိုယ်ခန္ဓာရှိသည်။

ထိုတစ္ဆေသရဲကို အဇာတသတ်မင်းသည် တန်ခိုးရှင်တစ်ဦးထင်ကာ ရပ်စေပြီး -

"အို အရှင်၊ သင်သည် အဝတ်လည်းမပါ၊ ပိန်ကလည်းပိန်လွန်းလှသည်။ ဒုက္ခရဟန်းပင်ဖြစ်ပါသလော။ အချိန်အခါမဟုတ် အကာလ ညဉ့်အခါ အဘယ်ကိစ္စကြောင့် ဘယ်အရပ်သို့ အရေးတကြီးသွားလိုရပါသနည်း။ တပည့်တော်၌ရှိသော စည်းစိမ်ဥစ္စာဖြင့် အရှင်၏အလိုဆန္ဒကို ဖြည့်စွမ်းပေးနိုင်ပါသည်၊ လိုရာကိုပြောကြားပါ" ဟု ပြောသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်သည် တစ်ချိန်က ဗာရာဏသီပြည်၌ ဥစ္စာကြွယ်ဝသော သူဌေးတစ်ဦးဖြစ်ပါသည်။ ဒါန၊ သီလ၊ ကုသိုလ်ကောင်းမှု၌မေ့လျော့ပြီး ကာမဂုဏ်အာရုံ၌ပါး၌သာ လေ့လာလိုက်စားနေမိခဲ့သဖြင့် သေလွန်သောအခါ ယခု ပြိတ္တာတစ္ဆေဖြစ်နေရပါသည်။ ယခု ကျွန်ုပ်၏ သမီးသည် အန္ဓကဝိန္ဒမြို့၌ရှိပါသည်။ သူမသည် ပုဏ္ဏားတို့ကို အလှူပေးမည်ဟု ကြားသိရပါသည်။ ထိုအလှူသို့ သွားရောက်၍ စားသောက်ရန်အတွက် ယခုကဲ့သို့သွားရပါသည်"

www.dhammaransi.com



"မိတ်ဆွေ၊ ကောင်းပါပြီ၊ သင့်သမီး၏အလှူဒါန အဖို့ဘာဂကို ခံစားပြီးက ပြန်လာခဲ့ပါ၊ ကျွန်ုပ်ကလည်း ပူဇော်ပသမှုပြုပါမည်၊ ပြုလုပ်ဖွယ်ရာတို့ကိုသာ မှတ်သားပြီး ပြန်လာခဲ့ပါ"

"အရှင်မင်းကြီး ကောင်းပါပြီ"

တစ္ဆေသည် ထိုသို့ဝန်ခံပြီးလျှင် သမီးရှိရာ အန္ဓကဝိန္ဒမြို့သို့ ဆက်လက်သွားသည်။

ထိုမြို့တွင် သမီးသည် ပုဏ္ဏားတို့အားအလှူကြီးပေး၍ ကျွေးမွေးသည်။ စားသောက်သောပုဏ္ဏားတို့သည်ကား သီလမရှိ ဒုဿီလများဖြစ်ကြသည်။ သမီးက ကုသိုလ်အဖို့ကိုလည်း အမျှပေးဝေခြင်းမပြုချေ။ သို့အတွက်ပြိတ္တာတစ္ဆေသည် အစားလည်းမစားရ၊ ကုသိုလ်အဖို့ဘာဂလည်းမရဘဲဖြစ်ကာ ပြန်လာခဲ့ရသည်။

တစ္ဆေသည် မှာထားသောကတိအတိုင်း အဇာတသတ်မင်းထံဝင်၍ နှုတ်ဆက်သည်။

"မိတ်ဆွေ ပြန်လာပြီလော၊ သင့်သမီးကျွေးသည်တို့ကို စားခဲ့ရပါ၏လော"

"အရှင်မင်းကြီး၊ ကျွန်ုပ်သမီးကျွေးသမျှကို ဒုဿီလပုဏ္ဏားတွေသာ စားသွားပါသည်၊ ကျွန်ုပ်သည် မည်သည့်

www.dhammaransi.com



ကုသိုလ်အဖို့ဘာဂကိုမျှ မရ၊ ထိုသို့မရ၍ ဘာမျှမစားခဲ့ရပါ"

"အဆွေ၊ ထိုသို့ဆိုက သင်လိုရာကိုပြောပါ၊ သင့်အတွက် လိုရာကို ကျွန်ုပ်ဆောင်ရွက်ပေးပါမည်"

"အရှင်မင်းကြီး၊ ဤသို့ဆိုလျှင် အရှင်မင်းကြီး ယခုကိုးကွယ်ဆည်းကပ်နေပြုပြီးဖြစ်သော ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်ဖိတ်ပြီး ဆွမ်းဘောဇဉ်၊ ခဲဖွယ်အဖျော်ရည်တို့ကို လှူပါ၊ သင်္ကန်းစသည်တို့ကိုလည်းလှူပါ၊ ပြီးလျှင် ကျွန်ုပ်ကို အလှူ၏အဖို့ကို အမျှပေးဝေပေးပါ၊ ထိုသို့ပြုလုပ်ပေးလျှင် ကျွန်ုပ်သည် အစာကိုစားရပြီး ချမ်းသာစွာလည်း ဝတ်စားနေထိုင်ရပါမည်"

"အဆွေ ကောင်းပါပြီ၊ သင့်ရာနေရာကနေပြီး စောင့်ပါ၊ ကျွန်ုပ် နံနက်မိုးသောက်က သင့်အတွက် ဆောင်ရွက်ပေးပါမည်"

အဇာတသတ်မင်းသည် ဤသို့ဝန်ခံပြီးလျှင် နံနက်မိုးသောက်သော် ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်ဖိတ်၍ ဆွမ်းခဲဖွယ်ဘောဇဉ်နှင့်တကွ ရေ သင်္ကန်းတို့ကိုပါ ပေးလှူသည်၊ ဘုရားရှင်ကိုလည်း တစ္ဆေအကြောင်းကို လျှောက်ထားပြသည်။

ဘုရားရှင်က ထိုတစ္ဆေအတွက် ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေစေသည်။ တစ္ဆေသည် သာဓုခေါ်ရသော

www.dhammaransi.com



တခုဏာမှာပင် ပြိတ္တာဘဝမှလွတ်မြောက်ပြီးလျှင် နတ်အဖြစ်သို့ရောက်ကာ နတ်စည်းစိမ်ကိုခံစားရသည်။

နတ်သားသည် မိမိ၏ကောင်းကျိုးခံစားရမှုတို့ကို ကျေးဇူးတင်စကားဆိုလိုသောကြောင့် အဇာတသတ်မင်းရှေ့တွင် ကိုယ်ထင်ပြကာ

"အရှင်မင်းမြတ်၊ သင်ပြုအပ်သောကုသိုလ်အဖို့ကြောင့် ကျွန်ုပ်သည် ယခု နတ်စည်းစိမ်တို့နှင့် နတ်ဘောဇဉ်ကို ခံစားရပါပြီ။ ကျွန်ုပ်၏ရုပကာသည်လည်း ပြည့်ဖြိုးဟင့်တယ်ခဲ့ပါပြီ၊ မွန်မြတ်သောသံဃာတော်တို့အား ပေးလှူ၍ရရှိသောအကျိုးသည်ကား တုနှိုင်းဖွယ်မရှိပါ၊ အရှင်မင်းမြတ်၊ ယခုပင် ကျွန်ုပ်သည် အရှင်မင်းကိုနှုတ်ဆက်၍ နတ်ပြည်သို့သွားပါတော့မည်" ဟု ပြောကြားလေသည်။

အဇာတသတ်မင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိ၏ပြုရသောကုသိုလ်အဖို့ကို တသိမ့်သိမ့်ကြည်နူးနှစ်သက်ခံစားရင်း ဘုရားရှင်နှင့်သံဃာတော်များအပေါ်၌ ယုံကြည်ကိုးစားမှုသည်လည်း ပိုမိုပြန့်ပြော ကြည်ညိုခဲ့လေတော့သည်။

(ခုဒ္ဒကသေဒ္ဓိပေတဝတ္ထု)

www.dhammaransi.com

# အမျှရစေ၍ ချမ်းသာကြသည် (၂)

## လယ်တီဆရာတော်နှင့်ရဟန်းတစ်ပါး

သီပေါမင်း နန်းစံစဉ်အချိန်ဖြစ်သည်။ လယ်တီ ဆရာတော်သည် မန္တလေးမြို့ မဟာဇောတိကာရာမကျောင်းတိုက်၌ စာချဆရာတော်လေးအဖြစ် ရဟန်းသံဃာ သာမဏေများကို ပရိယတ်စာပေများ ပို့ချပေးနေချိန်ဖြစ်ပါသည်။ လယ်တီဆရာတော်ငယ်သည် နေ့စဉ် သံဃာဝေယျာဝစ္စကို ဆောင်ရွက်ပေးသည်။ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ရသော ဆွမ်းအလို့ငှာ နေ့စဉ် ဆွမ်းခံထွက်တော်မူခြင်းစသောဝတ်တို့ကိုလည်း တစ်ဖက်က ဆောင်ရွက်လျက်နေသည်။

တစ်နေ့သော နံနက်မိုးသောက်ကာနီးအချိန် ကျောင်းကပ္ပိယအားမှာကြားပြီး သပိတ်ပိုက်ကာ ဆွမ်းခံထွက်လာခဲ့

www.dhammaransi.com



သည်။ လမ်းကျဉ်းကလေးတစ်ခုသို့အရောက်တွင် ဆရာတော်ကြွလာမည့်လမ်းခရီးကိုပိတ်လျက် မတင့်တယ်သော ရုပ်အဆင်းရှိသော တစ္ဆေသရဲတစ်ယောက်ကိုတွေ့ရသည်။

ဆရာတော်က တစ္ဆေသရဲမှန်းသိ၍ မေတ္တာပို့၍ အမျှပေးဝေသည်။ တစ္ဆေသရဲက သာဓုခေါ်သည်။ သို့သော်ပျောက်ကွယ်မသွား၊ လမ်းပိတ်လျက်ပင် ဆက်လက်ရပ်နေသည်။ ထိုအခါ ဆရာတော်က -

"ဒါယကာ ငါ့မှာ ဆွမ်းခံဝတ်ရှိပါ၍ ပျက်ကွက်မည်စိုးပါသည်၊ လင်းကြက်တွန်သံများလည်း ကြားလာပါပြီ၊ လမ်းပေးပါ" ဟု မိန့်ကြားသည်။

"အရှင်ဘုရား သည်းခံတော်မူပါ၊ ဆွမ်းခံဝတ်ကိုမပျက်စေရပါ၊ တပည့်တော်၏ဝဋ်ဒုက္ခဆင်းရဲကို လျှောက်တင်ပါရစေ"

"ဒီလိုဆို လျှောက်ပါ၊ ငါ ကူညီနိုင်က ကူညီပါမည်"

"မတင့်မတယ်၊ အပါယ်ကောင်းကျိုးပေးနေသောတပည့်တော်၏ရုပ်ကိုကြည့်ပါတော့ဘုရား၊ တပည့်တော်သည်အတိတ်ဘဝဟောင်းက (၁၅)ဝါရ သာသနာတော်ဝင် ရဟန်းဖြစ်ပါလျက် ဗျာပါဒနီဝရဏတည်းဟူသော ဒေါသမူလိုင်းဝယက်ဖြင့် ကမ်းမမို့ ဝဲသြယတွင် လှေပျက်၍ နစ်မြုပ်ဆုံးရှုံး

www.dhammaransi.com



ရပါသည်ဘုရား၊ ပင်လယ်ကူးသမားနှင့်တူသော တပည့်တော်အားအစဉ်သနားသဖြင့် ပစ္စက္ခမျက်မှောက်ဘဝတည်းဟူသော အပါယ်ဒုက္ခဝဋ်ဆင်းရဲသံသရာမှ မြားမကြာ ကျွတ်လွတ်ပြီး ထွက်မြောက်နိုင်ပါရန် အရှင်ဘုရားအား လျှောက်ထား အကူအညီတောင်းရပါသည်ဘုရား၊ တပည့်တော်နှင့်တွေ့ဆုံရာ ဤနေရာအရပ်သို့ မပြတ် အမျှပေးဝေတော်မူပါဘုရား" ဟု တောင်းပန်လျှောက်ထားပြီး ကွယ်ပျောက်သွားခဲ့လေသည်။ လယ်တီဆရာတော်ဘုရားသည် ထိုရဟန်းပြိတ္တာအား သနားခြင်းကရုဏာမေတ္တာရှိသဖြင့် မိမိဆွမ်းခံ၍ရသောဆွမ်းကို သံဃာတော်များအား လှူဒါန်းပြီးလျှင် ထိုရဟန်းတစ္ဆေပြိတ္တာအား အမျှပေးဝေလေသည်။

ထို့နောက် (၇)ရက်မြောက်ကြာသောအခါ ဆရာတော်သည် ပုံမှန်အတိုင်း ဆွမ်းခံထွက်တော်မူရာ ထိုတစ္ဆေပြိတ္တာသည် ကိုယ်ရောင်ကိုယ်ဝါတောက်ပသောအသွင်ဖြင့် ဆရာတော်ကို လျှောက်ထားသည်။

"တပည့်တော် ဆရာတော်၏မေတ္တာကြောင့် ယခု ချမ်းသာရာကို ရပါပြီဘုရား၊ ဤနေ့မှ (၇)ရက်မြောက်တွင် တပည့်တော် ဘဝသစ်သို့ရောက်ပါပြီဘုရား၊ ဆရာတော်ကို တပည့်တော် ကျေးဇူးဆပ်သောအားဖြင့် ရှိခိုးကန်တော့ပါ၏ဘုရား" ဟု ဆိုကာ ကွယ်ပျောက်သွားလေသည်။

www.dhammaransi.com



လယ်တီဆရာတော်ဘုရားသည် တစ္ဆေသရဲပြိတ္တာတို့အား တွေ့ကြုံလျှင် မေတ္တာပို့အမျှဝေပြီး သူတို့အား သံယိကဒါနပြုပေးရန် အမြဲ ဩဝါဒပေးသွန်သင်မှုပြုသည်ဟု သိရပါသည်။

ဆရာတော်၏ဩဝါဒကို လိုက်နာသောအားဖြင့် ယခုအခါဝယ် အချို့သောပုဂ္ဂိုလ်များသည် ယနေ့အထိ အကျွတ်အလွတ်ပွဲဟူ၍သတ်မှတ်ကာ မကျွတ်သေးသော တစ္ဆေ သရဲပြိတ္တာတို့အတွက် ကုသိုလ်ပြုအမျှဝေပွဲကို သချိုင်းများ၌ ပြုလုပ်ကြသည်ကို တွေ့ရပါသည်။

******************

www.dhammaransi.com

၁၂၂ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

## အမေ့ကိုအားမျှဝေပေးပါသမီးရယ်

"ရောဂါကကျွမ်းနေပါပြီကွယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပဲလို့ သဘောထားကြပါတော့"

ဆရာသည် အမေ့ကို နောက်ဆုံးဆေးချက် တိုက်ကျွေးပြီးနောက် ဤသို့ဆိုကာ ဆေးအိတ်ကိုဆွဲပြီး ထသွားရန်ပြင်ပါတော့သည်။

အမေသည် အိပ်ယာထက်ဝယ် ပက်လက်ကလေးနှင့် အသက်ကို မောဟိုက်စွာ ဖို့လိုက် ဖို့လိုက်နှင့်ရှူနေပါသည်။

ကျွန်မတို့တစ်တွေသည် ဆရာစပြောပြီး ဆေးလက်အိတ်ဆွဲကာ ထကတည်းက တရှိုက်ရှိုက် သည်းစွာ ငိုကြွေးမိကြပါသည်။

သားသမီးလေးယောက်၏ ကြိတ်ငိုသောအသံကို အမေသည် ကြားဟန်တူပါသည်။ တစ်ချက်ညည်းသံထွက်လာပြီး မှိတ်ထားသောမျက်စိကို ကြိုးစားဖွင့်ကာကြည့်ပါသည်။ ငိုနေသောသားသမီးများ၏မျက်နှာကို အမေသည် မှုံဝါးစွာကြည့်ရင်း လက်ကိုကော့ တားမြစ်ဟန်သဘောပြုလုပ်ပြီး လည်ပင်းစောင်းကာ ငြိမ်သက်သွားပါတော့သည်။

ယခင်ကငိုနေသောကျွန်မတို့တစ်တွေသည် ယခုတော့ မိခင်ကိုဖက်ကာ အားရပါးရငိုကြွေးမိကြပါတော့သည်။

www.dhammaransi.com



ကျွန်မတို့ အမေသည် သားများကိုရှင်ပြုခဲ့သောကုသိုလ်၊ သားငယ်ကို ပဉ္စင်းခံပေးသောကုသိုလ်၊ ရွာဦးကျောင်းတွင် ရေတွင်းလှူထားသော ကုသိုလ်ကြီးများအပါအဝင် အခြား ဆွမ်းကျွေး၊ ဆွမ်းလောင်း စသော ကုသိုလ်များစွာလည်း ရှိပါသည်။ ရတနာသုံးပါး တရားအပေါ်၌ စွဲမြဲစွာယုံကြည်သောအမေသည် ဥပုသ်သီတင်းမပြတ်စောင့်ခဲ့ပါသည်။

"သားတို့ သမီးတို့ရယ်၊ စိတ်ကိုထိန်းကြပါကွယ်၊ မင်းတို့အမေဟာ ကုသိုလ်တွေများစွာပြုထားသူဆိုတော့ ဘဝကူးကောင်းမှာပဲ၊ စိတ်ကိုလျှော့ထားကြပါကွယ်"

ရပ်မိရပ်ဖ ဘကြီးဦးမြသာက ကျွန်မတို့ညီအစ်ကိုမောင်နှမတွေကို တရားချပါသည်။ ကျွန်မတို့သည် သေခြင်းတရားကို သိကြပါသည်။ အခြားသေသူများစွာကိုလည်း တွေ့ဖူး မြင်ဖူး ကြုံဖူးကြပါသည်။ ကိုယ်တွေ့မဟုတ်သော အခြားသူများသေစဉ်ကတော့ သေခြင်းသင်္ခါရတရားသဘောကို ဆင်ခြင်သုံးသပ် သံဝေဂယူမိနိုင်ပါသည်။

ယခု ကိုယ့်အမေကိုယ်တိုင်သေလေတော့ သောကအပူမီးတောက်လောင်ပြီး သေခြင်းသံဝေဂတရားကို မဆင်ခြင် မပွားများနိုင်တော့ပါ။

ယခင်သူများတကာ ဝေဒနာကျွမ်းသူတွေ ကျွန်မကိုယ်တိုင်ကပင် -

www.dhammaransi.com



"ဟဲ့၊ နင်တို့သေမဲ့လူ့နားသွားမငိုကြနဲ့၊ အာရုံစွဲ လမ်းသွားမယ်၊ သားစွဲ၊ သမီးစွဲဖြစ်ပြီး မကောင်းရာဘုံ ရောက်လိမ့်မယ်၊ (သေကာနီးလူနာနားမှာ ဓမ္မသံဝေဂတရား များ၊ ပရိတ်တရားများသာ ရွတ်ကြဟဲ့၊ သေကာနီး အဖော် ကောင်းလိုတယ်ဆိုတာပ သေကာနီးမှာ ကုသိုလ်အာရုံ တွေဝင်အောင် စွဲအောင် အဲဒီတရားသံပေးတဲ့လူလိုတာကို ပြောတာဟဲ့")ဟူ၍ လူ ဘတ်ကြီးလုပ်၍ပြောဟောတတ်သော် လည်း ယခု ကျွန်မအမေ သေငယ်ဇောမျောကာနီးကာလဝယ် ထိုသေကာနီးအဖော်ကောင်းအလုပ်ကို ကျွန်မတို့ မလုပ်မိ ကြပါ။

အမေကို ခွဲခွာရတော့မည်ဟူသော သောကအပူမီး အသိက လွှမ်းမိုးထားသောကြောင့် ထိုအသိသည် မေ့ပျောက် ခဲ့ရပါသည်။

ယခုတော့ အမေသည် သားသမီးတွေ မျက်ရည်စက် လက်ကြားဝယ် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားပါပြီ။

ကျွန်မတို့သည် ကျွန်မတို့ဗုဒ္ဓဘာသာထုံးစံအတိုင်း သက်ပျောက်ဆွမ်း၊ အိမ်ဆင်းဆွမ်း၊ မြေဆင်းဆွမ်း(အသုဘ ချသောနေ့ပြုသောဆွမ်း) များကို သံဃာတော်များကို ဆက် ကပ်လှူဒါန်းပြီး အမေ့ကို ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေ ခဲ့ပါသည်။ ရက်လည်တော့လည်း ရက်လည်ဆွမ်းသွတ်ကာ

www.dhammaransi.com



အမေ့ကို အမျှအတန်းပေးဝေခဲ့ပါသည်။

ရွာဦးကျောင်းဆရာတော်က -

"ဟဲ့ နင်တို့အမေ တမလွန်မှာ ချမ်းသာစေချင်ရင် အစားအသောက်ကောင်းကောင်းစားစေချင်ရင် ရေနှင့်ဆွမ်းလှူ၊ နေရာကောင်းကောင်းရစေချင်ရင် အဆောက်အဦးလှူ၊ အဝတ်အစားကောင်းကောင်းဝတ်စေချင်ရင် သင်္ကန်း၊ မျက်နှာသုတ်ပုဝါ၊ အနေကထိုင် စသည်လှူဟဲ့၊ မအပ်စပ်တဲ့ငွေတွေ ကြေးတွေလှူပြီး အမျှမဝေကြနဲ့"

ဟု ဆိုဆုံးမသဖြင့် ကျွန်မတို့သည် အမေ့အတွက် ဆရာတော်လမ်းညွှန်သည့်အတိုင်း ကုသိုလ်ပြုကာ အမျှဝေကြပါသည်။

အမေသည် သေဆုံးပြီး၍ ရက်လည်ဆွမ်းသွတ်ပြီးကတည်းက ဘာမျှ ထွေထွေထူးထူး အရိပ်နိမိတ်ပြခြင်း၊ ခြောက်ခြင်း၊ လှန့်ခြင်းမရှိခဲ့၍လည်းကောင်း၊ ဒါန၊ သီလ၊ ဘာဝနာ ပြည့်စုံခဲ့သောအမေဖြစ်ခဲ့၍လည်းကောင်း၊ အမေသည် အပါယ်လေးပါးကတော့ မုချလွတ်သည်ဟု ယုံကြည်မိခဲ့ပါသည်။

အမေ့အတွက် လပတ်ဆွမ်းပြုလုပ်ရန် နှစ်ပတ်အလိုတွင်ဖြစ်ပါသည်။ အမေသည် ကျွန်မကို အိပ်မက်ပေးပါသည်။

www.dhammaransi.com



"သမီး အမေ ·ရိုးထိပ်က နဘဲပင်မှာနေရပါသည်၊ အမေသွားချင်ပါပြီ၊ အမေ့ကို သွားနိုင်အောင် ကုသိုလ်ပြု အမျှဝေပေးပါ"

ဟု အိပ်မက်ပေးပါသည်။ အိပ်မက်ဖြစ်၍ ကျွန်မသည် သိပ်အလေးမထားပါ။ သွေးလေဓါတ်သဘောအရ အမေကို လပတ်ဆွမ်းသွတ်ကာနီးမို့ စိတ်စွဲ၍မက်သည်ဟု ထင်မှတ်ထားမိခဲ့ပါသည်။

နောက်တစ်ရက်တွင် အမေသည် ကျွန်မအောက်က ညီမကို ကိုယ်ထင်ပြပါသည်။

"မမကြီး၊ ကျွန်မခြံထောင့်မှာ အမေ့ကိုရိပ်ကနဲမြင်လိုက်ရတယ်၊ သေချာစွာတော့ မသဲကွဲဘူး၊ အမေ့ရုပ်သဏ္ဍာန်လို့ထင်တာပဲ"

ဟု ညီမကပြောပြပါသည်။

"ညည်း စိတ်ထင်လို့ပါအေ၊ မဖြစ်နိုင်ပါဘူး"

ဟု ကျွန်မက ညီမကိုအဖြေပေးခဲ့ပါသည်။

ကျွန်မတို့မောင်နှမတစ်တွေ ကျွန်မအိမ်တွင် အမေ့လပတ်ဆွမ်းကျွေးရန်ကိစ္စ ညှိနှိုင်းတိုင်ပင်နေသော ညနေချမ်းအချိန်ဖြစ်ပါသည်။

www.dhammaransi.com



ကျွန်မတို့ဝိုင်းတွင် လက်ဖက်ရည်၊ မုန့် စသည် စီစဉ်ဆောင်ရွက်ချပေးနေသော မောင်လေး၏သမီး မမြသင်သည် ရုတ်တရက် ဝူးဝူးဝါးဝါးအော်ကာ ငိုငိုရီရီဖြစ်လာပါသည်။

ကျွန်မတို့တစ်တွေ အားလုံးအံ့အားသင့်ပြီး မမြသင်ကို ဝိုင်းဝန်းပြုစုကြရပါသည်။

"ငါ ညနေ နေဝင်ကတည်းက မိခင်နွဲ့နောက်က လိုက်လာတာ၊ အစောက ဝင်ခွင့်မရသေးလို့ မဝင်ရတာ၊ ယခုမှ ဝင်ခွင့်ရတယ်၊ ငါ နင်တို့အမေပါ"

ဟု မမြသင်နှုတ်မှ အမေ့အသံမျိုးထွက်ပါသည်။ ညနေက မောင်ငယ်၏ဇနီး မခင်နွဲ့သည် ရွာကပ်သို့သွားကာ ဆရာတော်ကြိုက်တတ်သော ကြက်တက်ရွက်သုတ်ပြုလုပ်ရန် ကြက်တက်ရွက်နုများ သွားရောက်ခူးပါသည်။ မခင်နွဲ့အပြန် မခင်နွဲ့နှင့်လိုက်လာသည်ဟု ယခုအမေကဆိုပါသည်။ မခင်နွဲ့နှင့်လိုက်လာသောအမေသည် မခင်နွဲ့ကို မပူးကပ်ဘဲ ယခု မမြသင်ကိုလာရောက်ပူးကပ်ပြီး အထက်ပါတိုင်းပြောပါသည်။

သူက ငါ နင်တို့အမေပါဟုပြောပေမယ့် ကျွန်မတို့က မယုံတစ်ဝက်ယုံတစ်ဝက်ဖြစ်နေရပါသည်။

"နင် ဘယ်သူလဲ မှန်မှန်ပြော"

ကျွန်မ ဒုတိယမောင်ငယ်က ခပ်ဆန်ဆန်မေးပါသည်။

www.dhammaransi.com



"အောင်မယ် တင်အောင်၊ နင်က ငါ့အမေကို နင်နဲ့ ငါနဲ့မေးရသလား၊ ရိုင်းစိုင်းလှချည်လား"

မမြသင်လေးက အမေ၏အသံနှင့် ကျွန်မ၏မောင်ကို ငေါက်ပါတော့သည်။

"နင် တို့အမေ မဖြစ်နိုင်ဘူး၊ တို့အမေက သူတော်ကောင်း၊ နတ်ပြည်သွားပြီ၊ နင် အူကြောင်ကြောင်လာမလုပ်နဲ့"

မောင်အငယ်ဆုံးက ထပ်မံ၍ ခပ်ထန်ထန်ပြောပြန်သည်။

"သားတွေက မိုက်ရိုင်းလိုက်ကြတာ၊ နင်တို့ကို ငါချစ်ခဲ့သလောက် နင်တို့က ငါ့အပေါ် ရက်စက်ကြတယ်၊ သမီးကြီးရယ် မေမေ့ကိုကယ်ပါဦး"

မမြသင်ကလေးက အမေ့အသံနှင့် သနားစဖွယ်ပြောပြီး ငိုပါတော့သည်။

"အမေဆိုတာ ဟုတ်ပါပြီ၊ ယခု အမေက ဘယ်ကလာပြီး ဘာကိစ္စနဲ့ သမီးထံလာပါသလဲ"

ကျွန်မက ငိုနေသောအမေ့ကိုသနားပြီး မေးမိပါသည်။

"ငါလေ သေကာနီး ညည်းတို့ငိုသံစွဲပြီး မကျွတ်မလွတ်

www.dhammaransi.com



ဖြစ်နေရပါတယ်၊ ငါ ယခု မြောင်းရိုးထိပ်က နဘဲပင်မှာ ဆင်းရဲစွာနေရပါတယ်၊ သမီးကြီးကို မေမေအိပ်မက်ပေးပါတယ်၊ သမီးငယ်ကိုလည်း မေမေကိုယ်ထင်ပြပါတယ်၊ သမီးတို့က အရေးမစိုက်လို့ ယခု ငါကိုယ်တိုင်ပဲ ခင်နွဲ့နောက်ကလိုက်လာပြီး ယခု ငါ့မြေးထံဝင်ရလို့ ဝင်ပြီးနင်တို့ကိုပြောတာပါ၊ အကူအညီတောင်းတာပါ၊ သမီးတို့ သားတို့ မေမေ့ကို ကူညီကြပါ၊ ကုသိုလ်ပြုပေးကြပါ"

အမေက သနားစဖွယ်အသံနှင့်ပြောပါသည်။

"အမေ့ကို သမီးတို့ အမေဆုံးတုန်းကလည်း ကုသိုလ်ပြု အမျှဝေတယ်၊ အိမ်ဆင်း၊ မြေဆင်းတုန်းကလည်း ကုသိုလ်ပြု အမျှဝေတယ်၊ ရက်လည်တော့လည်း ကုသိုလ်ပြု အမျှဝေတယ်၊ အမေ အဲဒီကုသိုလ် အမျှတွေ မရဘူးလား"

"အမေ ဘဝကူး ကူးလာခြင်း လူတစ်ယောက်က ခေါ်သွားလို့ လိုက်သွားရတယ်၊ သူတို့ခိုင်းတဲ့အလုပ်တွေလုပ်ရတယ်၊ ပြီးတော့ သူချပေးတဲ့ အဲဒီသစ်ပင်မှာနေရတယ်၊ သမီးတို့ကလည်းမေမေ့ကို မဖိတ်ကြတော့ မေမေ ဘာမှမသိရဘူး၊ သမီးတို့ကုသိုလ်ပြုတာ အမျှဝေတာ မေမေဘာမှမသိပါဘူးကွယ်"

အမေက ဝမ်းနည်းပက်လက်ပြောပါသည်။

"ကဲ အမေ မှန်တယ်ဆိုရင် ပစ္စည်းတစ်ခုပြမယ်၊ မှန်

www.dhammaransi.com



အောင်ပြောပြမလား"

ကျွန်မက ပြောပြောဆိုဆို အခန်းထဲဝင်ပြီး အဖေ့ ဇန်ကောက်ပုဆိုးကိုယူလာပြီး ပြပါသည်။

"အေး အဲဒါ နင့်အဖေဇန်ကောက်ပုဆိုးပဲ၊ အနေ ကထိုင်လုပ်ပြီး ဆရာတော်ကိုလှူဖို့လုပ်ထားတာ၊ မေ့နေလို့ မလှူဖြစ်ခဲ့ဘူး"

အမေက ထိုစကားကိုပြောကာမှ ကျွန်မတို့တစ်တွေ ယုံကြည်သွားမိကြပါသည်။

"ယခု အမေ့ကို ဘာလုပ်ပေးရမလဲ၊ ဘာအကူအညီ ပေးရမလဲ ပြောပါ"

"သားတို့ သမီးတို့ အမေ့အတွက် သံဃာတော်များ ဆွမ်းကျွေးအလှူပြုပြီး အမျှဝေပေးပါ၊ အဲဒီပုဆိုးကိုလည်း အနေကထိုင်ပြုပြီး လှူပေးပါ၊ ဒါလောက်ကူညီရင် အမေ့ဘဝ ချမ်းသာရာရောက်ပါပြီ၊ အချိန်မရတော့ဘူး၊ အမေသွားတော့ မယ်"

"အမေ့အတွက် သမီးတို့ လာမယ့်ဥပုသ်နေ့မှာ လပတ် ဆွမ်းပြုမလို့ အမေ၊ အမေ့ကို ယခုတစ်ခါထဲဖိတ်ပါတယ်၊ အမေလာခဲ့ပါ"

ကျွန်မက အမေသွားတော့မည်ဆို၍ ဒရောသောပါး ပြောဆိုလိုက်မိပါသည်။

www.dhammaransi.com



အမေသည် ထိုသို့ပြောကာ မမြသင်ထံမှ ထွက်ခွာသွားပါသည်။ မမြသင်ကလေးသည် မောဟိုက်ကာ တွေဝေငိုင်ကျန်နေခဲ့ပါသည်။

"ဟဲ့ သမီး မြသင်၊ သတိထား သတိရလာပြီလား"

သူ့အမေ မခင်နွဲ့က ပုတ်ခတ်လှုပ်ခါလိုက်သောအခါ မမြသင်ကလေးသည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး -

"အမေ သမီးဘာဖြစ်သွားတာလဲ၊ ဘာဖြစ်သွားတာလဲ"

ဟု အငမ်းမရမေးပါသည်။ ထိုအခါကျမှ ကျွန်မတို့တစ်တွေမှာ အမေ့အတွက် စိတ်မကောင်းဖြစ်မိပြီး ငိုလည်းငိုကြရပါသည်။ မမြသင်လေးကိုလည်း ရေတိုက်ပြုစုရပါသည်။

ကျွန်မတို့မောင်နှမတစ်တွေသည် အမေ့ကို ယခုကဲ့သို့ စကားပြောလိုက်ရ၍ တစ်ဘက်က ဝမ်းသာမိပါသည်။ တစ်ဘက်ကလည်း ဤမျှကုသိုလ်ပြုထားသောအမေသည် မကျွတ်မလွတ်သောပြိတ္တာဘဝသို့ရောက်ရသည့်အတွက် စိတ်မကောင်းခံစားမိကြပါသည်။

သတ်မှတ်သောနေ့တွင် အမေ့ကို ထပ်မံ၍ကြိုဖိတ်ပါသည်။ သံဃာတော်ငါးပါးပင့်ပြီး သံဃိကဒါနပြုကာ အမေ့ကို

www.dhammaransi.com



အမျှပေးဝေပါသည်။ အမေ့အတွက် ကုသိုလ်ပြုအမျှဝေပြီး နောက် ဆရာတော်ကို အမေ မကျွတ်မလွတ်ရသည့် အကြောင်း မေးလျှောက်မိပါသည်။

" ဒါယကာတို့၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်လှူခဲ့ပြီး တတိယသံဂါယနာတင်ကာ သာသနာကို အတိုင်းထက်အလွန်ထောက်ပံ့ပြီး ကုသိုလ်လုပ်ခဲ့သော သီရိဓမ္မာ အာသောကမင်းကြီးတောင် သေကာနီး အာရုံစွဲမှားတော့ မြွေပြိတ္တာသွားဖြစ်ရသေးတယ်လို့ ဆိုပါတယ်၊ ဘုရားရှင်လက်ထက်က ဘုရားနှင့်သံဃာကို ဘာလှူမလဲလို့ အမြဲတွေးတောပြီး လှူခဲ့တဲ့ ကောသလ ဘုရင်ရဲ့ မိဖုရား မလ္လိကာတောင် သေကာနီးမှာ ပြုခဲ့တဲ့အကုသိုလ်ကို အာရုံစွဲပြီး သေရသည့်အတွက် ငရဲမှာ (၇)ရက်ခံရတယ်၊ နောက်မှ နိမ္မာနရတိဘုံရောက်ရတယ်။ လောကမှာ လူတွေဟာ ဘယ်လောက်ပဲကုသိုလ်ပြုပြု သေကာနီး အာရုံဆိုတဲ့ ကံဇောမှားကြရင် ဒီလိုဖြစ်ကြရတာပဲ၊ ယခု ဒါယကာတို့ မိခင်က သူ့ဘဝကိုလာရောက်ပြောပြ အကူအညီတောင်းနိုင်တာ အလွန်တော်ပါတယ်၊ ဘုရားလက်ထက်ကလည်း ဒါမျိုးတွေ များစွာရှိပါတယ်၊ ပေတဝတ္ထုတော်မှာ ဘုရားဟောများစွာရှိပါတယ်၊ ဒါယိကာမကြီးဟာ ယခုတော့ သေချာစွာအမျှရ

www.dhammaransi.com



လို့ ချမ်းသာရပါပြီ၊ မင်းတို့ မင်းတို့အမေအတွက် စိတ်ချဝမ်းမြောက်ကြပါတော့"

ဆရာတော်က ဤသို့ဟောကြား ဖြေရှင်းပေးခဲ့ပါသည်။

မှန်ပါသည်။ ထိုညတွင် အမေသည် မမြသင်လေးကိုပင် အလွန်တောက်ပသောနတ်ဝတ်တန်ဆာ ပြည့်ဖြိုးသန့်စင်သော ကိုယ်ခန္ဓာဖြင့်လာပြကာ သူ နတ်ပြည်သွားတော့မည်ဖြစ်ကြောင်း လာရောက်နှုတ်ဆက်ပါသည်။ မမြသင်လေးသည် အမေကို အိပ်မက်တင်သလိုမြင်ရပြီး လန့်နိုးလာကာ သူ့အဖေနှင့်သူ့မိခင်ကို အကျိုးအကြောင်းပြောပြပါသည်။

ထိုသတင်းကိုကြားရသော ကျွန်မတို့ညီအစ်ကို မောင်နှမတွေသည် အလွန်ဝမ်းသာပီတိဖြစ်ရပါတော့သည်။

(ဖြူးမြို့နယ်၊ ကျောက်တိုင်ရွာမှ ကျောင်းအမကြီး ဘုန်းကြီးအမေ ဒေါ်စိန်တင် ပြောပြချက်ကို မှတ်တမ်းတင်ပြု ရေးသားအပ်ပါသည်)

******************

## မြတ်သက်န်းကို လှူဒါန်းလိုပါလျက်

လောကတွင် သတ္တဝါတို့၏ ကံစီမံမှုခေါ်ရမလား၊

www.dhammaransi.com



လောကဓံတရားလှည့်စားချက်ကို ခံရသည်ပဲဆိုရမလား၊ လူ့ဘဝနှင့် လူ့လောကဘဝဖြစ်ပုံအစုံစုံသည် ထူးခြားဆန်းကြယ်လှသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

ကျွန်တော်နှင့်ကိုအောင်ခိုင်တို့သည် ၁၉၆၂ ခု၊ တော်လှန်ရေးအစိုးရ အာဏာသိမ်းစဉ်ကာလတွင် နောက်ဆုံးနှစ်ကျောင်းသားကြီးများဖြစ်ခဲ့ကြပါသည်။ ကိုအောင်ခိုင်နှင့်ကျွန်တော်သည် ပဲခူးဆောင်တွင်အတူနေခဲ့ရပြီး ဘာသာတွဲမတူသော်လည်း သူငယ်ချင်းအဖြစ် အတွဲများပါသည်။ သူက အခြားဘာသာဝင်၊ ကျွန်တော်က မိရိုးဖလာ ဗုဒ္ဓဘာသာဝင်၊ ယုံကြည်ချက်က ကွန်မြူနစ်ဝါဒဖြစ်ခဲ့ရပါသည်။

ကျွန်တော်ကတော့ တကသခေါင်းဆောင်ကိုစိုးဝင်းတို့ အုပ်စုနှင့်အတူ ရိုးမတောခိုစခန်းသို့ပါသွားခဲ့သည်။ ကိုစိုးဝင်းတို့ အုပ်စု ရိုးမကျောတွင် ဖြုတ်-ထုတ် သတ် လုပ်ခံရပြီးနောက် ကျွန်တော်သည် အမှားကိုသိလာ၍ လက်နက်ချကာ အလင်းဝင်ခဲ့ပါသည်။ ထို့နောက် ကုန်သည်ပွဲစားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေခဲ့ပါသည်။ ကျွန်တော် ယခင်ယုံကြည်ခဲ့သော ကွန်မြူနစ်ဝါဒကိုလည်း စွန့်ပယ်ခဲ့ပါသည်။ ဘာသာတရားဘက် အာရုံညွတ်ခဲ့ရပါသည်။

ဤသို့ဖြင့် အသက်(၅၀)ကျော် (၆၀)ကာလအတွင်းဝယ် ကျွန်တော်သည် ဘာသာတရားတော်ဖြင့် ကိုယ့်ဘဝနေ

www.dhammaransi.com



ဝင်မှုကိုပြင်ဆင်၍ မဟာစည်သာသနာ့ရိပ်သာဝယ် တရားဝင်ခဲ့ပါသည်။

ဤသို့သောကာလအတွင်းဝယ် တစ်နေ့သောအချိန်၌ တပ်မတော်မှအငြိမ်းစားယူလာပြီး မဟာစည်တွင်တရားဝင်လာသော ကိုအောင်ခိုင်ကို အမှတ်မထင်ဆုံတွေ့မိပါတော့သည်။ ကျွန်တော်က ၁၉၆၂ ခုတွင် သေဆုံးခဲ့ပြီဟု ယုံကြည်ခဲ့သော ကိုအောင်ခိုင်သည် မသေသည့်ပြင် တပ်မတော်ထဲသို့ ဝင်ရောက်ကာ ဗိုလ်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်ဟု ဆိုပါသည်။

ကျွန်တော်မှာ သူ့ဘဝနှင့်ပတ်သက်၍ ယူဆထားခဲ့သော လူတစ်ယောက် မသေဘဲပြန်တွေ့ရ၍ ဝမ်းမြောက်အံ့သြမိရပါသည်။

ဒုတိယအချက်မှာ အခြားဘာသာဝင်တစ်ဦးဖြစ်လျက်သားနှင့် အဘယ်ကြောင့် ဗုဒ္ဓဘာသာဝင်တို့ တရားအားထုတ်ခဲ့ရာ မဟာစည်သို့ ရောက်လာသည်ကိုတွေ့ရ၍ အံ့သြရခြင်းဖြစ်ပါသည်။

ထိုအံ့သြရခြင်းထက် သူ့ဘဝ သူ့ဇာတ်လမ်းကိုကြားရတော့ ကျွန်တော့်အဖို့ ပို၍ပင် ကံတရား၏ဆန်းကြယ်မှုကို အံ့သြရပါသည်။ သူ့အပြော သူ့အဆို သူ့ဇာတ်လမ်းက -

ကျွန်တော့်ဘဝကတော့ဗျာ - ၁၉၆၂ ခု၊ ကျွန်တော်

www.dhammaransi.com



လည်း စစ်ထဲရောက်သွားတယ်ဗျာ၊ စစ်ထဲမှာတော့ ခင်ဗျား သိတဲ့အတိုင်း နယ်စပ်ဒေသတွေမှာချည်း ဗကပတွေနှင့် အကြိတ်အနယ် တိုက်ရတယ်ဗျ၊ ရာထူးကလည်း တစ်ဆင့် ပြီးတစ်ဆင့်တက်လာတာပေါ့ဗျ။

အဲ- ကျွန်တော်လည်း ဗိုလ်မှူးအဆင့်ရခဲ့ပြီး ဧရာဝတီ တိုင်း မြို့နယ်တစ်ခုမှာ အုပ်ချုပ်ရေးအကြီးအကဲတာဝန်ယူရ တယ်ဗျာ။ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က ခရစ်ယန် ဘာသာဝင်၊ ကျွန်တော့ဇနီးကလည်း ကရင်အမျိုးသမီး ခရစ် ယန်ဗျ။

ကျွန်တော် အုပ်ချုပ်ရတဲ့မြို့ကလည်း ထင်ရှားကျော် ကြားသော ဆရာတော် သံဃာတော်များရှိသလို သာသနာ အဆောက်အအုံကလည်း အလွန်ပေါသကိုးဗျ။

ခင်ဗျားသိတဲ့အတိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ အစိုးရကလည်း ဘာသာ သာသနာလုပ် ငန်း ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ အင်တိုက်အားတိုက်လုပ် လာတော့ မြို့နယ်အကြီးအကဲတာဝန်ယူရသော ကျွန်တော့် မှာလည်း ခေတ်ရေစီးကြောင်းနှင့်အတူ အမှီလိုက်လုပ်ရတာ ပေါ့ဗျာ။

အဲဒီလုပ်ရတဲ့ ဘက်စုံဖွံ့ဖြိုးရေးတွေထဲမှာ အမျိုးဘာ သာ သာသနာဖွံ့ဖြိုးရေးလုပ်ငန်း၊ လူငယ်လူရွယ်တွေ ဘာသာ

www.dhammaransi.com



စာရိတ္တကြံ့ခိုင်ရေးလုပ်ငန်းတွေက တတပ်တအားလုပ်လာတော့ ကျွန်တော့်အဖို့ မြို့နယ်အကြီးအကဲတစ်ယောက်အနေနဲ့ ဆရာတော်သံဃာတော်တွေနဲ့တွေ့ဆုံဆက်ဆံရတဲ့ဘဝ မလွဲမသွေကြုံတွေ့တာပေါ့ဗျာ၊ ကိုယ်ယုံကြည်တဲ့ဘာသာက တခြား ကိုယ့်တာဝန်ကတခြား ခွဲခြားပြီး ဆောင်ရွက်ရတာ ပေါ့ဗျာ။

ဒီလို ဆရာတော် သံဃာတော်များနဲ့ဆက်ဆံရတဲ့ ဘာသာရေးပွဲတော်တွေမှာ ကျွန်တော့်ဇနီးသည်ကလည်း အကြီးအကဲကတော်အနေနဲ့ လိုက်တက်ရပြီး ဆရာတော်၊ သံဃာတော်များနဲ့ ဆက်ဆံရတာပေါ့ဗျာ။

ဆရာတော် သံဃာတော်များကလည်း ကျွန်တော်တို့ လင်မယားကို အခြားဘာသာဝင်တွေမှန်းသိလို့ အထူး မေတ္တာထားပြီး ဆက်ဆံကြပါတယ်၊ တစ်စုံတစ်ရာအမှားပါလာရင် လည်း ခွင့်လွှတ်ကြပါတယ်။

အဲဒီလိုနဲ့ ဆောင်ရွက်နေရင်း ကျွန်တော့်ဇနီးဟာ ဆရာတော်ကြီးများရဲ့ တည်ငြိမ်သိမ်မွေ့တဲ့ သိက္ခာသမာဓိကို တဖြည်းဖြည်း ကြည်ညိုယုံကြည်လာတယ်ဗျာ၊ ဆရာတော်များ ကိုလည်း အလွန်လေးစားလာတယ်။

တစ်နေ့ ကျွန်တော်တို့လင်မယား ဘုရားရှိခိုးကျောင်း ကအပြန် သူမက "မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးကို

www.dhammaransi.com



သက်န်းကပ်လှူချင်လိုက်တာ၊ ဆရာတော်ကြီးက သိပ်ကြည်ညို လေးစားဖို့ကောင်းတာပဲ” ဟု ကျွန်တော့်ကိုပြောပါတယ်။ သူ့အပြောက ကျွန်တော့်သဘောထားရယူခြင်းနှင့် ခွင့်ပန်ခြင်း သဘောပါပဲ၊ ဒါပေမယ့် ကျွန်တော်က ဘာမှအဖြေမပေးခဲ့ ပါဘူး၊ ကျွန်တော့်သဘောကတော့ သူ့သဘော သူ့ဆန္ဒ လှူ ချင်လှူ မလှူချင်နေ၊ သူ့သဘောဆန္ဒအတိုင်း ဆောင်ရွက်စေ လိုသော စိတ်ဆန္ဒရှိခဲ့ပါတယ်။ ဗုဒ္ဓဘာသာဆရာတော် သံဃာ တော်ဆိုတာကလည်း ကောင်းရာမွန်ရာအကျင့်ကိုကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ကိုယ့်ဘာသာမဟုတ်ပေမယ့် မွန်မြတ် စင်ကြယ်တဲ့ပုဂ္ဂိုလ်တွေဆိုတာကတော့ ကျွန်တော် လက်ခံ ထားပါတယ်။

ကျွန်တော့်ဇနီးက ကျွန်တော့်ထံက လှူခွင့်ရနိုး ရနိုး စောင့်မျှော်နေပြီး ကျွန်တော်မသိအောင် သက်န်းတစ်စုံဝယ် ထားပြီး သိမ်းထားတယ်ဗျ၊ အဲဒါကို ကျွန်တော်လည်း မသိ ဘူး၊ ကျွန်တော်ကလည်း အခြားအလုပ်တွေများနေတော့ သူပြောတဲ့ကိစ္စလဲ မေ့မေ့လျော့လျော့ရှိနေတာပေါ့ဗျာ။

အဲဒီလိုနဲ့ အုပ်ချုပ်ရေးအခြေအနေတွေပြောင်းပြီး မြို့ နယ်အုပ်ချုပ်ရေးကို အရပ်သားဝန်ထမ်းများက တာဝန်ယူလာ ပြီး ကျွန်တော်တို့ တပ်မတော်အမှုထမ်းများကို ခရိုင်အဆင့် တာဝန်ဆက်လက်ယူရတယ်ဗျ။

www.dhammaransi.com



အဲဒီအချိန်မှာ ကျွန်တော်လည်း တပ်မတော်က အငြိမ်းစားယူပြီး ငါးဆူတောင်မှာ စိုက်ပျိုးရေးလုပ်နေတယ်ဗျ။

အဲဒီလိုနဲ့ ကျွန်တော့ဇနီးဟာ တစ်နေ့မှာ မမျှော်လင့်ဘဲ ဦးနှောက်ကြောပြတ်ပြီး ဆုံးသွားတယ်ဗျ၊ ဆုံးသွားတဲ့ညမှာပဲ တစ်အိမ်လုံး ပြောင်းဆန်အောင် ဒုက္ခပေးတော့တာပဲဗျို့။ ကျွန်တော်နဲ့သမီးငယ်ကလည်း ဇနီးအတွက် ကျွန်တော်တို့ ဘာသာရေးအရ ဆုတောင်းပွဲတွေလုပ်ပေးပေါ့ဗျာ။

ဒါပေမယ့် မရပါဘူးဗျာ၊ ညတိုင်းညတိုင်း ကျွန်တော့် အခန်းထဲမှာရှိတဲ့ ကျွန်းသေတ္တာကြီးကို ညစဉ် လာခေါက်နေတယ်၊ ကျွန်တော်က ကြောက်တော့မကြောက်ဘူးဗျ၊ ဘာပြု လို့ လာခေါက်နေတာလည်းဆိုတာကိုသာ စဉ်းစားမရဖြစ်ပြီး ဦးနှောက်ခြောက်တာပဲဗျ။

သုံးလေးရက်လောက် ဆက်လက်ပြီးလာခေါက်နေ တော့ အဝေးတစ်နေရာမှာ တာဝန်ထမ်းဆောင်နေတဲ့ သား ကြီးကရောက်ရှိနေချိန်ဆိုတော့ သမီးရယ် ကျွန်တော်ရယ် သားကြီးရယ် ကျွန်တော့်အခန်းထဲရှိ ချောင်ထိုးထားတဲ့ ကျွန်း သေတ္တာကြီးကို ဖွင့်ကြည့်မိကြတယ်ဗျ။

ဖွင့်ကြည့်ပြီး အထဲမှာရှိတဲ့အဝတ်တွေကို တစ်လွှာစီ ထုတ်ကြည့်တော့ အလယ်လောက်မှာ မမျှော်လင့်ဘဲ သက်န်း ဒွိစုံကို သွားတွေ့ရတယ်ဗျ၊ ဒီသင်္ကန်းကိုမြင်တော့ ကျွန်တော်

www.dhammaransi.com



ကျွန်တော့်ဇနီးအတွက် တော်တော်ပဲစိတ်မကောင်း ခံစားသွားမိတယ်ဗျာ။ သူက လှူချင်တာကို ကျွန်တော် မဖြည့်ဆည်းပေးလိုက်ရတာကို အတော်ပဲစိတ်မကောင်းဖြစ်ပြီး စိတ်ထိခိုက်စွာ ခံစားသွားမိတယ်ဗျာ။ သားနဲ့သမီးကတော့ သင်္ကန်းကိုမြင်လိုက်တော့ သူတို့လည်း အံ့အားသင့်သွားကြပြီး "ဘာပြုလို့ အမေဟာ ဒီဗုဒ္ဓဘာသာ ရဟန်းတော်များရဲ့ဝတ်စုံကို ဒီထဲထည့်ထားပါလိမ့်ဆိုတာကို တွေးတော မေးမြန်းကြတယ်ဗျ"

ကျွန်တော်ကလည်း သူ့အမေခွင့်ပန်တဲ့အကြောင်းကို ပြောပြလိုက်တယ်ဗျ။

"ဖေဖေ သူတို့ဗုဒ္ဓဘာသာတွေအယူအဆက သေသူဟာ တစ်ခုခုစွဲသေရင် မကျွတ်မလွတ်ဘူး၊ အိမ်ကို ပြန်ကပ်နေတယ်လို့ သမီးသိရတယ်၊ အဲဒါကို ကျွန်မတို့ဘာသာအရဆုတောင်းလို့မရဘူး၊ သူတို့ဘာသာအရ သူတို့ဘုန်းကြီးတွေကိုလှူပြီး အမျှပေးဝေမှကျွတ်လွတ်သတဲ့ဖေဖေ၊ အခုလည်း မေမေဟာ ဖေဖေ့ထံ ဒီသင်္ကန်းလှူဖို့ခွင့်တောင်းပြီး ဖေဖေ့ထံက လှူခွင့်ရရင်လှူဖို့ အဆင်သင့်ဝယ်ထားတာဖြစ်မယ်၊ ဖေဖေ့ထံကခွင့်မရတော့ မလှူဖြစ်ပြီး ဒါကိုစွဲလမ်းပြီး သေတဲ့အတွက် မကျွတ်မလွတ်ဖြစ်ပြီး အခုလို လာရောက်ခေါက်နေတာ ဖြစ်မယ်ထင်တယ် ဖေဖေ"

www.dhammaransi.com



သမီးကျောင်းဆရာမက ဗုဒ္ဓဘာသာ ဆရာ ဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေနဲ့ အထိအတွေ့များတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့အယူအဆ ယုံကြည်မှုကို အတော်အတန် သိရှိရင်းနှီးထားသူပီပီ ကျွန်တော့်ကို အဲဒီလိုပြောတယ်ဗျ။ ဒါပေမယ့် ကျွန်တော်က ကျွန်တော်ကိုးကွယ်တဲ့ ဘာသာကရှိနေလေတော့ -

"သမီးရယ် ဖေဖေတို့ဘာသာအရ ဝတ်ပြုဆုတောင်းကြည့်ကြသေးတာပေါ့"

လို့ပြောပြီး တနင်္ဂနွေနေ့ ဘုရားကျောင်းတက်တော့ ဇနီးအတွက် အထူးဆုတောင်းမေတ္တာပို့ပါတယ်။ သက်န်းကိုလည်း သေတ္တာထဲကနေပြီး အဝတ်ဘီဒိုထဲပြောင်းရွှေ့ထည့်ထားမိပါတယ်၊ ဒါပေမယ့် မရပါဘူးဗျာ၊ အဲဒီသင်္ကန်းရှိတဲ့ ဘီဒိုကိုပဲ ညညကျရင် လာခေါက်ပြန်တာပဲဗျာ၊ အဲဒီတော့ ကျွန်တော်က သမီးကိုပြောရတယ်။

"ကဲ သမီးရေ၊ သမီးအမေကတော့ ဒီသင်္ကန်းကို စွဲလမ်းနေတာတော့မှန်ပြီ၊ ဖေဖေတို့ဘာသာအရ ဆုတောင်းလို့လဲမရဘူး၊ အဲဒီတော့ သမီးပြောတဲ့ ဗုဒ္ဓဘာသာအယူအဆအရ လုပ်ကြည့်ကြဦးစို့"

"ဖေဖေ သူတို့ဘာသာအရလုပ်မယ်ဆိုရင် သမီး သိ

www.dhammaransi.com



ထားတာကတော့ သူတို့ဘုန်းကြီးတွေကို ဆွမ်းကျွေးရမယ်၊ လှူရမယ်၊ ပြီးတော့ ရေစက်ချပြီး သေသူကို အမျှဝေပေးရမယ်တဲ့၊ အဲဒါကို ဖေဖေလုပ်နိုင်မလား" .

"သမီးသဘောကရော ဘယ်လိုသဘောရသလဲ"

"သမီးကတော့ အဓိက မေမေ ဒီဘဝက ကျွတ်လွတ်သွားဖို့ပဲ၊ ဆေးကုသလိုပေါ့ဖေဖေ၊ ဘယ်ဆေးနဲ့ပျောက်ပျောက်၊ ပျောက်ဖို့ကအဓိကပါပဲဖေဖေ"

သမီး ကျောင်းဆရာမရဲ့သဘောထားကိုသိတော့ ကျွန်တော်က သမီးကိုပဲ သမီးကျောင်းက ဗုဒ္ဓဘာသာ ဆရာ ဆရာမတွေနဲ့ညှိနှိုင်းပြီး လိုအပ်တာတွေ စီမံလုပ်ဖို့ ပြောလိုက်ရပါတယ်။

သမီးတို့ကျောင်းက သမီးသူငယ်ချင်း ကျောင်းဆရာမနှစ်ယောက်က အစစအရာရာကို ကူညီဆောင်ရွက်ပေးကြပါတယ်၊ ချက်ဖို့ ပြုတ်ဖို့ လှူဖို့တန်းဖို့ သံဃာတော်များ ပင့်ဖိတ်တာကအစ သူတို့ကပဲ စီစဉ်ဆောင်ရွက်ပေးပါတယ်။

အဲဒီ ချက်ပြုတ်တဲ့ညနေမှာ သမီးကို အစစအရာရာ ဦးဆောင်ညွှန်ကြားပေးနေတဲ့ ဆရာမ ဒေါ်ရီရီခိုင်ဆိုတဲ့ ဆရာမက ကျွန်တော့်ထံရောက်လာပြီး -

www.dhammaransi.com



"အန်ကယ် ယခုပြုလုပ်တဲ့အလှူနဲ့ပတ်သက်လို့ အန်ကယ့်သဘောလည်းသိရအောင်၊ ဗဟုသုတလည်းရအောင် ဟောဒီစာအုပ်လေးတွေကို အပျင်းပြေ လေ့လာဖတ်ကြည့်ပါလား"

ဆရာမပြောပုံလေးက ပညာသားပါတယ်၊ ကျွန်တော်ကလည်း လောကဝတ္တရားအရ တစ်ဘက်က ကိုယ့်မိသားစုကိစ္စကို လာရောက်ကူညီလုပ်ကိုင်ပေးနေတဲ့ ဆရာမ ဖြစ်နေတော့ ပြုံးပြုံးလေးနဲ့ပဲ -

"ကောင်းပါတယ်ဆရာမ ဖတ်ကြည့်ပါ့မယ်"

လို့ပြောပြီး သူပေးတဲ့စာအုပ်(၂)အုပ်ကို လက်ခံယူလိုက်မိပါတယ်။ စာအုပ်အမည်လေးတွေကတော့ တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ) ရေးတဲ့ "ဘုရားရှင်လက်ထက် ပြိတ္တာတစ္ဆေများအကြောင်း" စာအုပ်နဲ့ "သနားစရာကောင်းသော ပြိတ္တာလောက" စာအုပ်တွေပါပဲ။

တစ္ဆေဆိုတဲ့စကားလုံးကို တွေ့လိုက်ရတော့ ကျွန်တော် စိတ်ဝင်စားသွားတယ်၊ အဲဒါနဲ့ အဲဒီစာအုပ်ကို အိပ်ယာထဲဝင်ပြီး အေးအေးဆေးဆေးဖတ်မိတယ်၊ ဖတ်ရင်းဖတ်ရင်း စိတ်ဝင်စားလာပြီး နှစ်အုပ်လုံးကို ညဥ့်နက်တဲ့အထိ ပြီးအောင်ဖတ်လိုက်မိတယ်။

www.dhammaransi.com



ထိုစာအုပ်များကိုဖတ်ပြီး ဗုဒ္ဓဘာသာတရားတော်အရ ဘုရားဟောခဲ့သော ပြိတ္တာတစ္ဆေများအကြောင်းကို စိတ်ဝင်စားမိခဲ့ပြီး ဗုဒ္ဓဘာသာတရားတော်များ၏ ယထာဘူတကျမှုကို လည်း လေ့လာသုံးသပ်သွားမိတယ်။

နောက်နေ့ အရုဏ်တက်တော့ ဗုဒ္ဓဘာသာ သံဃာတော်(၅)ပါးကြွလာပြီး ဆွမ်းကိစ္စ ဆောင်ရွက်ကြပါတယ်၊ ကျွန်တော်ကတော့ ဆရာမတွေလုပ်တာကို အကဲခတ်လေ့လာကြည့်ရှုသာ နေရပါတယ်၊ သူတို့ကပဲ အားလုံး ဦးဆောင်လုပ်သွားကြပါတယ်၊ ဆရာတော် သံဃာတော်တွေ ဆွမ်းစားတာကအစ ကျွန်တော် အသေးစိတ်လေ့လာပါတယ်၊ တည်ငြိမ်သောက္ကန္ဒြေသိက္ခာဖြင့် ဆွမ်းဘုဉ်းပေးနေကြတဲ့ ဆရာတော်တွေကိုဖူးတွေ့ရတော့ ကျွန်တော့်စိတ်ထဲ အလွန်ကြည်နူးမိသွားပါတယ်။

ဆရာတော် မထေရ်ကြီးက ရေစက်ချတရားနာတော့ ကျွန်တော့်ကို အခြားဘာသာမှန်းသိထားဟန်တူပါတယ်၊ သေသူ ဝိညာဉ်ပြောင်းပုံ၊ ဘဝကူးပုံအမျိုးမျိုးနှင့် ဘဝကူးရာတွင် သားစွဲ၊ သမီးစွဲ၊ ဥစ္စာစွဲများကြောင့် မကျွတ်လွတ်ကြပုံ၊ ထိုပုဂ္ဂိုလ်များကို ဘယ်လိုလုပ်ပေးရပုံတို့ကို သက်သေသာဓကနှင့် ဟောပြောပြပါတယ်၊ ညကတည်းက ကျွန်တော်ကလည်း စာအုပ်ဖတ်ထားတာဆိုတော့ စိတ်ထဲမှာ အတော် သဘော

www.dhammaransi.com



တွေ့ တိုက်ဆိုင်မှုတွေဖြစ်ရပါတယ်။

နောက်တော့ ဆရာတော်ကြီးက ကျွန်တော့်ဇနီးကို ရည်စူးပြီး ရေစက်ချအမျှပေးဝေစေပါတယ်၊ အမျှဝေတာက တော့ သမီးကပဲလုပ်ပါတယ်၊ အဲဒီလို ဆွမ်းကျွေး အမျှဝေပြီး ကတည်းက ဇနီးအတွက် ဝမ်းမြောက်သောစိတ် တသိမ့်သိမ့် ခံစားရသလို ကျွန်တော့်စိတ်ဟာလည်း အထူးကြည်လင်ပြီး ပီတိဖြစ်နေရပါတယ်။

ဆွမ်းကျွေးပြီးညကျတော့ ပင်ပန်းကြတာနဲ့ ကျွန်တော် တို့ အိပ်ယာ စောစောဝင်ပါတယ်၊ ယခင်က အိပ်ယာဝင်ပြီ ဆိုရင် ခေါက်သံက ကြားရတာပါပဲ၊ ယခုညကျတော့ ဘာသံမှ မကြားရတော့ပါဘူး။

ညကျတော့ သမီးထံ သူ့အမေက နတ်ဝတ်တန်ဆာ တွေနဲ့ လာရောက်နှုတ်ဆက်သတဲ့၊ သမီးတို့ကို ကျေးဇူးတင် ပါတယ်၊ သမီးတို့ကူညီလို့ မေမေ ချမ်းချမ်းသာသာဘဝ ရောက်ရပါပြီ၊ သမီးတို့ကို လာနှုတ်ဆက်တာပါလို့ပြောပြီး ပျောက်ကွယ်သွားသတဲ့။

သမီးလည်း အိပ်မက်မက်သလို တွေ့ကြုံမြင်ရပြီး လန့် နိုးလာတော့ ကျွန်တော့်ကို အားချင်းနှိုးပြီး ပြောပြပါတယ်၊ သမီးကလည်း သူ့အမေဘဝကိုမြင်လိုက်ရတော့ အလွန် ဝမ်း

www.dhammaransi.com



ပြောက်ဝမ်းသာဖြစ်သွားတာပေါ့။

အဲဒီနောက်တော့ ဇနီးရဲ့အနှောက်အယှက်က ဘာမျှမပေါ်တော့ပါဘူး၊ သမီးလည်း အဲဒီကစပြီး ဗုဒ္ဓဘာသာကို အပြင်းအထန်လေ့လာတော့တာပါပဲ၊ လေ့လာပြီး နောက်ဆုံး လက်ထပ်ယူတော့ ဗုဒ္ဓဘာသာအမျိုးသားကိုပဲ လက်ထပ်ယူပါတယ်။

ကျွန်တော့်ကိုလည်း ဗုဒ္ဓဘာသာကို လေ့လာဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်က သမီးမပြောခင်ကတည်းက လေ့လာပြီး ဗုဒ္ဓဘာသာကို ခံယူချင်နေတာပါ၊ သမီးအတွက် ငဲ့ပြီး စောင့်ထိန်းနေရတာပါ။

သမီးက အဲဒီလိုမြင်လာတော့ ကျွန်တော် အလွန်ဝမ်းမြောက်ပြီး ဇနီးအတွက် လာရောက်ဟောပြောတဲ့ ဆရာတော်ထံမှာပဲ သရဏဂုံဆောက်တည်ခဲ့ပါတယ်။ ဆရာတော်က တရားအားထုတ်ကြည့်ဖို့ပြောပြီး မဟာစည်ကိုလမ်းညွှန်တာနဲ့ မဟာစည်မှာ တရားလာအားထုတ်နေတာဗျာ၊ ယခုဆိုရင် (၂)နှစ်တောင်ရှိနေပါပြီ။ သမီးကလည်း သူ့ဘဝ ရပ်တည်နေနိုင်သွားပြီး၊ သားကလည်း သူ့ဘဝနဲ့သူဆိုတော့ ကျွန်တော် ယခု လွတ်လွတ်လပ်လပ် တရားအားထုတ်နိုင်တော့တာပေါ့ဗျာ၊ ဗုဒ္ဓဘုရားရဲ့ကိုယ်တိုင်ကျင့်မှ ကိုယ်တိုင်

www.dhammaransi.com



တရားအရသာခံစားရတယ်ဆိုတာ တကယ်မှန်တာပါပဲဗျာ၊ တကယ်ကို မွန်မြတ်ကောင်းတဲ့ တရား၊ ကျွန်ဟော်တို့အတွက် ဘဝစိတ်ချရတဲ့တရားပါပဲဗျာ"

ဦးအောင်ခိုင်သည် အထက်ပါအတိုင်း သူ့ဘဝ သူ့ဇာတ်လမ်းစုံကို ပြောပြခဲ့ရာ ဗုဒ္ဓဘာသာဝင်ဖြစ်သော ကျွန်တော်သည် တရားအားထုတ်ရေးအတွက် နှောင့်နှေးနေခဲ့သည်ကို ရှက်ကြောက်မိသလိုခံစားသွားရပါသည်။

"ဦးအောင်ခိုင် ခင်ဗျားဘဝအမြင်မှန် တရားမှန်ရအောင် ခင်ဗျားဇနီးက ခင်ဗျားကို ညွှန်ပေးသွားတယ်လို့ ဆိုရမှာပေါ့ဗျာ"

"ဟုတ်ပါ့ဗျာ၊ ဇနီးကတော့ သူ့ဘဝမှာ ဇနီးဝတ္တရားကျေသလို တမလွန်ဘဝကနေပြီးတော့လည်း ကျွန်တော့်ကို ကူညီစောင့်ရှောက်သွားတယ်လို့ ကျွန်တော်မှတ်ထင် ကျေးဇူးတင်မိတယ်ဗျာ။

*****************

## စောဝေလျှံထူးလေးနှင့်ဗေမာနိကပြိတ္တာများ

၁၉၉၄ ခုနှစ်၊ မေလတွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ဗုဒ္ဓဘာသာ သာသနာပြုသင်တန်း ဖွင့်လှစ်ခဲ့သည်။ သင်

www.dhammaransi.com



တန်းသား (၈၀)ကျော် တက်ရောက်ခဲ့သည်။ စာရေးသူသည် ထိုသင်တန်းတွင် သင်တန်းပြဆရာတစ်ယောက်အဖြစ် သွားရောက်၍ သင်တန်းပြခဲ့ရပါသည်။

ညပိုင်းတွင် သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ ဆွေးနွေးပြီး သူတို့သိလိုသမျှ မေးသမျှကို တတ်နိုင်သရွေ့ ဆွေးနွေးဖြေကြားပေးရပါသည်။

တစ်ညတွင် သင်တန်းဆွေးနွေးအပြီး သင်တန်းသား သုံးလေးဦးက စာရေးသူတည်းခိုသောကျောင်းသို့ လိုက်ပို့ကြရင်း အချိန်ရကြသေး၍ ဘားအံမြို့ဈေးပိုင်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လက်ဖက်ရည်ဝင်သောက်ကြသည်။

လက်ဖက်ရည်ဝိုင်းတွင် ကရင်ပြည်နယ် သက်န်းညီနောင်ဘက်က သင်တန်းသားတစ်ဦးက -

"ဆရာ' ဟောဒီစောထူးစိန်က အခြားဘာသာကနေ ကျွန်တော်တို့ဘာသာပြောင်းလာတာ မကြာသေးဘူးဆရာ၊ ဒီသင်တန်းတက်ခွင့်ရအောင် တောင်တန်းသာသနာပြု ဥက္ကဋ္ဌဆရာတော်က စီစဉ်ပေးလို့ တက်ခွင့်ရတာဆရာ။ သူကျွန်တော်တို့ဘာသာပြောင်းရတာကလည်း သူ့သားလေးကြောင့် ဆရာ။ သူ့ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းတယ် ဆရာ"

ဟု မိတ်ဆက်ပေးပြီး ပြောသည်။ စာရေးသူက အခြား

www.dhammaransi.com



ဘာသာကပြောင်းလာသူဟုဆို၍ စိတ်ဝင်စားသွားသည်။ သူ့သားကြောင့် ပြောင်းရသည်ဟုဆိုသောအခါ ပို၍ပင် စိတ်ဝင်စားသွားမိပါသည်။

"လုပ်ပါဦး ကိုစောထူးစိန်၊ ခင်ဗျားဘာသာပြောင်းရတဲ့ အခြေအနေလေး၊ သားကြောင့်ပြောင်းရတယ်ဆိုတော့ ကျွန်တော်က ခင်ဗျားကို ပိုပြီးစိတ်ဝင်စားသွားတယ်ဗျာ၊ လုပ်စမ်းပါဦး၊ ဖြစ်စဉ်လေးအကျဉ်းပေါ့"

ကျွန်တော် စိတ်ဝင်စားသည်ဆိုသဖြင့် စောထူးစိန် က အားရဝမ်းသာ အောက်ပါအတိုင်းပြောပြရာ ကျွန်တော်တို့ က ငြိမ်သက်စွာနားထောင်ကြပါသည်။

"ကျွန်တော်တို့က မိရိုးဖလာနတ်ကိုးကွယ်ပြီး နောက်တော့ တစ်ခြားဘာသာတစ်ခုကို ကိုးကွယ်ခဲ့ပါတယ် ဆရာ။ ကျွန်တော်တို့ရွာက ဗုဒ္ဓဘာသာကိုးကွယ်သူရော၊ နတ်ကိုးကွယ်သူရော အခြားဘာသာတွေ ကိုးကွယ်သူရော အစုံရှိတဲ့ရွာကြီး ပါ ဆရာ။

ကျွန်တော် အိမ်ထောင်ကျတော့ ကျွန်တော့်အမျိုးသမီးက ကရင်မြန်မာကပြားပါ။ သူကတော့ ဗုဒ္ဓဘာသာလိုလို၊ နတ်လိုလို၊ ဟိုဟာလိုလို သည်ဟာလိုလို ဘာမှ စွဲစွဲမြဲမြဲ မရှိပါဘူး။

အိမ်ထောင်ကျပြီးတော့ သားလေးတစ်ယောက် မွေး

www.dhammaransi.com



ခဲ့ပါတယ်။ သားကို စောဝေလျှံထူးလို့ အမည်ပေးထားပါတယ်။ ကျွန်တော့်သားဟာ ခြောက်နှစ်သားလောက်ရောက်တော့ ညည မိုးချုပ်လာရင် အိမ်က ပျောက်ပျောက်သွားတယ်ဆရာ။ ပထမကတော့ ကျွန်တော်တို့က ရွာထဲက အခြားကလေးတွေနဲ့ သွားဆော့တယ်မှတ်တာ။ နောက် ညဉ့်နက်သည်အထိပြန်မလာတော့ လိုက်မေးရတာပေါ့ဆရာရယ်။

ညဉ့်နက်လို့ ပြန်ရောက်လို့ မင်းဘယ်သွားနေတာလဲ မေးတော့ ဟိုရွာထဲသွားနေတာလို့ပြောတယ်။ အနီးအနားမှာ ရွာမရှိတော့ ကျွန်တော်က ဘယ်ကရွာလဲလို့မေးတော့ သင်္ချိုင်းထဲက ရွာလို့ပြောတယ်ဆရာ။ အဲဒီရွာက အိမ်ကြီးအိမ်ကောင်းတွေနဲ့ မီးတွေထိန်ထိန်လင်းပြီး စားစရာတွေလည်း သိပ်ပေါတာပဲ၊ အဲဒီရွာကို သွားတာတဲ့၊ အဲဒီရွာရဲ့တစ်ဘက်က လူတွေကတော့ စားစရာမရှိလို့ ပိန်ခြောက်ပြီး အုတ်ဂူတွေပေါ်မှာ ထိုင်နေရသတဲ့။

သူက အဲဒီလိုပြောတော့ ကျွန်တော်က မယုံဘူး၊ ဒီကောင်ကလေး မဟုတ်တရုတ်တွေလာပြောနေတယ်လို့ ပြောပြီး နောက် မင်းအဲဒီကိုမသွားနဲ့လို့ ပြောထားတယ်။

ပြောထား ခဏပဲဆရာရေ့၊ နောက်ကျ ဆက်သွားတာပဲ၊ သူသွားတဲ့နောက်လိုက်ချောင်းကြည့်တော့ ဟုတ်တယ်

www.dhammaransi.com



ဆရာရေ့၊ သင်္ချိုင်းထဲဝင်သွားတာ။ ကျွန်တော်တို့သင်္ချိုင်းကလည်း သစ်ပင်တွေကအုပ်ဆိုင်းပြီး တောဖြုတ်တွေကလည်းပေါ်တော့ ကျွန်တော် ညဥ့်နက်မှောင်မှောင်မည်းမည်းထဲ မလိုက်ရဲတော့ဘဲ ပြန်လာခဲ့ရတယ်။ ကျွန်တော့်သားက တော့ ခပ်တည်တည်ပဲ၊ မကြောက်မရွံ့ပြန်လာတာပဲ။ ပြန်လာတော့ မေးတော့ သူ့သူငယ်ချင်းတွေ၊ ဆွေမျိုးတွေဆီသွားတာ။ ဟိုရွာက ကောင်းကောင်းစားရတယ်၊ အဖေတို့ဆီမှာက ကောင်းကောင်းမစားရဘူးတဲ့"

နောက်တော့ ကျွန်တော်က သူ့ကို အသေးစိတ်မေးရတယ်။ သူ့အပြောကတော့ တစ်ဘက်ကလူတွေက တိုက်တွေ၊ အိမ်တွေ၊ စားစရာသောက်စရာဟွေနဲ့ မီးတွေက ထိန်ထိန်လင်းပြီး ကောင်းကောင်းနေရသတဲ့။ တစ်ဘက်က လူတွေကျတော့ စားစရာမရှိ၊ ဝတ်ပြတ်ပြီး အုတ်ဂူပေါ်မှာထိုင်ပြီး တစ်ဖက်ကိုငေးကြည့်ပြီးနေရသတဲ့။ သူကသွားပြောတော့ ဟိုမှာ စားစရာတွေပေါတယ်၊ သွားတောင်းစားပါလားလို့ ပြောတော့ ဒီလိုတောင်းစားလို့မရဘူး၊ သူတို့က သူတို့အမျိုးတွေ လူ့ဘဝက ကုသိုလ်ပြုပြီး အမျှဝေကြလို့ ဒီလိုနေရတာ၊ တို့ကို မင်းတို့ဘုန်းကြီးတွေဆီမှာ ကုသိုလ်ပြုပြီး အမျှဝေပေးပါ၊ တို့ဆွေမျိုးတွေက မည်သူတွေပါ၊ သူတို့ဆီမှာငွေတောင်းပြီး လုပ်ပေးပါလို့ မှာကြားပြောသတဲ့။ အဲဒီအထဲမှာ ကျွန်တော့်

www.dhammaransi.com



အဖေလည်း ပါသတဲ့ဆရာ”

“အဲဒါနဲ့ တစ်နေ့ညကျတော့ ကျွန်တော်က သားကို မင်းအဘိုးဆိုတဲ့လူဆီသွားပြီး သေသေချာချာမေးပါ။ ဘုန်းကြီးဆီမှာ ဆုတောင်းဝတ်ပြုပေးမယ် ရမလားလို့မေးပါလို့ မှာပြီး သွားခိုင်းပါတယ်”

“ကျွန်တော့်သားလဲ သွားပါတယ်၊ ဟိုမှာ သူ့အပေါင်းအသင်းတွေဆီမှာ စားသောက်ပြီး သူ့အဘိုးထံသွားမေးပါတယ်တဲ့၊ ကျွန်တော့်အဖေက အရိုးပေါ် အရေတင်ပြီး စားရမဲ့ သောက်ရမဲ့ ဒုက္ခရောက်နေပြီး နေစရာမရှိ၊ ဝတ်စရာမရှိ၊ အုတ်ဂူဘေးမှာ နေရသတဲ့။ ငတ်လို့ ဆာတာကလည်း အားကြီးပဲတဲ့။ အဲဒါနဲ့ ကျွန်တော့်သားက အဘိုးကို အဖေက မှာလိုက်တယ်၊ သူကျွေးမယ် ဘာစားမလဲလို့မေးတော့ ငါသိပ်ဆာနေတယ်၊ ဒါပေမယ့် မင်းတို့ကျွေးလို့မရဘူးလို့ပြောသတဲ့၊ ဝတ်ပြုဆုတောင်းပေးမယ်လို့ပြောတော့လည်း အဲဒါလည်း စားလို့ရမှာမဟုတ်ဘူး။ ဒါဖြင့် ဘာလုပ်ပေးရမလဲလို့မေးတော့ ဗမာဘုန်းကြီးဆီမှာ ထမင်းလှူပြီး အမျှဝေရင် ငါစားရမယ်လို့ ပြောသတဲ့။ ပြီးတော့ ငါဝတ်ဖို့အဝတ်ရအောင် ဟိုလူတွေလို ကောင်းကောင်းနေရအောင် ကျောင်းသွားလှူပေးပါလို့ ပြောသတဲ့ဆရာ”

“ကျွန်တော့်သားပြန်လာတော့ အကုန်ပြောပြပါတယ်၊

www.dhammaransi.com



ကျွန်တော်ကတော့ မယုံတစ်ဝက်ယုံတစ်ဝက်ပါပဲ၊ ဒါပေမယ့် အဖေ ဒီလိုဖြစ်နေတယ်ဆိုတာကြားရတော့ စိတ်တော့ မချမ်းသာဘူး၊ ဒါနဲ့ ဗုဒ္ဓဘာသာမိတ်ဆွေတွေကို အကြောင်းစုံ ဆွေးနွေး မေးကြည့်တယ်"

"သူတို့ကလည်း ဗုဒ္ဓဘာသာဆိုင်ရာ ရက်လည်ဆွမ်းသွတ်မှု၊ အမျှဝေမှုတို့ကို အကြောင်းစုံရှင်းပြပါတယ်။ ကျွန်တော်လည်း မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ မယုံကြည်သော်လည်း အဖေ့အတွက် ကောင်းလိုကောင်းငြား ခံစားလိုခံစားရငြား ဆွမ်းကျွေး သင်္ကန်းလှူပြီး ဇရပ်ဆောက်တဲ့အဃ အလှူငွေထည့်ပြီး အဖေ့ကိုလည်း သားကိုသွားဖိတ်ခေါ် အကြောင်းကြားစေပါတယ်။ ဆွမ်းကျွေးတဲ့နေ့ အဖေ လာ မလာ အသိပေးပါလို့လဲ မှာလိုက်ပါတယ်"

"ဆွမ်းကျွေးတဲ့နေ့ကျတော့ အဖေက လာကြောင်း ပြပါတယ်။ ပထမ ဘုန်းကြီးတွေ ပရိတ်ရွတ်ခါနီး တစ်အိမ်လုံး အပုပ်နံ့တွေလှိုင်စေသွားပါတယ်။ ပြီးတော့ ပရိသတ်ကြားထဲ သဲမှုန်တွေကြဲဖြန့်ချပြီး အသိပေးပါတယ်"

"ကျွန်တော်လည်း တော်တော် အားရကျေနပ်သွားပါတယ်။ ဆွမ်းကျွေးပြီးတော့ သားကို သွားကြည့်ခိုင်းပါတယ်။ သားကလည်း သူသွားနေကျအချိန်ကျ သွားတာပါပဲ"

www.dhammaransi.com



"ဒီတစ်ခါသွားတော့ သူ့အဘိုး ကျွန်တော့်အဖေက ယခင်ကလို ငတ်ငတ်ပြတ်ပြတ် မဟုတ်တော့ဘူးတဲ့။ ဟိုဘက်က လူတွေလိုပဲ စားစရာသောက်စရာ နေစရာအပြည့်နဲ့ ဝဝ ဖြိုးဖြိုး တင့်တင့်တယ်တယ် တွေ့ရသတဲ့။ ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းလည်း ပြောပြလိုက်သတဲ့"

"ကျွန်တော့်ဝမ်းသာမှုကတော့ ပြောမပြနိုင်လောက်အောင်ပါပဲ ဆရာ။ အဲဒီနောက် ကျွန်တော် ဗုဒ္ဓဘာသာဝင် ဖြစ်တော့တာပဲဆရာ"

"စောထူးစိန်က သူ့ဘဝ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်း အကြောင်းစုံကို အားရပါးရပြောပြီး အနီးနားပါသည့် သူ့သားကို ကျွန်တော်ကိုယ်တိုင်လိုက်လေ့လာပြီးမေးဖို့ သင်တန်းအပြီး သူ့ရွာသို့လိုက်ရန်ဖိတ်ခေါ်ပါသည်။

ကျွန်တော်တို့တာဝန်နှင့်လာရသူအဖို့ မလိုက်နိုင်ခဲ့ပါ၊ အခြေအနေထူးရင်တော့ စာရေးပါဟုမှာထားခဲ့ပြီး ပြန်ခဲ့ရပါသည်။

ကျွန်တော်က ဗုဒ္ဓဘုရားဟောကြားခဲ့သော ပေတဝတ္ထုပါ ဇာတ်လမ်းအချို့နှင့် နေ့စံညခံပြိတ္တာများ၊ နေ့ခံညစံ ပြိတ္တာများအကြောင်း၊ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးပြိတ္တာများ၊ ကုသိုလ်ဘာမျှမရ၍ ဘဝများစွာခံရပုံ၊ သံဃာ့ဂုဏ်တော်အရေးကြီးပုံ

www.dhammaransi.com



အကြောင်းစုံကို ရှင်းလင်းပြောပြရပါသည်။

ထို့နောက် သင်တန်းပြီးစီး၍ သူတို့ပြန်သွားသည်။ ကျွန်တော်လည်း တာဝန်များ၍ စာမရေးနိုင်ခဲ့ပါ။ ယခုမှပင် စောထူးစိန်ပြောပြချက်အတိုင်း အများသံဝေဂရယူနိုင်ရန် တင်ပြလိုက်ရပါသည်။

*****************

## ဂျပန်ဘုန်းကြီးတစ္ဆေအမျှဝေခဲ့ရ

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့သည် ဆဋ္ဌသံဂါယနာ တင်ပြီးသည့်အချိန်တွင် ကမ္ဘာအေးကုန်းမြေရှိ အပရဂေါယာန ကျောင်းဆောင်တွင် ဓမ္မဒူတဝိဇ္ဇာလယကျောင်းဖွင့်ပြီး နိုင်ငံ ခြား သာသနာပြု သံဃာတော်များကို သင်တန်းပို့ချ သင်ကြား လျက်ရှိပါသည်။ ထိုသင်တန်းကျောင်း၏ ဥက္ကဋ္ဌဆရာတော် မှာ ဆရာတော်ကြီး ဦးပညာဒီပ (ယခု ကမ္ဘာဝိပဿနာ သာသနာပြု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်ရ) ဆရာ တော်ဖြစ်ပါသည်။ ထိုသင်တန်းကျောင်းတွင် မြန်မာသံဃာ တော်များအပြင် နိုင်ငံခြားသားများဖြစ်ကြသော ဂျာမန်၊ အင်္ဂလန်၊ ဆွီဒင်၊ ယိုးဒယားနှင့် ဂျပန်ဘုန်းကြီးများလည်း သီတင်းသုံးလျက်ရှိပြီး ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာ သင်

www.dhammaransi.com



ကြားနေပါသည်။

ထိုအချိန်တွင် ဂျပန်ဘုန်းကြီး ဦးမာနိန္ဒသည် အပရဂေါယာနကျောင်းဆောင် အခန်း(၃၉)တွင် သီးတင်းသုံး နေထိုင်ရင်း မည်သို့သောစိတ်ဓါတ်ကျသည်မသိ၊ ခါးပန်းကြိုးတို့နှင့် ကြိုးဆွဲချကာ မိမိဘဝကို အဆုံးစီရင်သွားခဲ့သည်။ ထိုဂျပန်ဘုန်းကြီး ဦးမာနိန္ဒသည် မကျွတ်မလွတ်ဖြစ်ကာ ထိုအပရဂေါယာနကျောင်းဆောင်တွင် ပြိတ္တာတစ္ဆေဘဝဖြင့် ကျင်လည်နေရသည်။ မည်သူ့ကိုမျှ အနှောင့်အယှက်မပေးပါ၊ ညညတွင် အပေါ်ဆုံးထပ်၌သာ လမ်းလျှောက်၍နေပါသည်။

၁၉၆ဝ ခုနှစ်တွင် ဦးပဥ္စင်း ဦးပညိန္ဒသည် ကမ္ဘာအေးသံဃာ့ဆေးရုံတွင်ဖွင့်လှစ်ထားသော နိုင်ငံခြားသာသနာပြုသံဃတက္ကသိုလ်သို့ ပညာသင်ရန်ရောက်ခဲ့ပါသည်။

ထိုအချိန်က သံဃာ့တက္ကသိုလ်သည် ကမ္ဘာ့သာသနာပြု ဆရာတော် ဦးသေဋ္ဌိလ (ယခုသက်တော်ထင်ရှားဆရာတော်ကြီး) နာယကဆရာတော်၊ ဦးပညာဒီပက သံဃာ့တက္ကသိုလ် ဥက္ကဋ္ဌဆရာတော်အဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ ထိုသံဃာ့တက္ကသိုလ်ကို အနီးကပ်ကြီးကြပ်သောအဖွဲ့မှာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှပုဂ္ဂိုလ်များနှင့် ပြင်ပမှပုဂ္ဂိုလ်များပါဝင် သောအဖွဲ့ကအုပ်ချုပ်ပါသည်။ သံဃာ့တက္ကသိုလ် ပထမ

www.dhammaransi.com



အုပ်ချုပ်ရေးအရာရှိမှာ ဦးရဲလွင် (ယခု သင့်ဘဝ ဦးရဲလွင်) ဖြစ်ပြီး နောင်တွင် ဦးမောင်မောင်ကြီး (နောင် လက်ထောက် ညွှန်ကြားရေးမှူး) သာသနာရေးဦးစီးဌာနဖြစ်ပါသည်။

သင်တန်းကျောင်းကို ပထမ သမဂ်ဂါယမတန်ဆောင်း တွင်ဖွင့်လှစ်ပြီး နောင်တွင် သံဃဆေးရုံတွင်ဖွင့်လှစ်ပါသည်။ ဦးပဥ္စင်းဦးပညိန္ဒသည် ထိုသံဃဆေးရုံတွင် သင်တန်းတက် ရပြီး သီတင်းသုံးသောအခါ ဆရာတော် ဦးပညာဒီပထံတွင် ခန်းနေတပည့်အဖြစ် အပရဂေါယာန ကျောင်းဆောင်တွင် သီတင်းသုံးနေရပါသည်။

အခြား သံဃတက္ကသိုလ်တက် သင်တန်းသား သံဃာ များမှာလို ကျောင်းဆောင်တွင်နေခွင့်မရသေးပါ၊ ကိုယ့် ကျောင်းကိုယ်နေ၍ သင်တန်းလာရောက်တက်ရပါသည်။

၁၉၆၁ ခုတွင်ဆရာတော်ဦးပညာဒီပသည် ကမ္ဘောဒီး ယားဗုဒ္ဓဘာသာ ကွန်ဖရင့်သို့ကြွ၍ ဦးပဥ္စင်း ဦးပညိန္ဒ နှင့် ဦးဥတ္တရတို့သည် ဆရာတော် အခန်းစောင့်အဖြစ် ကျန်ရစ် ခဲ့သည်။ ထိုအချိန်တွင် သင်တန်းပိတ်၍ အခြားသံဃာများ မရှိတော့၊ ထိုင်းနိုင်ငံမှ ရှင်သာမဏေ(၄)ပါးသာ ကျန်ရှိနေ ပါသည်။

တစ်ညတွင် ဦးပဥ္စင်း ဦးပညိန္ဒသည် အပရဂေါယာန

www.dhammaransi.com



အလယ်ထပ်တွင် လမ်းလျှောက်လျက် ပုတီးစိပ်နေသည်။ ထိုအချိန်တွင် ထိုင်းကိုရင်(၃)ပါးသည် အပေါ်ထပ်မှ ကြောက်လန့်တကြားပြေးဆင်းလာကြပါသည်။ လက်မှလည်း ခေါက်ဆွဲထုတ်များ ပေကျံလျှက်ရှိပါသည်။ ပါးစပ်မှလည်း အမောတကောနှင့် ဂို့(စ်) (ghost) ဂို့(စ်) (ghost) ဟု ကြောက်ကြောက်ရွံ့ရွံ့အသံနှင့် ပြောပါသည်။ သူတို့တွင် အပေါ်ကောသီသက်နိုးတောင်မပါတော့ပါ။

"ဘယ်လိုဖြစ်ကြတာလဲ ကိုရင်တို့" ဟု ဦးပညိန္ဒက ဆီးမေးသည်။ မြန်မာစကားကောင်းကောင်းပြောတတ်သော ကိုရင် သုမန က -

"ဘုန်းကြီးသရဲ- ဘုန်းကြီးသရဲ တပည့်တော်တို့ ဆာတာနှင့် ခေါက်ဆွဲဝယ်ပြီး အပေါ်ထပ်မှာ တိတ်တဆိတ် တက်စားနေတာ၊ အဲဒါကို ဘုန်းကြီးက ခြေထောက်နှင့် ခေါက်ဆွဲထုပ်တွေကိုဝင်ကန်ပြီး ပျောက်သွားတယ်"

ဟု ကြောက်လန့်တကြားပြောပြသည်။

"သရဲ ဟုတ်မယ် မထင်ပါဘူး၊ ဦးပဋ္ဌင်း ဦးဥတ္တရက ကိုရင်တို့ ညစာခိုးစားနေတာတွေ့လို့ ဝင်ကန်သွားတာ ဖြစ်မှာပါ"

www.dhammaransi.com



"ဦးဥတ္တရ မဟုတ်ပါဘူး၊ ဦးဥတ္တရ ယခုည ဗဟန်းသူ့ကျောင်းပြန်သွားပါတယ်ဘုရား၊ ပြီးတော့ ကန်တဲ့ဘုန်းကြီးပုံစံက ဂျပန်ဘုန်းကြီးပုံစံပါ၊ မြန်မာဘုန်းကြီးပုံစံ မဟုတ်ပါဘူးဘုရား"

" အေး-အေး ဒီအဆောင်မှာ ဂျပန်ဘုန်းကြီးတစ်ပါး ကြိုးဆွဲချပုံ့လွန်တယ်လို့ ကြားဖူးတယ်၊ သူမကျွတ်သေးလို့ ဖြစ်လိမ့်မယ်၊ မင်းတို့ ကိုရင်တွေ မဟုတ်တာလုပ်လို့ ဝင်ဆုံးမသွားတာဖြစ်မှာပေ့ါ' နောက်ကို ညစာခိုးမစားကြနဲ့ ကြားလား"

ဦးပညိန္ဒက ဤသို့ ဆုံးမပြီး ပြန်လှက်လိုက်ပါသည်။

မှန်ပါသည်။ ထိုဂျပန်ဘုန်းကြီးသည် မကျွတ်မလွတ်ဖြစ်ကာ ည ညတွင် အပေါ်ထပ်၌ လမ်းလျှောက်နေသည်ကို တွေ့နေရပါသည်။

၁၉၆၂ ခုနှစ်၊ မတ်လတွင် တော်လှန်ရေးအစိုးရတက်လာပြီးနောက် ဗုဒ္ဓတက္ကသိုလ်ရုံးသည် ဥတ္တရဂုရုကျောင်းဆောင်သို့ ရောက်လာပါသည်။ သံဃတက္ကသိုလ်သင်တန်းများမှာမူ သံဃာဆေးရုံတွင်ပင် ရှိနေပါသေးသည်။

၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးအစိုးရမှ သတင်းစာနှင့် စာရေးဆရာများညီလာခံတွင် ကမ္ဘာအေး၌ ကျင်းပပြီး

www.dhammaransi.com



ကိုယ်စားလှယ်များကို အပရဂေါယာနကျောင်းဆောင်နှင့် ပုဗ္ဗာဝိဒေဟကျောင်းဆောင်တွင် တည်းခိုစေပြီး ညီလာခံကို ဆွမ်းစားကျောင်းဆောင်၌ ကျင်းပပြုလုပ်ပါသည်။

ညပိုင်းတွင် ဆွမ်းစားကျောင်း၌ ရုပ်ရှင်ပြသဖျော်ဖြေခဲ့ပါသည်။ အပရဂေါယာနအပေါ်ဆုံးထပ် (ခန်းမ) (Hall) ခန်းတွင် နေရာချထားပေးထားသော သတင်းထောက်အချို့သည် ရုပ်ရှင်သွားမကြည့်ဘဲ တစ်ညတွင် မိန်းမပျက်များကို နောက်ဖေးအိမ်သာပိုက်မှ ကြိုးနှင့် ဆွဲတင်ခေါ်ယူပြီး ပျော်ပါးရန်စီမံကြသည်။

ထိုသည်ကို ဘုန်းကြီးသည် အမှောင်ထဲမှ ရုတ်တရက်ပေါ်လာပြီး ခြေနှင့်လိုက်လံ ကန်ကြောက်ရာ သတင်းထောက် (၃)ယောက်ရော၊ မိန်းမ(၂)ယောက်ပါ ကြောက်အားလန့်အားနှင့် ဆင်းပြေးကြ၍ အောက်က လုံခြုံရေးက ဆီး၍ဖမ်းခြင်းကို ခံရပါသည်။ ထိုအချိန်တွင် မိန်းမများနှင့် ဧည့်သည်များ အပေါ်တက်ခွင့်မရှိဟု သိရပါသည်။

အောက်က လုံခြုံရေးတာဝန်ရှိသူက ဖမ်းဆီးစစ်ဆေးပြီး ထိုသတင်းထောက်နှင့် မိန်းမပျက်တို့ကို အရေးယူဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူတို့က အလယ်ထပ်တွင် သီးတင်းသုံးနေသော ဦးပဍ္ဍင်း ဦးပညိန္ဒတို့က သွားရောက်ဆုံးမသည်ထင်၍ လာရောက်တောင်းပန် လျှောက်

www.dhammaransi.com



ထားကြသည်။ တကယ်မှာမူ ဦးပဥ္စင်း ဦးပညိန္ဒတို့က ဘာမှ မသိပါ။ သူတို့လျှောက်ထားမှ အကျိုးအကြောင်းသိကြပါသည်။

နောက် ထိုကျောင်းဆောင်တွင် သံဃတက္ကသိုလ် သံဃာတော်များကို လက်ခံရပြီးနေရာချထားစေရန် စီမံပါသည်။ ဆွမ်းကိစ္စ စီမံရန် ကပ္ပိယကျောင်းသားများ ကြိုတင်ထားပေးပါသည်။

တစ်ညတွင် ဦးပဥ္စင်း ပညိန္ဒ အခန်းတွင် လာရောက်အိပ်သော ကျောင်းသား မောင်မျိုးမြင့် (ဆရာတော်ကြီး ဦးပညာဒီပ၏တူတော်သူ) ကို ဂျပန်ဘုန်းကြီးတစ္ဆေက ဝင်ရောက်ပူးပါတော့သည်။

" ဒီမှာ သံဃာတော်တွေလည်း ရောက်လာတော့မယ်၊ တပည့်တော် ဒီကသွားလိုပါတယ်၊ တပည့်တော်ကို ကူညီပေးပါ၊ တပည့်တော် နေလို့မရတော့ပါဘူး" ဟု လျှောက်ထားလာပါသည်။

" သင် ဘယ်သူလဲ "

" တပည့်တော် မကျွတ်မလွတ်ဖြစ်နေရတဲ့ ဂျပန်ဘုန်းကြီးပါ "

" ဘယ်လို ကူညီပေးရမလဲ "

www.dhammaransi.com



" တပည့်တော် ကျွတ်လိုပါတယ်၊ တပည့်တော်ကို ကုသိုလ်ပြု၍ အမျှဝေပေးပါ "

" ကောင်းပြီလေ - နောက်နေ့ ပြုပေးပါမည်၊ စောင့်နေပါ "

ဦးပညိန္ဒ က ဤသို့ ဝန်ခံကတိပေးလိုက်ပြီး တာဝန်ယူလိုက်သည်။

နောက်နေ့မနက်တွင် မိမိဆွမ်းဒါယကာများဖြစ်ကြသော သူရသတိလမ်းနေ ဒန်အိုး စက်ပိုင်ရှင် ဦးစန်းမြင့် + ဒေါ်ခင်စော တို့ကို ဆွမ်းအကူအညီတောင်းရသည်။ စိတ္တသုခကျောင်း ဆရာတော် ဦးဇဝန၊ မာဃကျောင်း ဆရာတော် ဦးဂန္ဓ (ထိုစဉ်က ထိုဆရာတော်များသည် ကျူးကျော်ကျောင်းအဖြစ် ထိုအပရဂေါယာန ကျောင်းဆောင် မြောက်ဘက်ရေစင်ကြီးနားမှာရှိပါသည်) အမှူးပြုသော သံဃာတော်များကိုပင့်ဖိတ်ဆွမ်းကျွေးပြီး ထိုဂျပန်ဘုန်းကြီးတစ္ဆေကို ပင့်ဖိတ်ကြားကာ အမျှဝေပေးပါသည်။

ထိုညတွင် ဂျပန်ဘုန်းကြီးသည် ဦးပဥ္စင်း ပညိန္ဒကို နတ်ဝတ်တန်ဆာနှင့် အိမ်မက်ပေးပြီး ကျေးဇူးတင်စကားပြောကြားနှုတ်ဆက်သွားလေသည်။

ထိုအချိန်မှစ၍ အပရဂေါယာန ကျောင်းဆောင်

www.dhammaransi.com



အပေါ်ထပ်တွင် ည ည အချိန်၌ ဂျပန်ဘုန်းကြီးလမ်းလျှောက်မှုသည်လည်း ပျောက်သွားပါတော့သည်။

******************

## ဗိုလ်တဲပေါ်မှ တစ္ဆေမန္တင့် ကျောင်းသားလေး မောင်မြဝေ

ဖြူးမြို့တွင်ယခု (၄) လမ်းဟုခေါ်သော လမ်းကို ယခင်ကပင်စင်လမ်းဟူ၍ ခေါ်ပါသည်။ထိုလမ်းတွင် ယခုသာသနာ့ရိပ်သာ အဆောက်အဦးဖြစ်နေသော ပရဝုဏ်နေရာတွင် အလွန်ကြီးသော ဗိုလ်တဲကြီးတစ်လုံးရှိပါသည်။ ထိုဗိုလ်တဲကြီးသည် ပြည်တွင်းစစ်တွင် KNU များက ဖြူးမြို့ကို သိမ်းပိုက်ပြီးနောက် ထိုဗိုလ်တဲတွင် စခန်းချခဲ့သည်။ ထိုဗိုလ်တဲကြီးတွင် စခန်းချခဲ့သော KNU စစ်ဗိုလ်သည် အမျိုးသမီးငယ်များကို သိမ်းပိုက်ဖျက်ဆီးခဲ့သည်။ အစိုးရထိုးစစ်လာ၍ ဖြူးမြို့ကို သိမ်းပိုက်ကာနီးတစ်ညတွင် KNUတို့က ဖြူးမြို့မီးရထားလမ်း၊ ကားလမ်းအနောက်ဘက်တစ်ခြမ်းလုံးနီးပါး လုယက်သတ်ဖြတ်သွားခဲ့ရာ ပြည်တွင်းစစ်သမိုင်းတွင် "ဖြူးလူသတ်ပွဲ" ဟူ၍ သမိုင်းမှတ်တမ်းတင်ခဲ့ပါသည်။

www.dhammaransi.com



ထို ဖြူးလူသတ်ပွဲတွင် ဗိုလ်တဲရှိ KNU ဗိုလ် သိမ်းပိုက်ထားသော မိန်းကလေးအချို့သည်လည်း အသတ်ခံရသည့်ထဲတွင် ပါဝင်ခဲ့ပါသည်။

မြန်မာ့တပ်မတော်သည် ဖြူးမြို့ကို KNU များလက်မှ သိမ်းပိုက်ပြီးနောက် ပင်စင်လမ်းအနောက်ဘက်တွင် တပ်ရင်းစိုက်ကာ စခန်းချခဲ့သည်။ ထိုဗိုလ်တဲတွင် မည်သူမျှနေထိုင်မှု မပြုပါ။ ပရဝုဏ်ခြံကျယ်ကြီးတွင် ဗိုလ်တဲကြီးတစ်လုံးတည်း ထည်းထည်းကြီးရှိနေပါသည်။

မောင်မြဝေသည် ကျောက်တိုင်ရွာမှ ဖြူးမြို့ ဒက္ခိဏာရုံတိုက်သို့ စာလာသင်နေသော ကျောင်းသားလေးဖြစ်ပါသည်။ ဒက္ခိဏာရုံစာသင်တိုက်သည် ဖြူးမြို့တွင် စာသင်တိုက်တစ်တိုက်အဖြစ်ထင်ရှားပြီး ထိုစာသင်တိုက်တွင် ကျောင်းသားကိုရင် ရဟန်းများစွာ ပညာသင်ယူနေကြပါသည်။

ရဟန်းသာမဏေကျောင်းသားများသည် နံနက်ပိုင်းတွင် မြို့ထဲသို့ ဆွမ်းခံအသီးသီးထွက်ရသည်။ ကျောင်းသားများက ကျောင်းထိုင်ဆရာတော်အတွက် ဗျတ်ဆိုင်းနှင့် ဆွမ်းခံထွက်ရသည်။ ဗျတ်ဆိုင်းထမ်းကျောင်းသားနှစ်ယောက်၊ အိမ်ဆွမ်းခံဝင် ကျောင်းသားလေးတစ်ယောက် ကျောင်းသား(၃)ယောက် ဆွမ်းခံထွက်ရပါသည်။ ကျောင်းတွင် ကျောင်းသားများ၏ ကျောင်းသားများ အလှည့်ကျ ဆွမ်းခံထွက်ရပါသည်။

www.dhammaransi.com



တစ်နေ့တွင် ဘုန်းကြီးကျောင်းရောက်ခါစ မောင်မြဝေနှင့် ကျောင်းသားကြီး ကိုပေါက်စ (ယခု တပ်မတော်ရေတပ်အငြိမ်းစား)၊ ကိုတင်မောင် (ယခု တပ်မတော် အငြိမ်းစား)တို့ ဆွမ်းခံအလှည့်ကျသည်။ ကိုတင်မောင်သည် ပင်စင်လမ်းတွင်နေသူဖြစ်၍ ထိုအိမ်ကြီးအကြောင်းနှင့် ထိုအိမ်ကြီးတွင် သရဲခြောက်သည်ကို ကောင်းစွာသိထားသူဖြစ်သည်။

တောရွာကရောက်ခါစမောင်မြဝေသည်ထိုအကြောင်းကို ဘာမျှမသိပါ။ ဆွမ်းခံဆက်ထွက်လာကြရင်း ထိုပင်စင်လမ်းသို့ရောက်၍ ထိုဗိုလ်တဲရှေ့ရောက်သောအခါ ဆွမ်းဆိုင်းထမ်းကိုချကြပြီး ကိုပေါက်စက -

"ဟေ့ မောင်မြဝေ၊ အဲဒီအိမ်ကြီးပေါ်တက်ပြီး ဆွမ်းတော်ဗျို့လို့သွားအော်ကွာ၊ အဲဒီအိမ်ကလည်း တို့ကျောင်းကို ဆွမ်းလောင်းနေကျအိမ်ကွ"

ဟု ပြောသဖြင့် မောင်မြဝေသည် ကျောင်းသားကြီးကိုပေါက်စပြောသည့်အတိုင်း ခေါင်းညိတ်ပြီး ထိုဝင်းကြီးထဲဝင်သွားပြီး ဗိုလ်တဲလှေကားကြီးအတိုင်း တက်သွားခဲ့ပါသည်။

အိမ်ကြီးတစ်အိမ်လုံးမှာ တိတ်ဆိတ်နေပါသည်။ လူသံသူသံ ဘာမျှမကြားရ၍ မောင်မြဝေသည် တံခါးမကြီးကို ခေါက်ကာ "ဆွမ်းတော်ဗျို့" ဟူ၍ အော်လိုက်သည်။

www.dhammaransi.com



မကြာခင် တံခါးမကြီးပွင့်လာသည်။ မည်သူ ဖွင့်ပေးမှန်းမသိ၊ လူလည်းမတွေ့ရ၍ မောင်မြဝေ အထဲကို အကဲခတ်ကြည့်ပြီး "ဆွမ်းတော်ဗျို့" ဟု ထပ်မံအော်လိုက်ပြန်ပါသည်။

မကြာခင်အတွင်းခန်းမှ ဆံပင်လျော်ထားသည့်ပမာ ဆံပင်ဖားလျားချထားသော မိန်းမပျိုချောကလေးတစ်ယောက် ထွက်လာသည်။ မိန်းကလေးမှာ အသက် (၁၈) (၁၉)နှစ်အရွယ် အလွန်ချောမောလှပသူဖြစ်၍ မောင်မြဝေမှာ မိန်းကလေးအလှကိုငေးမော၍ပင်ကြည့်မိသည်။ မိန်းမပျိုကလေးသည် မောင်မြဝေကို အခန်းဝကနေပြီး -

"မောင်လေးရေ ဒီနေ့တော့ ကန်တော့ဆွမ်းနော်"

ဟု လှမ်းပြောလိုက်သည်။ မောင်မြဝေကလည်း "ဟုတ်ကဲ့" ဟုပြောကာ ပြန်ဆင်းလာခဲ့သည်။ လမ်းမသို့ ပြန်အရောက်တွင် ကိုပေါက်စက -

"ဟေ့ကောင် မြဝေ၊ ကြာလိုက်တာ ဆွမ်းရခဲ့ရဲ့လား"

ဟု ဆီး၍မေးသည်။

"မရဘူးဗျ၊ ကန်တော့ဆွမ်းတဲ့"

"မင်း လူတွေ့ခဲ့သလား"

www.dhammaransi.com



ကိုတင်မောင်က မေးသည်။

"အစ်မလေးတစ်ယောက်တွေ့တယ်ဗျ၊ သူက ထွက်ပြောတာ"

"ဟော့ကောင် ဟုတ်ရဲ့လား၊ ကောင်မလေးက ဘယ်အရွယ်လဲ"

ကိုပေါက်စက အံ့အားသင့်စွာမေးသလို ကိုတင်မောင်ကလည်း တအံ့တသြ မောင်မြဝေကိုကြည့်သည်။

"ဟုတ်ပါတယ်ဗျ၊ အစ်မလေးက ၁၈ နှစ်လောက်တော့ရှိမယ်၊ အတော်ချောတယ်ဗျ"

ကိုပေါက်စသည် ကိုတင်မောင်ကို မျက်ရိပ်လှမ်းပြပြီး

"အေးအေး၊ နောက်နေ့ မင်းပဲ အဲဒီအိမ်ဆက်ပြီး ဆွမ်းခံဝင်ကွာ ဟုတ်လား"

ဟု ပြောပြီး ဆွမ်းဗျက်ဆိုင်းထမ်းကာ ဆက်လက်ထွက်ခဲ့ကြသည်။ သူတို့နှစ်ယောက်က ဘာမျှဆက်မပြောတော့၍ မောင်မြဝေလည်း နောက်က ဆက်လိုက်ခဲ့လေသည်။

နောက်တစ်ပါတ် မောင်မြဝေတို့ ဆွမ်းခံအလှည့်ကျတွင် ထိုဗိုလ်တဲအိမ်ကြီးသို့ မောင်မြဝေကိုပင် ကိုပေါက်စတို့ ကိုတင်မောင်တို့က ဝင်စေသည်။ မောင်မြဝေကလည်း ဘာမှ

www.dhammaransi.com



မသိ၍ ထုံးစံအတိုင်းဝင်၍ ဆွမ်းတော်ဗျို့ဟု အော်သည်။ ပထမမိန်းကလေးဘဲထွက်လာပြီး -

"မောင်လေးရေ၊ ဒီနေ့လဲဆွမ်းမမှီဘူး၊ ကန်တော့ဆွမ်းနော်၊ နောက်လည်း မမတို့အိမ် မောင်လေးပဲ အမြဲလာဆွမ်းခံနော်၊ ဒီပြင်ကျောင်းသားတွေမလာစေနဲ့ ကြားလား"

ဟု ပြောသည်။

ထိုအကြောင်းကို မောင်မြဝေက ရိုးသားစွာပင် ကျောင်းသားကြီးနှစ်ယောက်ကို ပြောပြသည်။ ကျောင်းသားကြီးနှစ်ယောက်သည် ထိုအခါ မောင်မြဝေကိုကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့သောအမူအရာကို ပြလာကြသည်။

"ဟေ့ကောင် မြဝေ၊ မင်း မိန်းကလေးကို တကယ်တွေ့ခဲ့တာ ဟုတ်ရဲ့လား၊ လိမ်နေတာလား"

ဟု အတင်းမေးလာကြသည်။

"ဟောဗျာ၊ ကိုပေါက်စကလည်း တကယ်တွေ့တာပါဗျာ၊ ပြီးခဲ့တဲ့အပတ်ကလည်း တွေ့တာပဲဟာ၊ မယုံရင် ခင်ဗျားတို့လိုက်ကြည့်ပါလားဗျ"

"ဟေ့ကောင် မင်းတော့ဒုက္ခပဲ၊ အဲဒါ ဗိုလ်တဲကြီးကွ၊ လူမရှိဘူး၊ သရဲခြောက်လို့ ဘယ်သူမှ ဒီဝိုင်းဒီအိမ်ထဲမသွားရဲ

www.dhammaransi.com



ဘူး၊ မင်းကို ဒို့ကနောက်ပြီးလွှတ်တာ၊ အခုတော့ မင်းက တကယ့်သရဲမကိုတွေ့လာပြီး သရဲမက မင်းဖမ်းစားဖို့ ဖြားယောင်းနေတာကွ၊ နောက် မသွားတော့နဲ့."

ဟု ပြောကြပါသည်။ ထိုအခါကျမှ မောင်မြဝေသည် ထိုအိမ်ကြီးအကြောင်းကိုသိပြီး ကြက်သီးမွေးညင်းထ ကြောက်လာမိသည်။

ကျောင်းသားကြီးနှစ်ယောက်က ထိုအကြောင်းကို အထူးသဖြင့် မောင်မြဝေကို ထိုအိမ်ပေါ်သို့စေလွှတ်သည်ကို မည်သူမျှမပြောဖို့၊ ဆရာတော်ကိုမလျှောက်ဖို့ နှုတ်ပိတ်ကြသည်။

မောင်မြဝေကလည်း ထိုကိစ္စနှင့်ပတ်သက်၍ ကလေးပီပီ အထူးကြောက်လန့်မှုမရှိ၍ မေ့မေ့ပျောက်ပျောက်ပင်နေခဲ့သည်။

ထိုနှစ် သီတင်းကျွတ်ကျောင်းပိတ်၍ မောင်မြဝေသည် ရွာသို့ပြန်ခဲ့သည်။ မောင်မြဝေ ရွာရောက်၍ နောက်နေ့ညနေ နေဝင်ရီတရောအချိန်တွင် နွားများကို လယ်ယာမှသိမ်းပြီး နွားခြံတွင်းသို့သွင်းသည်၊ ပြီးလျှင် အိမ်ပေါ် ထမင်းစားရန် တက်လာသည်။

ထိုခဏမှာပင် မောင်မြဝေကို သရဲက ဝင်ပူးကပ်တော့

www.dhammaransi.com



သည်။ တစ်အိမ်လုံး ဝရုန်းသုန်းကားဖြစ်ကုန်ကြသည်။ မောင်မြဝေအဖေက လောကုတ္တရာစာပေတတ်ပြီး အတွေ့အကြုံရှိ၍ အေးအေးဆေးဆေးပင် စုံစမ်းမေးမြန်းသည်။

ပူးသောသရဲသည် ဗိုလ်တဲမှသရဲမဖြစ်နေသည်။ သူမကို အလှူပေး၍ အမျှပေးဝေမည့်သူမရှိ၍ မကျွတ်မလွတ်ဖြစ်ကာ ဗိုလ်တဲမှာနေနေရသည်။ အခြားသူများ၏ နှိပ်စက်မှုကိုလည်း ခံနေရသည်။ မောင်မြဝေလေးက သူ့ကို ကူညီနိုင်မည်ထင်၍ အကူအညီတောင်းရန် ရုပ်ဟန်ဆောင်ပြီးတွေ့ပုံ အကြောင်းစုံကို ငိုယိုလျက်ပြောပြသည်။

မောင်မြဝေအဖေ ဦးဘချစ်က အကြောင်းစုံမေးပြီး သားလေးကို ဒုက္ခမပေးဖို့နှင့် သင်လိုတာကို ပြုလုပ်ပေးမည်ဟု ဝန်ခံကတိပေးလိုက်သည်။ ထိုအခါကျမှ သရဲမသည် ထွက်သွားပါသည်။

ထိုအခါကျမှ ဦးဘချစ်သည် သား မောင်မြဝေ၏ ဗိုလ်တဲကသရဲမ အဖြစ်အပျက် အလုံးစုံကို မေးရသည်။ မောင်မြဝေကလည်း အကြောင်းစုံကိုပြောပြသည်။ ဦးဘချစ်သည် အားချင်းပင် ဖြူးမြို့သို့လိုက်သွားပြီး ဒက္ခိဏာရုံကျောင်းရှိ သံဃာများကို မုန့်ဟင်းခါးဆွမ်းကပ်ရန်စီမံသည်။ မုန့်ဆွမ်းကပ်သောနေ့တွင် ထိုဗိုလ်တဲရှိ သရဲမိန်းကလေးကို သားအဖနှစ်ယောက် သွားရောက်ဖိတ်ကြားသည်။

www.dhammaransi.com



နောက်နေ့ အရဏ်ဆွမ်းကပ်ပြီး ထိုသရဲမကိုရည်စူး၍ အမျှပေးဝေခဲ့ပါသည်။

ထိုမှ ထိုဗိုလ်တဲကြီးတွင် သရဲခြောက်မှုကင်းပျောက်သွားခဲ့ပါသည်။ ၁၉၅၅ ခုနှစ်လောက်တွင် ထိုဗိုလ်တဲကြီးကို ဖျက်၍ သာသနာ့ရိပ်သာအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဝေဘူဆရာတော်ကိုယ်တိုင် ကြွရောက် တရားဟောပြောပြီး မြို့တွင်းသို့ ဆွမ်းခံဝင်ကြွပေးခဲ့ပါသည်။

သာသနာ့ရိပ်သာ စဖွင့်ကတည်းက မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များသည် ကုသိုလ်အဘို့ဘာဂ အမျှပေးဝေခဲ့၍ ကျွတ်လွတ်သွားခဲ့သည်ဟု ဆိုကြပါသည်။

ထိုပရဝုဏ်ကြီးသည် ပင်စင်လမ်းတွင် သာသနာ့ရိပ်သာအဖြစ် စတင်ပေါ်ခဲ့၍ ယနေ့အထိပင် ဖြူးမြို့၌ ထင်ရှားသော ဝိပဿနာရိပ်သာအဖြစ် တည်ရှိနေပါတော့သည်။

******************

www.dhammaransi.com

# အခန်း (၃)

## ပြဿနာတစ္ဆေသရဲ့ဘဝ ဆေးကောင်းစေရန်နည်း

## လမ်းမှန်အခြေခံဒါနသီလပြုကြပါ

လောဘ၊ ဒေါသ၊ မောဟ တရားတို့သည် သတ္တဝါတို့အား မြင့်ရာမှနိမ့်ရာသို့ ကောင်းရာမှဆိုးရာသို့ ဆွဲချတတ်သော တရားများဖြစ်သည်ကို သိကြပြီးလျှင် ထိုလောဘ၊ ဒေါသ၊ မောဟ၏ ဆန့်ကျင်ဘက် အလောဘ၊ အဒေါသ၊ အမောဟဖြစ်ရန် ကြိုးစားကြရန်လိုပါသည်။

လောဘသည် လိုချင်မှု၊ ကပ်ငြိမှု၊ စွဲလမ်းမှု၊ နှစ်သက်မှု စသည်တို့ဖြစ်လျှင် အလောဘစေတသိက်သည် စွန့်ချင်မှု၊ ပေးချင်မှု၊ အာရုံတစ်ခု ကို မလိုချင်မှု၊ မကပ်ငြိမှု၊ မစွဲလမ်းမှု၊ မနှစ်သက်မှု စသည် တို့ဖြစ်သည်။ ဒေါသစေတသိက်သည် ကြမ်းတမ်းမှု၊ ရိုင်းစိုင်းမှု၊ ငြူစူမှုများ စသည်တို့ဖြစ်လျှင် အဒေါသ

www.dhammaransi.com



ဓါတ်သည် နူးညံ့မှု၊ သိမ်မွေ့မှု၊ ဧမြကြည်လင်မှု၊ ကြင်နာမှု စသည်တို့ဖြစ်သည်။

မောဟဓါတ်သည် တွေဝေမှု၊ မိန်းမောမှု၊ မသိမမြင်၊ မထင်မလင်းမှု စသည်တို့ဖြစ်လျှင် အမောဟဓါတ်သည် သိမှု၊ မြင်မှု၊ ထိုးထွင်းမှု၊ ပေါက်ရောက်မှု၊ လိမ္မာမှု၊ ကျွမ်းကျင်မှု စသည်တို့ဖြစ်ပါသည်။

ယင်း လောဘ၊ ဒေါသ၊ မောဟ တို့ကို အလောဘ၊ အဒေါသ၊ အမောဟအဖြစ်သို့ရောက်အောင် သဘောချင်းတူသော ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်အားထုတ်ကြရပါမည်။

ဒါနသည် မျိုးစေ့နှင့်တူသည်

သီလသည် လယ်မြေနှင့်တူသည်

ဘာဝနာသည် မိုးနှင့်တူသည်

ဒါနရှိ၍ သီလ၊ ဘာဝနာကင်းက မျိုးစေ့သာရှိ၍ စိုက်ပျိုးရန် မြေမရှိ၊ မိုးရေမရှိသည်နှင့်တူပါသည်။

သီလရှိ၍ ဒါန ဘာဝနာမရှိကလည်း လယ်မြေသာရှိ၍ မျိုးစေ့နှင့်ရေမရှိသည်နှင့်တူပါသည်။ ဘာဝနာသာရှိ၍ ဒါန၊ သီလ မရှိကလည်း မိုးရေသာရှိ၍ မျိုးစေ့၊ လယ်မြေမရှိသည်နှင့်တူပါသည်။

www.dhammaransi.com



သို့အတွက် မျိုးစေ့၊ လယ်ယာ၊ မိုး သုံးမျိုးစလုံး ပြည့်စုံညီညွတ်ပါမှ အလိုရှိအပ်သော အသီးအပွင့်များကို ရနိုင်သည့်နည်းတူ ဒါန၊ သီလ၊ ဘာဝနာတို့၌ သုံးပါးစလုံး ညီညွတ်မှ သံသရာခရီးတစ်လျှောက် ကောင်းပါမည်၊ ချမ်းသာပါမည်။

## ကုသိုလ်ပြုတိုင်း ပုညကြိယာ(၁၀)ပါးဖြစ်ပါစေ

ဒါနမှု ကုသိုလ်ကံ(၃)မျိုး၊ သီလမှုကုသိုလ်ကံသုံးမျိုး ဘာဝနာမှု ကုသိုလ်ကံ(၄)မျိုးဟူ၍ ကုသိုလ်(၁၀)မျိုးရှိပါသည်။ ယင်းကို ကုသိုလ်ဖြစ်ရာ (ပုညကြိယာ) ၁၀-ပါးဟု ခေါ်ပါသည်။

ယင်းတို့ကို အသေးစိတ်ခွဲခြားပြရလျှင် အောက်ပါအတိုင်းတွေ့ရပါမည် -

**ဒါန** ၁။ အလှူပေးခြင်း (ဒါန)

၂။ ကုသိုလ်အဖို့တို့ကို အမျှပေးဝေခြင်း (ပတ္တိဒါန)

၃။ ကုသိုလ်အဖို့ကို သာဓုခေါ်ခြင်း (ပတ္တာနုမောဒန)

**သီလ** ၁။ သီလဆောက်တည်ခြင်း (သီလ)

၂။ အရိုအသေပြုခြင်း (အပစာယန)

၃။ အမှုကြီးငယ်ပြုခြင်း(ဝေယျာဝစ္စ)

www.dhammaransi.com



**ဘာဝနာ** ၁။ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းခြင်း(ဘာဝနာ)
၂။ တရားနာခြင်း (ဓမ္မဿဝန)
၃။ တရားဟောခြင်း (ဓမ္မဒေသနာ)
၄။ အယူဖြောင့်မတ်စွာယူခြင်း (ဒိဋ္ဌိဇုကမ္မ)

ဒါန၊ သီလ၊ ဘာဝနာ တရားများကို အားထုတ်လေ့လာဆည်းပူးသောအခါ ကုသိုလ်တရား(၁၀)ပါးလုံး ပါဝင်ရန် တစ်ပါးစီ တစ်ပါးစီ၏ အစီးအပွား အကျိုးတရား ပါဝင်သည်ကို တွေ့ရပါမည်။

**ဥပမာ** အလှူပေးဆဲ၌ -

- အလှူသည် (ဒါနကုသိုလ်)
- အလှူ၌ သီလဆောက်တည်ခြင်းသည် (သီလကုသိုလ်)
- သမထဝိပဿနာပွားများခြင်းသည် (ဘာဝနာကုသိုလ်)
- အလှူခံပုဂ္ဂိုလ်ကိုရိုသေရှိခိုးခြင်းသည် (အပစာယနကုသိုလ်)
- အလှူခံပုဂ္ဂိုလ်တို့၏ အမှုကြီးငယ်ဆောင်ရွက်ပေးခြင်းသည် (ဝေယျာဝစ္စကုသိုလ်)
- ကုသိုလ်အဖို့ကို အမျှပေးဝေခြင်းသည် (ပတ္တိဒါနကုသိုလ်)
- ကုသိုလ်အဖို့ကို ဝမ်းမြောက်ခြင်းသည်

www.dhammaransi.com



(ပတ္တာနုမောဒန ကုသိုလ်)

- အလှူခံပုဂ္ဂိုလ်က ကောင်းသော တရားကို နာရခြင်းသည် (ဓမ္မသာဝနကုသိုလ်)
- ဤရွေ့ ဤမျှ လှူပါသည်ဟု ဟောပြောခြင်းသည် (ဓမ္မဒေသနာကုသိုလ်)
- စေတနာ(ကံ) ကိုလည်းကောင်း၊ စေတနာ(ကံ)၏ အကျိုးကိုလည်းကောင်း၊ ယုံကြည်ခြင်းသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ

စေတနာ(ကံ) ကိုသိသောဉာဏ်၊ စေတနာ(ကံ) ဖြစ်ကြောင်းကိုသိသောဉာဏ်၊ စေတနာ(ကံ)ဖြစ်ခြင်း၊ ပျက်ခြင်းစသည်ကိုသိသောဉာဏ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ

ဤသမ္မာဒိဋ္ဌိ(၂)ပါးကို ဖြောင့်မတ်စွာယူခြင်းသည် ဒိဋ္ဌိဇုကမ္မကုသိုလ် ဤသို့လျှင် အလှူတစ်ကြိမ်ပြုလုပ်ရာ၌ ပုညကြိယာ ဆယ်ပါးပြည့်စုံအောင် ပေးလှူရပါမည်။

## အလှူပြုရာ ပါရမီမြောက်ပါစေ

အလှူပေးဆဲဝယ် နိဗ္ဗာန်ကို တောင့်တ၍ ပြုပြုသမျှသော ကုသိုလ်ကို ပါရမီဟူ၍ မှတ်ရပါမည် ။

www.dhammaransi.com



- နိဗ္ဗာန်ကို တောင်းတ၍ ပေးလှူခြင်းသည် (ဒါနပါရမီ)
- လှူဆဲသီလကို ဆောက်တည်ခြင်းသည် (သီလပါရမီ)
- လောဘမှ လွတ်မြောက်ခြင်းသည် (နိက္ခမပါရမီ)
- အလှူ၏ ကံ ကံ၏အကျိုးကို သိသောဉာဏ်သည် (ပညာပါရမီ)
- အမှုကို အားထုတ်ခြင်းသည် (ဝီရိယပါရမီ)
- အမှုပြုရာ၌ အားထုတ်ရာ၌ ပင်ပန်းခြင်းကို သီးခံနိုင်ခြင်းသည် (ခန္တီပါရမီ)
- လှူမည်ဟု မှန်ကန်စွာ ဆိုခြင်း၊ လုပ်ခြင်းသည် (သစ္စာပါရမီ)
- ဤအလှူကို အောင်မြင်စွာလုပ်မည်ဟု စိတ်ဆုံးဖြတ်ဆောင်ရွက်ခြင်းသည် (အဓိဋ္ဌာန်ပါရမီ)
- အလှူပေး၍ သူတစ်ပါးချမ်းသာအောင် ကာယကံ၊ ဝစီကံ၊ မနောကံ မေတ္တာပြုခြင်းသည် (မေတ္တာပါရမီ)

ဤသို့လျှင် အလှူပေးလျှင် ပါရမီ (၁၀)ပါးပြည့်စုံအောင် ပေးလှူရပါသည်။

## သူတော်ကောင်းတို့ နှစ်သက်အောင်လှူပါ

လူချမ်းသာ၊ နတ်ချမ်းသာ၊ ဘဝမျိုးကို တောင်းတ၍ လှူသောဒါနသည် ဇာတိ၊ ဇရာ၊ မရဏ၊ ဒုက္ခ မကင်းသေး၍

www.dhammaransi.com



ဝဋ္ဋနိဿိတဒါန မည်ပါသည်၊ ထိုလူကို သူတော်ကောင်းတို့ မနှစ်သက်ပါချေ။

လူချမ်းသာ၊ နတ်ချမ်းသာကို မတောင်းတဘဲ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်နိုင်ရာ နိဗ္ဗာန်ကို ရှေ့ရှုလှူသောအလှူသည် ဝိဝဋ္ဋနိဿိတဒါန မည်ပါသည်။

## အလှူ၏ပဓာန

အလှူဒါနပေးလှူရာဝယ်၊ မဏ္ဍာပ်ထိုးပြီး တင်းဝင်အိုးကြီးနှင့် ထမင်းရေစီးချောင်းပေါက်မှ အလှူအကျိုးရသည် မဟုတ်ပါ၊ ထောင်ကုန်သော်လည်း၊ သိန်းကုန်မှ အလှူကြီး ပေးမှ အလှူအကျိုးရသည်မဟုတ်ပါ။

သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ရေတစ်ခွက်၊ ဆန်တစ်ဆုပ် လှူကာမျှ၊ ဥပုသ်နေ့ဝယ် စိတ်ဖြူဖြူဖြင့် စောင့်ကာမျှနှင့် အတိုင်းမသိသော စည်းစိမ်ချမ်းသာများရကြောင်း ဝိမာနဝတ္ထုတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

လှူဖွယ်ဝတ္ထုများ နည်းသည်၊ များသည်၊ ကြီးသည် ငယ်သည်မှာ ပဓာနမဟုတ်ပါ၊ သဒ္ဒါ၊ စေတနာတရားသည်သာလျှင် ပဓာနဖြစ်ပါသည်။ စေတနာကောင်းက ညောင်စေ့လောက်လှူသော်လည်း ညောင်ပင်ကြီးလောက် ကုသိုလ်

www.dhammaransi.com



ရပါသည်။ စေတနာမပါက ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးရသည်ကို သဘောပေါက်စေလိုပါသည်။

## ဘယ်နေ့သေမည်ကို မည်သူသိပါသလဲ

“ ဤရပ် ဤရွာ ဤခန်းဝါ၌ ဣရိယာပထ၊ ဤကိစ္စဖြင့်၊ နှစ်လရက်နေ့၊ ဤရွေ့ဝယ်သာ၊ သေကိန်းလာ၏၊ ဤခါမရောက်၊ သက်မပျောက်ဟု၊ မသောက်မလွဲ၊ မြဲသားအယူ၊ ပိုင်းခြားမှု၍၊ ဘယ်သူသိချေအံ့နည်း ” (ကိုးခန်းပျို့)

ငှက်တို့သည် ပျံရင်းသေကြ၏
လူတို့သည် ကြံရင်းသေကြ၏

လောကလူသားတို့သည် မိမိတို့၏လိုလားသော ဆန္ဒများ ပြည့်ဝဖို့ နေ့စဉ် ကြိုးစားဆောင်ရွက်နေကြသည်။ ကြံစည်စိတ်ကူးပြီး အလုပ်လုပ်နေကြသည်။

ဆင်းရဲသူကလည်း ချမ်းသာအောင် ကြံစည်စိတ်ကူးလုပ်နေသည်။

ရာထူးဂုဏ်ငယ်သူကလည်း၊ ရာထူးဂုဏ်ကြီးအောင် ကြံစည်စိတ်ကူးလုပ်နေသည်။

www.dhammaransi.com



ရပြန်သော်လည်း ရတာနှင့် မကျေနပ်ကြ၊ နောက်တစ်ခု ထပ်လိုချင်ကြပြန်သည်။

ဤသို့ဖြင့် လောကလူသားများသည် ဆန္ဒပြည့်ဖို့နှင့် တင်းတိမ်ဖို့ဟူသော အလိုဆန္ဒ ပြည့်ဝမည့်အချိန်ကို စောင့်ကြရင်း မျှော်ကြရင်း ကြံစည်လုပ်ကိုင်နေကြသည်။

သို့သော် သေမင်းက အချိန်ရယ် မစောင့်ဆိုင်းပါ။ သေဘို့အချိန်အခါက အကန့်အသတ်မရှိပါ။ အသက်ကို နှုတ်ယူမည့် ရှင်သေမင်းကို လာဘ်ထိုး၍မရ၊ တံစိုးပေးလို့မရ၊ လက်နက်ဖြင့် ခုခံသော်လည်း သူမကြောက်၊ သေမင်းကို နိုင်လောက်သောသူ ဤလောကတွင် မရှိပါ။

သူဌေးသော၊ ဆင်းရဲသော၊ အရာရှိသော၊ အရာမရှိသော၊ အုပ်စိုးသူရော၊ မအုပ်စိုးသူရော မည်သူ့ကိုမျှ ချမ်းသာမပေးပါ။ အသက်နှုတ်ဖို့ အချိန်တန်လျှင် ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့ပင် မချန်၊ သနားစိတ်ဆိုး၍ ရွေးမှုမရှိ မျက်စိတမှိတ် လျှပ်တပြက်အတွင်း သားနှင့်မိခင် လင်နှင့်မယား ချစ်ခြင်းဟူသမျှတို့ ^ ခွဲခြား၍ နှလုံးသား ကြေကွဲကာ အလူးအလဲ ဖြစ်အောင် ပြုစွမ်းနိုင်သော သတ္တိထူးသည် သေမင်းတွင်ရှိနေပါသည်။

ထိုသေခြင်းနှင့် ပတ်သက်၍ ပုထုဇဉ်သတ္တဝါတို့

www.dhammaransi.com



မသိနိုင်သော အရာငါးမျိုးရှိသည်ဟု ဘုရားရှင်က ဟောကြား ခဲ့ပါသည်။

၁။ မည်သည့်အသက်အရွယ်တွင် သေမည်ဟု အသက် အပိုင်းအခြားကို မသိခြင်း။

၂။ မည်သည့် ရောဂါဖြင့် သေမည်ကို မသိခြင်း။

၃။ မည်သည့်အချိန်သေမည်ကို မသိခြင်း။

၄။ မည်သည့်နေရာ၌ သေမည်ကိုမသိခြင်း။

၅။ သေပြီးဘယ်သွားရမည်ကို မသိခြင်း။

## ဘယ်သူမပြု မိမိမှုကိုသတိရပေါ

လောကတွင် ထမင်းဝနေသောသူသည် ဆာလောင် မှုဝေဒနာဒုက္ခကို မေ့နေတတ်သည်။ ကျန်းမာနေသောသူ သည် ရောဂါဝေဒနာကို မေ့တတ်သည်၊ လောကစည်းစိမ် ဥစ္စာနှင့် ပြည့်စုံနေသောသူသည်လည်းကောင်း၊ အာဏာ ရာထူးရနေသော သူသည်လည်းကောင်း၊ သံဝေဂကို မေ့နေ တတ်ကြသည်။

လူတို့သည် ဆာလောင်မှု ရောဂါဝေဒနာခံစားရမှု

www.dhammaransi.com



စည်းစိမ်ဥစ္စာ အာဏာရာထူးကျမှ သံဝေဂရတတ်သည်။

- လူတို့သည် မအိုမီက အိုကြည့်ရမည်
- မနာမီက နာကြည့်ရမည်
- မသေမီက သေကြည့်ရမည်

ထိုအခါကျမှ သံဝေဂတရား ရကြမည်၊ အိုမှ နာမှ သတိတရားရကြလျှင် နောက်ကျကြပြီး သေမင်းလက်ရောက်မှ သတိရ၍ကား နောက်ကျလေပြီ။

- အပန်းတကြီးရှာဖွေထားသော ပစ္စည်းတွေကို သူများယူတော့မည်
- အစွဲကြီးစွဲ၊ အချစ်ကြီးချစ်ကြသော သားသမီး၊ သားမယားဆွေမျိုးတို့က ခြောက်ပေခေါင်းဖြင့် အိမ်ပေါ်မှ ဆွဲချတော့မည်

ဘဝခရီး မလွန်ခင် သတိဝင်၍ ဒါန၊ သီလ၊ ဘာဝနာ ဥစ္စာထုပ်ကို ထုပ်ယူနိုင်ကြဖို့ လိုပါသည်။

အလှအပကို မက်မောမှု သာယာနာပျော်ဘွယ် အသံသာယာမျိုးကြားလိုမှု လျှာအရသာခံစားလိုမှု၊ အမွှေးအကြိုင် အနံ့ခံချင်လိုမှု၊ နူးညံ့ချောမွေ့ အတွေ့ကောင်းသည်ကိုမှ

www.dhammaransi.com



ထိတွေ့လိုမှု၊ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုးပြောင်း၍ လိုချင်မှု၊ သာယာစွဲလမ်းမှု၊ ကပ်ငြိမှုတို့သည် မိမိတို့၏ ဘဝကို တဆွေ့ သရဲဘဝသို့ ပို့ဆောင်ပေးနေသည်ကို သတိပြုရပါမည်။

"ငါသေလျှင် ငါ့အတွက် သပိတ်မသွတ်ကြနဲ့" ဟု မှာရဲကြရဲ့လား။ ဟူသော အမေးစကားကို မိုးကုတ်ဆရာတော်ဘုရားကြီးက မေးခဲ့သည်၊ ထိုအမေးကို ဖြေနိုင်သူ ဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့ လိုအပ်ပါသည်။

"ဒါန သီလ ဘာဝနာ နင်သာပြုသင့်သည်

ဇာတိဇရာ မရဏာ မကြာနင်တွေ့မည်

နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့ဘောင်၊ ရောက်အောင်ပြုသင့်ပြီ

မပြုပါဘဲ၊ နင်ရှောင်လွှဲ၊ နင်ဘဲ မိုက်လှသည်"

**(ထွင့်ခေါင်ဆရာတော်)**

အထက်ပါ ထွင့်ခေါင်ဆရာတော်၏ ဆုံးမစာကို အစဉ်သတိပြုရပါမည်။ မိုးလွန်မှထွန်ချ၊ ဆင်းရဲဒုက္ခနှင့် ပက်ပင်းတွေ့ပါမှ နောင်တရသဖြင့် -

www.dhammaransi.com



"ကျွန်တော့်အတွက် အမျှဝေပေးကြပါ" ဟု တောင်းပန်တိုးလျှိုး ရှိခိုးမတတ်ပြောသော်လည်း သူတစ်ပါးသနားမှ ကြင်နာမှ ဒါနကိုပြုလုပ်ပေး၍ အမျှဝေပေးလိမ့်မည်။

သားရယ်၊ သမီးရယ်၊ ဆွေရယ်၊ မျိုးရယ်ဟုဆိုသော်လည်း အားမထားရပါ၊ အလှူဒါနပြုချင်မှ ပြုမည်၊ ပြုပြန်သော်လည်း ရည်မှန်း၍ အမျှပေးဝေချင်မှ ပေးဝေမည်၊ ဝေပါသော်လည်း ရနိုင်သော ဘဝမျိုး၊ အဖြစ်မျိုးနှင့် ကြုံကြိုက်ချင်မှ ကြုံကြိုက်မည်။

သူတို့မှာက မယောင်းသာလှ၊ ကိုယ်မှာကား အမျှ မရ မချင်း ဒုက္ခဆိုးတွေ ဝိုင်းရံခံနေရပြီး အစားအသောက် မဝ မလင်နှင့် ဒုက္ခပင်လယ်ထဲ နစ်မွန်းနေရမည်။

ကိုယ့်ကိုယ်ကိုပင် ပြန်မကြည့်ရဲသော သရဲ တစ္ဆေဘဝမျိုးရောက်ရ ဖြစ်ရသည်မှာလည်း မည်သူ့ ပယောဂမှ မပါ၊ လူ့ဘဝရစဉ်အခါက လက်တစ်ကမ်းကွာမှာရှိနေသော ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကောင်းမှုကုသိုလ်မျိုးကို စိုက်ပျိုးရန် မေ့လျော့ပြီး ခပ်ပေါ့ပေါ့နေ ခပ်ပေါ့ပေါ့စားသည့်ပြင် ရသမျှ အချိန်ကို ပျော်မှု ပါးမှုနှင့် ကုန်စေပြီး ဒုစရိုက်မှုပွားအောင် များများကြီးအားထုတ်၊ တွင်တွင်ကြီးလုပ်ခဲ့ကြ၍ အချိန်တန် ရောက်သောအခါ ထိုအကုသိုလ်တို့က သူ့နေရာနှင့်သူ စီမံ

www.dhammaransi.com



ပြုလုပ်တော့သည်သာ၊ မိမိကိုယ်ကို မိမိ မသနား၊ မိမိ အမှု မိမိခံပြုသော တရားဖြစ်ပါသည်။

- နင်နှင့် နင့်ကံ စီရင်ဖန် အမှန်ဖြစ်တော့မည်။
- နင့်ကိုယ်နင်နှစ်၊ နင့်အပြစ် နင်ဖြစ်ခံရမည်။
- နင့်ကိုယ်နင်အား၊ နင်မသနား၊ နင်မှားရှာတော့မည်။
- နင်ဖြင့်နင်ကိုယ်ဆုံးမဆို နင့်ကိုအမှုသည်။
- နင်မဆုံးမ၊ နင့်တာပ၊ ဘယ်ကခံလိမ့်မည်။

(ထွင့်ခေါင်ဆရာတော်)

## အမိုက် နင့်ပြင်ရှိသေးလိမ့်သား

"ငါးအာရုံဘင်အစု ခင်မှုနှင့်နေကုန်
နင်ယာခု မေ့ပုံကို တွေ့မကြုံစခန်း။
ပါယ်လေးဝ သောကဘုံမှာ ပျော်ရရုံရှိတော့မခန်း
အောက်အဝီစိသောင်အင့ူမှာ၊ ခေါင်းမပြူစတမ်း
နှစ်အရည်နစ်မည့်လမ်းကိုလ၊ နင်မြော်စမ်းနင့်ကိုယ်
သာသနာထင်အလင်းမှာလ၊ နင်အဖျင်းပိုထက်သာပို့သည့်

www.dhammaransi.com

### ၁၈၆ * တက္ကသိုလ်သျှင်သီရိ ( ဓမ္မာစရိယ၊ ဘီအေ )

လောဘစရိုက်အိုကို၊ မလိုက်ဘို့ ရှောင်ပစ်လို့ နောင်အသစ်
တကယ်မြင်လျှင်၊ ကောင်းဘို့အစဉ်
ခွင့်သာခိုက်ကာမှ မလိုက်ချင်လျှင်
အမိုက်နင့်ပြင်ရှိသေးလေလိမ့်လား၊
ခွင့်သာဆဲကမှ မခဲချင်လျှင်
အလွဲနင့်ပြင်၊ ရှိသေးလေလိမ့်လား
ခွင့်သာတုန်းမှ မရုန်းချင်လျှင်
အရှုံးနင့်ပြင် ရှိသေးလိမ့်လား

**(လယ်တီဆရာတော်က တပည့်မောင်သြဇာကို ဆုံးမသော သံဝေဂတေးထပ်)**

လောကတွင် အကျဉ်းထောင်၌ သံလက်ထိပ်၊ သံခြေကျင်းနှင့် အကျဉ်းခံနေကြရသောသူများကို မြင်ကြရသော အခါ လောကငရဲသားများဟု ခေါ်ကြပါသည်။ ထိုအကျဉ်းသားတို့သည် -

- ဖျဉ်ကြမ်း၊ နံငယ်ဖြူကို အရှက်လုံရုံဝတ်ဆင်ကြရသည်။
- ဆန်ကြမ်းထမင်း၊ ဟင်းရွက်ရေလုံပြုတ်ကို အသက်မသေရုံ စားရသည်။

www.dhammaransi.com



နေပူပူ၊ မိုးရွာရွာ ချမ်းချမ်းအေးအေး အမိန့်အတိုင်း လုပ်ကြရ၏။

ကိုယ့်မစင်ကိုယ်ကျုံး အော့နှလုံးနာဘွယ် အလုပ်က တစ်မျိုး။

လှည်းတံပိုးတွင် ပုခုံးတင်ကာ ကျွဲနွားအသွင် ရုန်းပြီး တကုန်းကုန်းလုပ်ရသည်ကတသွယ်။

ကျောက်ထု၊ မြေထု၊ သေမလောက်လုပ်ရသည်က တစ်မျိုး။

မောင်းထောင်းသစ်ပင်ခုတ်၊ မြတ်နှုတ်ပေါင်းသင်၊ ထောင်တွင်း ထောင်ပြင်ရှိသမျှ လုပ်ခင်းကို မသေမချင်း မလွတ်မချင်း ငုတ်တုတ်စင်း၍ မငြင်းတမ်းလုပ်ရသည်ကတစ်ဖုံ။

အိပ်ရာဝင်မှာ ဆင်းရဲ၊ ခြေကျင်းသံ၊ ချွင်ကနဲ ကြားလျှင် မအေနှမ ပြုပြုစင်အောင် ဆဲဆိုကြိမ်းမောင်းခံရသည်က တစ်ကြောင်း။

အဆီအနှစ်ကင်းသော အစားအစာကြောင့် သွေးနည်း အားနည်းနေရသည့်အထဲတွင် မရှိမဲ့ ရှိမဲ့အဆီ အသားကို ကြမ်းပိုးများက ညညပျော်ပွဲစား၍ အရေအသား ကုန်ခမ်း ညှိုးနွမ်း ပျော့ခွေ၊ မလှုပ်မရှားချင်နေ၍ တစ်ရက်တစ်လေ

www.dhammaransi.com



မျှ နားချင်ပေသိ၊ နားနိုင်ခွင့်မရှိ ။

- အင်မတိ အင်မတန် မချိတင်ကဲ ခံရပုံမြင်မှ ဆေးရုံတက်သို့မဟုတ်လျှင် အလုပ်လုပ်ဖို့ နံပါတ်တုတ်နှင့် ရွယ်လို့ရွယ်၊ ထိုးလို့ထိုး အမျိုးမျိုး ညှင်းဆဲသည်က တစ်မျိုး။
- ဆွေကွဲမျိုးကွဲ စားချင်တာမစားရ၊ နေချင်တာ မနေရ ငတ်မွတ်ခေါင်းပါး ဆင်းရဲစွာ ခံနေကြရသည်။

ဤသို့ ခံစားဖြစ်နေရသည်မှာ ဘယ်သူမပြုမိမိမှု ဆိုသည့်အတိုင်း မည်သူ၏ပယောဂမှ မပါပါ၊ မိမိကိုယ်တိုင်ပြုမိခဲ့သော ဒုစရိုက်မှုစသည်တို့ကြောင့် ကျူးလွန်မိသောအပြစ်အလျောက် ခံနေကြရခြင်းဖြစ်ပါသည်။

ဤမျှ ခံရခြင်းသည်ပင် ကြောက်ရွံ့ထိတ်လန့်စရာကောင်း၍ လောကလူသားတို့သည် ထောင်နှင့်ဝေးအောင်ရှောင်ကြသည်။

ဤလောကထောင်မှ အကျဉ်းခံရခြင်းသည် တစ္ဆေသရဲ ပြိတ္တာတို့ ဘဝအကျဉ်း ဒုက္ခခံရခြင်းနှင့် စာနာနှိုင်းဆကြည့်သော် ပြောပလောက်အောင် ဆင်းရဲမဟုတ်ပါချေ။

ထောင်ထဲရောက်မှ ကျွန်ုပ်မှားပါပြီဟု ပြော၍မရသလို၊ ပြိတ္တာဘုံရောက်မှ နောင်တရနေပြီး ကုသိုလ်သီလ ပြု၍မရတော့ပါ။

သို့အတွက် သတ္တဝါတို့အား ဆင်းရဲဒုက္ခအမျိုးမျိုးကို

www.dhammaransi.com



ပေးစွမ်းနိုင်သည့် လောဘ၊ ဒေါသ၊ မောဟ အမျိုးရှိသော အကုသိုလ်တရားတို့ကို ကြောက်ကြပါ၊ ရှောင်ကြပါ။

သာသနာအခွင့်ကောင်း ကြုံနေသော ဤ ခါချိန် ကာလဝယ် သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း၊ ဒိပ်ရင်း ထိုင်ရင်း ရပ်ရင်းနှင့်ပင် မပင်မပန်း လွယ်လွယ်နှင့် ပြုစွမ်းနိုင်သော သုဂတိဘုံဘဝမှသည် နိဗ္ဗာန်ရောက်သည်အထိ ပို့ဆောင်စွမ်းနိုင်သော ဒါန၊ သီလ၊ ဘာဝနာစသော ပုညကြိယာတို့ကို မအိုမီ၊ မနာမီ၊ မသေမီ ကျန်းကျန်းမာမာရှိစဉ် ကြိုးစား၍ ပြုလုပ်အားထုတ်ပါ။

စောပါသေးတယ်၊ ငယ်ပါသေးတယ်၊ သားကလေး ကျောင်းနေတုန်းမို့ ပင်စင်မယူရသေးလို့ ငွေကလေး မစုမိသေးလို့ စသည်ဖြင့် ဆင်ခြေပေး၍မနေသင့်ပါ။ လယ်တီဆရာတော် ဆုံးမသလို -

- ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင် အမိုက်နင့်ပြင်ရှိသေးလိမ့်လား ဖြစ်ကြမည်။

- ခွင့်သာဆဲကမှ မခဲချင်လျှင် အလွဲနင့်ပြင် ရှိးသေးလိမ့်လား ။

- ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနင့်ပြင်ရှိသေးလိမ့်လားဖြစ်ကြပေတော့မည်သာ။ ။

**တက္ကသိုလ်သျှင်သီရိ (မမ္မာစရိယ၊ ဘီအေ)**

www.dhammaransi.com

ဘဝကို အကျိုးရှိရှိ တည်ဆောက်လိုသူများဖတ်ဖို့
ဘာသာရေးစာစောင်ကောင်းတစ်ခု
စာတည်းချုပ် ရတနာရွှေမန်း
တည်းဖြတ်၍ . . .

မြတ်ပန်းရဂုံ ဦးခင်မောင်ဦး စီစဉ်ထုတ်ဝေသည့်

# မြတ်ပန်းရဂုံ

## ရုပ်စုံမဂ္ဂဇင်း

လစဉ်ထုတ် ကို

အမြို့မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူဖတ်ရှုနိုင်ပါသည်။

www.dhammaransi.com



တက္ကသိုလ် ချင်သီရိ (ဓမ္မာစရိယ၊ဘီအေ)

# ကြော့ပါစေ အမျှဝေ၏